# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် | ၂၀၁၅ ခုနှစ်၊ မေ ၈ ရက်၊ သောကြာနေ့၊ | အတွဲ [၅၄]၊ အမှတ် [၂၁၅]


ဒါန၌ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း

လှူဒါန်းခြင်းသည်

မြတ်သောမင်္ဂလာ မည်၏။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဓမ္မောဒယပရိယတ္တိ စာသင်တိုက် ပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒေယျအား ဖူးမြော်ကြည်ညိုစဉ်။ (ဓာတ်ပုံ-မြန်/ဆက်)

**နေပြည်တော် မေ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဦးမြင့်လှိုင်၊ ဦးညဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးခင်ရီ၊ ဦးဝင်းမြင့်၊ ဦးဝင်းရှိန်၊ ဦးသန်းငွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာခဲ့ကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သန်းထွန်းဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊

စာမျက်နှာ ၃ ကော်လံ ၁ ■

**ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း လုပ်ငန်းသဘောတူစာချုပ် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ချုပ်ဆိုနိုင်ရန် ဆောင်ရွက်သွားမည်**

စာမျက်နှာ-၁၀

**ထိန်းချုပ်မှုလွတ်ထွက်သွားသော ရုရှားအာကာသယာဉ် သောကြာနေ့တွင် ကမ္ဘာမြေသို့ ကျဆင်းလာမည်**

စာမျက်နှာ-၁၁

# ငြိမ်းချမ်းရေး၊ ပြန်လည်ရင်ကြားစေ့ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေး၊ လူ့အခွင့်အရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့မှ သင်ခန်းစာကောင်းများ မြန်မာရရှိနိုင်ဟု အီးယူသံအမတ်ကြီး ပြောကြား

**ရန်ကုန် မေ ၇**

သတင်း-ခင်ရတနာ ➤ ဓာတ်ပုံ-မေဦးမိုး

အီးယူ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများမှတစ်ဆင့် ဒီမိုကရေစီဖော်ဆောင်ရာတွင် အခြေခံကျသောအချက်များနှင့် နိုင်ငံ့ဖွဲ့စည်းမှုပုံစံများကို ကောင်းသော အပြောင်းအလဲအဖြစ် မြင်တွေ့ကြရမည်ဖြစ်ကြောင်း အီးယူ၏ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာက ပြောကြားသည်။

မေ ၉ ရက်တွင် ကျရောက်မည့် ဥရောပသမဂ္ဂနေ့ အထိမ်းအမှတ် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးဆိုင်ရာ အခမ်းအနားများကို အီးယူနိုင်ငံများတွင် ကျင်းပသကဲ့သို့ မြန်မာနိုင်ငံဆိုင်ရာ အီးယူရုံးတွင်လည်း အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီကကျင်းပရာ အီးယူ၏ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာက ပြောကြားခဲ့ခြင်း ဖြစ်သည်။

"အဖွဲ့အစည်းတိုင်း နိုင်ငံတိုင်းမှာ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်းချမ်းမှု မရရှိသရွေ့ ပဋိပက္ခတွေ အဆုံးသတ်နိုင်မှာ မဟုတ်သလို ပဋိပက္ခတွေ အဆုံးမသတ်နိုင်သေးသရွေ့ ဒီမိုကရေစီရရှိနိုင်မှာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံအနေနဲ့ ကျွန်တော်တို့ အီးယူနဲ့ အဖြစ်အပျက်ချင်းဆင်တူတာကြောင့်

စာမျက်နှာ ၉ ကော်လံ ၁ ◆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အများပိုင်ခရီးသည်ပို့ဆောင်ရေး

ရန်ကုန်မြို့ပေါ်တွင် လူဦးရေခုနစ်သန်းကျော် နေထိုင်လျက်ရှိရာတွင် လူဦးရေနှစ်သန်းခွဲခန့်မှာ နေ့စဉ်နှင့်အမျှ ခရီးသွားလာနေကြရသည်။ ရထားစီး၍တစ်ဖုံ၊ ဘတ်စ်ကားစီး၍တစ်သွယ်၊ သင်္ဘော၊ စက်လှေသမ္ဗန်စီး၍တစ်နည်း ခရီးသွားလာနေကြသည်။ အများစုမှာ ဘတ်စ်ကားစီးခရီးသည်များဖြစ် ကြသည်။ ခရီးတို၊ ခရီးရှည်၊ ခရီးလတ်ဘတ်စ်ကားကို အားထားနေကြရသည်။

လွန်ခဲ့သောသုံးနှစ်တာကာလအတွင်း ရန်ကုန်မြို့ခရီးသည်ပို့ဆောင်ရေးတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သော စစ်ကျန်ဘတ်စ်ကားများနေရာတွင် စီးတီးဘတ်စ်များနှင့်အစားထိုးနိုင်ခဲ့သော်လည်း ခရီးသွားပြည်သူများအတွက် နိုင်ငံတကာအဆင့်မီ ကောင်းမွန်သောဝန်ဆောင်မှုခရီးသည် ပို့ဆောင်ရေးဖြစ်လာရန် ရုန်းကန်နေကြရဆဲဖြစ်သည်။ ယာဉ်ပိုင်ရှင်အချို့၏ အတ္တ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့၏လောဘများအကြား ခရီးသည်များသည် မွန်းကျပ်နေဆဲဖြစ်သည်။ နေ့စဉ်နှင့်အမျှ လိုရာခရီးသို့ ရောက်ဖို့ရန် မိနစ်ပေါင်းများစွာကားပေါ်တွင် အချိန်ကုန်ခဲ့ရသည်။ အလုပ်လုပ်ရသည်မှာ မပင်ပန်းဘဲ ဘတ်စ်ကားစီးရသည်မှာ လွန်စွာပင်ပန်းကုန်ကြ၏။ ဘတ်စ်ကားမှတ်တိုင်များတွင် အချိန်ကြာမြင့်စွာစောင့်ဆိုင်းခြင်း၊ ခရီးသည်များအဆမတန်တင်ဆောင်ခြင်း၊ ယာဉ်စီးခများပိုမိုတောင်းခံခြင်းတို့ကြောင့် ခရီးသွားပြည်သူများမှာ နေ့စဉ်နှင့်အမျှ စိတ်ပျက်ဖွယ်ရာများနှင့် ကြုံတွေ့နေကြရ၏။

ထို့ကြောင့်လည်း ရန်ကုန်မြို့၌ အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့်အများပြည်သူ ယုံကြည်အားထားရသည့် ဘတ်စ်ကားစနစ်ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီကို နိုင်ငံတော်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းမှု (Public-Private-Partnership-PPP) ပုံစံဖြင့် အများပိုင်ကုမ္ပဏီအဖြစ် စတင်ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်နေပြီဖြစ်ပါသည်။

ဤအများပိုင်ကုမ္ပဏီအဖြစ် ပေါ်ထွန်းလာခြင်းဖြင့် ရန်ကုန်ခရီးသည်ပို့ဆောင်ရေးကို နိုင်ငံတကာအဆင့်မီ ခရီးသည်ပို့ဆောင်ရေးဖြစ်လာစေရန် ခရီးသွားပြည်သူများက မျှော်လင့်စောင့်စားနေကြသည်။ စရိတ်စက ကုန်ကျမှုသက်သာပြီး ဝန်ဆောင်မှုကောင်းသော ခရီးသည်ပို့ဆောင်ရေးစနစ်ကို ရန်ကုန်ခရီးသွားပြည်သူများက အမြန်ဆုံးလိုလားလျက်ရှိပါသည်။ ရန်ကုန်မြို့တစ်ခွင်ကျယ်ကျယ်ပြန့်ပြန့်ပြေးဆွဲပေးရန် လိုအပ်ပါသည်။ အများပိုင်ဘတ်စ်ကားများအတွက် သီးသန့်လမ်းများသတ်မှတ်၍ ပြေးဆွဲသင့်ပါသည်။

ပုဂ္ဂလိကပိုင်စနစ်မှုစုပေါင်း၍ အများပိုင်စနစ်ကိုချဲ့ထွင်လုပ်ကိုင်လာနိုင်ခြင်းဖြင့် ရန်ကုန်မြို့ခရီးသည် ပို့ဆောင်ရေးသည် တိုးတက်ပြောင်းလဲသွားမည်ဟု ယုံကြည်ရပေသည်။ ဤအများပိုင်ခရီးသည်ပို့ဆောင်ရေးစနစ်သည် နိုင်ငံတော်၊ ပုဂ္ဂလိကနှင့် ခရီးသွားပြည်သူတို့ သုံးဖက်ညီအကျိုးဖြစ်ထွန်းစေမည့် အစီအမံလည်းဖြစ်ပါသည်။ သို့ပါ၍ ဈေးနှုန်းသက်သာပြီး ဝန်ဆောင်မှုကောင်းသော အများပိုင်စနစ်ဖြင့် စီစဉ်ဆောင်ရွက်မည့် ခရီးသွားပို့ဆောင်ရေးစနစ် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် မြန်မာ့အလင်းက တိုက်တွန်းအပ်ပါကြောင်း။ ။

# ရှားပါးသစ်ခွမျိုးစိတ်များကို နော်ဝေနှင့်ပူးပေါင်း၍ မျိုးစေ့ဘဏ်များတွင် ထိန်းသိမ်းမည်

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံအတွင်းရှိ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် ရှားပါးသစ်ခွမျိုးစိတ်များကို ရှာဖွေဖော်ထုတ်သုတေသနပြု စုစည်း၍ ရေရှည်ထိန်းသိမ်းနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံ သုတေသနဌာနများ ပူးပေါင်း၍ မျိုးစေ့ဘဏ်များတွင် ထိန်းသိမ်းသိုလှောင်သွားမည်ဖြစ်ကြောင်း သိရသည်။

နော်ဝေနိုင်ငံ Bioforsk သည် ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အပင်ရောဂါနှင့် ပိုးမွှားဆိုင်ရာစီမံအုပ်ချုပ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းတို့နှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတ ထိန်းသိမ်းရေးကဏ္ဍများတွင် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရန် အကြိုသဘောတူညီချက် (Letter of Intent) ကိုရေးထိုးနိုင်ခဲ့ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းရေးကဏ္ဍတွင် ပါဝင်သည့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းဖြစ်စဉ်မှ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ ထုတ်လွှတ်မှုလျှော့ချခြင်း (REDD+) လုပ်ငန်းစဉ်၊ ရေသယံဇာတများ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် ရှားပါးသစ်ခွမျိုးစိတ်များကို ရှာဖွေဖော်ထုတ်သုတေသနပြု စုစည်း၍ ရေရှည်ထိန်းသိမ်းနိုင်ရန် နော်ဝေနိုင်ငံ သုတေသနဌာနများနှင့် ပူးပေါင်း၍ မျိုးစေ့ဘဏ်များတွင် ထိန်းသိမ်းသိုလှောင်သွားမည်ဖြစ်ကြောင်း‌ဧပြီ ၃၀ က သစ်တောရေးရာဦးစီးဌာန အင်ကြင်းခန်းမ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံ စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာ သုတေသနဌာနတို့ ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင်ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ထည့်သွင်းပြောကြားသည်။

စီမံကိန်းအကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့နည်းစေသည့် လုပ်ငန်းစဉ်များ ဖွံ့ဖြိုးစေရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေးနှင့် လိုက်လျောညီထွေရှိရေးနှင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စသည့် နယ်ပယ်များတွင် လိုအပ်နေသော စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများကို အထောက်အကူရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ချစ်သမီး**



# ယာဉ်အန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှုကျင်းပ

**ရမည်းသင်း မေ ၇**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန(ခရိုင်ရုံး) ရမည်းသင်းက ကြီးမှူးကျင်းပသည့် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ပညာပေးပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက်က ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန(ခရိုင်ရုံး) ရမည်းသင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်သက်လွင်က တတိယအကြိမ်မြောက်ကမ္ဘာလုံးဆိုင်ရာယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများ ရှင်းလင်းပြောကြားပြီး စစ်ဆေးရေးမှူး(၂)နှင့် ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲများကျင်းပခဲ့သည်။ (၀၁၁)




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၀၈၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၁၃-၁၀၁၈ |
| ဥရောပ | တစ်ယူရို | ၁၁၉၀-၁၂၀၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၁၀-၈၁၅ |
| ထိုင်း | တစ်ဘတ် | ၃၀.၂၅-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၅-၁၇ |
| တရုတ် | တစ်ယွမ် | ၁၇၂-၁၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀-၂၉၆ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၇၅၀၀-၁၈၀၀၀ |
| ပေါ်ကွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၇၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၄၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၁၀၀-၂၂၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၂၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၅၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၂၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၁၀၀၀-၁၀၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဧစုတင်ပြသည်။

■ ရှေ့ဖုံးမှ

တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီးသို့ရောက်ရှိပြီး ဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းပြီး ဓမ္မောဒယပရိယတ္တိ စာသင်တိုက်ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဇေယျနှင့် ကျိုင်းယင်း ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မဟာမြတ်မုနိရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ပြီး ရွှေသင်္ကန်းဆက်ကပ်ကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေမာရဋ္ဌဗျာဒိတ်တော်ပေး ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်အားဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကာ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျိုင်းတုံမြို့ ယဉ်ကျေးမှုပြတိုက်အတွင်းရှိ ပြခန်းများအား ကြည့်ရှုစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ယဉ်ကျေးမှုပြတိုက်အတွင်း ပြသထားသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုပြခန်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုပြခန်း၊ တိုင်းရင်းသား တိုင်းရင်းသူများ၏ ရိုးရာအသုံးအဆောင် ပစ္စည်းများပြခန်းတို့ကို ကြည့်ရှုသည်။

အဆိုပါ ယဉ်ကျေးမှုပြတိုက်ကို ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး ပြခန်းများ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ စေတီပုထိုးရုပ်ပွားတော်များ၊ ပါဠိဘာသာ၊ ဂုံရှမ်းဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရေးသားထားသည့် ပဋိကတ်သုံးပုံ၊ တိုင်းနေ၊ တိုင်းလျှံ၊ တိုင်းလုံ၊ ဂုံရှမ်း၊ အာခါ၊ လားဟူ၊ ဝ၊ အင်၊ ဗမာ စသည့် တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံများ၊ ရိုးရာအသုံးအဆောင် ပစ္စည်းများနှင့် လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများကို ပြသထားသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည်အဖွဲ့ဝင်များနှင့်အတူ လွိုင်မွေတောင် စခန်းမြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်၍ ကျိုင်းတုံ-လွိုင်မွေကားလမ်း တိုးတက်ပြင်ဆင်ထားရှိမှု အခြေအနေနှင့် လွိုင်မွေတောင်စခန်းမြို့၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နိုင်မည့် အလားအလာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လွိုင်မွေစတုရဋ္ဌသုမင်္ဂလစေတီတော်ကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ၁၉၁၈ ခုနှစ်က တည်ဆောက်ခဲ့သည့် ကာလ်နယ်ရှူဘယ်၏ ရှေးဟောင်းနေအိမ်အား ကြည့်ရှုရာ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက အဆိုပါ အဆောက်အအုံအား ထိန်းသိမ်းထားရှိမှု၊ ကျိုင်းတုံ-လွိုင်မွေလမ်းပိုင်း ပြုပြင်ဆောင်ရွက်ထားမှုနှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်မည့် အလားအလာများကို ရှင်းလင်းတင်ပြခဲ့သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၁၉၁၈ ခုနှစ်က တည်ဆောက်ခဲ့သည့် ကာလ်နယ်ရှူဘယ်၏ ရှေးဟောင်းနေအိမ်အား ကြည့်ရှုစဉ်။**
(ဓာတ်ပုံ-ပြန်/ဆက်)

# မုတ်သုံဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် မုတ်သုံကာလ(မိုးဦးကာလ) အတွင်း ရာသီဥတုနှင့်အညီ သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်ရွယ်လျက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များကို မှန်ကန်တိကျစွာဖြင့် ပြည်သူများကို ဖြန့်ဖြူးပေးနိုင်ရန် ၂၀၁၅ ခုနှစ်အတွက် မုတ်သုံဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို နေပြည်တော်ရှိ တော်ဝင်အေစီအီးဟိုတယ်၌ မေ ၅ ရက်နှင့် ၆ ရက်တို့တွင် ကျင်းပခဲ့သည်။

အဆိုပါ မုတ်သုံဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ထိုင်းနိုင်ငံအခြေစိုက် ဒေသအတွင်း သဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာန (RIMES) နှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့က ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်စပ်သောအစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မိုးလေဝသဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ၂၀၁၅ ခုနှစ်အတွက် မိုးလေဝသခန့်မှန်းချက်များကို ဆွေးနွေးတင်ပြခြင်း၊ စိုက်ပျိုးရေးအထောက်အကူပြု မိုးလေဝသခန့်မှန်းချက်များ အသုံးပြုခြင်းဆိုင်ရာ သင်တန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ ဆောင်းရာသီကာလအတွင်း မိုးလေဝသနှင့် ဇလဗေဒရာသီဥတုအခြေအနေများကို ဆွေးနွေးသုံးသပ်ခြင်း စသည့်ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံရဲ့ မုတ်သုံရာသီကာလ(မိုးတွင်း)အတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှုအခြေအနေတွေ၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်နိုင်မှုတွေ၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ညောင်ဦးနဲ့ မုံရွာမြို့နယ်များမှာ ရေ့ပြေးစမ်းသပ်ဧရိယာအဖြစ် တောင်ဇင်းနဲ့ လယ်ဇင်းကျေးရွာတွေမှာ တောင်သူအခြေပြု ပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်"ဟု RIMES မှ Country Coordinator ဖြစ်သူ ဦးမောင်မောင်စိုးက ဆွေးနွေးပွဲရလဒ်များကို ရှင်းပြခဲ့သည်။ **သူရဇော်(သတင်းစဉ်)**



# နိုင်ငံတော်၏ ဖွံ့ဖြိုးရေးအလားအလာသည် ဒုတိယမျိုးဆက်လူရည်ချွန်မောင်မယ်တို့၏ စွမ်းဆောင်မှုအပေါ်မူတည်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘက်စုံပညာထူးချွန်လူငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၂ ၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ် စုပေါင်းစခန်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ညစာစားပွဲတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ဘက်စုံပညာ ထူးချွန်သူ လူငယ်မောင်မယ်တို့ကို ပညာရေးဝန်ကြီးဌာနက စိစစ်ရွေးချယ်ပြီး ချီးမြှောက်ဂုဏ်ပြုသည့်အနေဖြင့် နွေရာသီကျောင်းပိတ်ရက်များအတွင်း ပုဂံ၊ အင်းလေး၊ ငွေဆောင်စသည့် လူငယ်စခန်းအသီးသီးတွင် သွားရောက်အပန်းဖြေ အနားယူစေခဲ့ပါကြောင်း၊ ယင်းလူငယ်စခန်းများမှာပင် လူငယ်မောင်မယ်များ တတ်သင့် တတ်ထိုက်၊ သိသင့်သိထိုက်သည့် ဗဟုသုတဆိုင်ရာ လက်တွေ့စာတွေ့ ပညာရပ်များကို သင်ကြားပြသလုပ်ဆောင်စေခဲ့ပါကြောင်း။

ထို့အပြင် ဒေသအတွင်းမှာရှိသည့် စီးပွားရေးလုပ်ငန်းကြီး၊ လုပ်ငန်းငယ်များနှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝအကြောင်း သိရှိရစေရန် ကွင်းဆင်းလေ့လာ စေခဲ့ပြီးသည့်နောက် ယခု နေပြည်တော်တွင် ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား တက်ရောက်နိုင်ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း ၊ ယခုကဲ့သို့ ဘက်စုံပညာ ထူးချွန်မောင်မယ်များကို ဂုဏ်ပြုချီးမြှင့်ရသည့် နိုင်ငံတော်၏ ရည်ရွယ်ချက်များစွာ ရှိပါကြောင်း၊ လူငယ်မောင်မယ်တို့ကို ရွေးချယ်ပြီး လူငယ်စခန်းများတွင် အတူတကွ သွားရောက်အပန်းဖြေနားနေ လေ့လာစေခြင်းအားဖြင့် ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချပညာရပ်များနှင့်အတူ နိုင်ငံတော်ကို အကျိုးပြုနိုင်သူများ ပေါ်ပေါက်လာစေရန်၊ မှန်ကန်သော ယှဉ်ပြိုင်မှုများဖြင့် ပညာအရည်အသွေး မြှင့်တင်နိုင်ရန်၊ ဒေသန္တရဗဟုသုတရရှိပြီး အများနှင့်စုပေါင်းနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ဖြစ်လာကြစေရန် စသည့် ရည်ရွယ်ချက်များ ဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် ကျန်းမာသန်စွမ်းသည့်၊ ပညာထူးချွန်သည့်၊ ဗဟုသုတပြည့်စုံသည့် လူတော်လူကောင်းများအဖြစ်နှင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် တိုင်းပြည်ကို အလုပ်အကျွေးပြုနိုင်သူများ ဖြစ်လာကြစေရန် ရည်ရွယ်ပါကြောင်း၊ ယနေ့ကမ္ဘာတွင် အေးချမ်းသာယာပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ကြရာတွင် Infrastructure များ အားကောင်းရန် လိုအပ်ခြင်းကို အားလုံးက လက်ခံနေကြပြီ ဖြစ်ပါကြောင်း ။

Hard Infrastructure ဖြစ်သည့် လမ်းများ၊တံတားများ၊ လျှပ်စစ်မီး၊ ရေပို့ဆောင်ရေး၊ ဆက်သွယ်ရေး စသည်များ Soft Infrastructure ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး ၊ အုပ်ချုပ်ရေးစနစ်များနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေး စသည်များနှင့် ပြည့်စုံပါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည် ဖြစ်ကြောင်း၊ ယင်းအခြေခံ အဆောက်အအုံယန္တရားများကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်းဖြင့် ထိန်းသိမ်းကိုင်တွယ်လည်ပတ်နိုင်စေရန် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအား အရင်းအမြစ် များစွာလိုအပ်ပါကြောင်း။

ထို့အပြင် ပခုံးပြောင်းတာဝန်ယူသူ၊ အသိပညာရှင် အတတ်ပညာရှင်လူကြီးများ ဖြစ်လာကြမည့် ယခုထူးချွန်လူငယ်မောင်မယ်တို့၏ အစွမ်းအစ၊ စေတနာ၊ အကျင့်စာရိတ္တနှင့် ကြိုးစား အားထုတ်မှုများပေါ်တွင်လည်း များစွာမူတည်နေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ အဆက်ဆက်က လူငယ်မောင်မယ်တို့ကို လူရည်ချွန်၊ လူရည်မွန်လူတော်လူကောင်းများ ဖြစ်လာစေရန် အစဉ်တစိုက် ပြုစုပျိုးထောင်ပေးခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထူးချွန်လူငယ်စီမံကိန်းကို ယခင်တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၄ ခုနှစ်မှ စတင်ပြီး ၁၉၈၈ ခုနှစ်အထိ ပထမမျိုးဆက်လူရည်ချွန်များကို ချီးမြှောက်အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်ကြောင်း။

အကောင်အထည်ဖော်ခဲ့သည့် (၂၄) နှစ်တာကာလအတွင်း လူရည်ချွန်ပေါင်း ၇၉၀၈ ဦးကို မွေးထုတ်နိုင်ခဲ့ပြီး ၎င်းလူရည်ချွန်များအနေဖြင့် စစ်ဘက်နယ်ဘက်ဆိုင်ရာ အဆင့်မြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ပြီး ထမ်းဆောင်ဆဲ ပုဂ္ဂိုလ်များအဖြစ် ပါဝင်ခဲ့ကြပါကြောင်း၊ ယခုတစ်ဖန် အစိုးရသစ်ကာလ ၂၀၁၃ ခုနှစ်က စတင်ခဲ့သည့် ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းအနေဖြင့် ၂၀၁၅ ခုနှစ်အထိ မွေးထုတ်ပေးခဲ့သည့် ထူးချွန်လူငယ်ပေါင်း ၁၅၆၃ ဦး ရှိပြီဖြစ်ပါကြောင်း၊ အနာဂတ်မြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး အလားအလာသည်လည်း ဒုတိယမျိုးဆက်လူရည်ချွန် လူရည်မွန် မောင်မယ်တို့၏ စွမ်းဆောင်ကြိုးပမ်းမှု အပေါ် မူတည်သွားမည်ဖြစ်ကြောင်း။

ထူးချွန်လူငယ် တစ်ဦးချင်းစီ၏ စွမ်းရည်၊ တစ်ဦးချင်းစီ၏ စွမ်းဆောင်နိုင်မှုများ မြင့်တက်လာစေရန် လိုအပ်သကဲ့သို့ အနာဂတ်ကာလတွင် ပုဂ္ဂိုလ်ရေးအရ တစ်ဦးနှင့်တစ်ဦး ၊ အသင်းအဖွဲ့အရ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချိတ်အဆက်မိမိဖြင့် အရည်အသွေးနှင့် အရေအတွက် ပြည့်စုံသည့် အဖွဲ့အစည်းများအဖြစ် ပူးပေါင်းလုပ်ဆောင်နိုင်ကြရန် အရေးကြီးလိုအပ်ချက်ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အားဖြင့် နိုင်ငံတော်အစိုးရက မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရည်မှန်းပြီး ရေရှည်အကောင်အထည်ဖော်နေသည့် အစီအစဉ်တွင် ယခု ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များအနေဖြင့် အာဆီယံအဆင့်မီ၊ ကမ္ဘာ့အဆင့်မီ ထူးချွန်သူများ၊ အောင်နိုင်သူများဖြစ်လာစေရန် စွမ်းဆောင် ကြိုးပမ်းသွားကြပါဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပုဂံအပန်းဖြေစခန်းမှ ဘက်စုံပညာထူးချွန်လူငယ်တစ်ဦး၊ အင်းလေးအပန်းဖြေစခန်းမှ ဘက်စုံပညာထူးချွန် လူငယ်တစ်ဦးနှင့် ငွေဆောင် အပန်းဖြေစခန်းမှ ဘက်စုံပညာထူးချွန် လူငယ်တစ်ဦးတို့က မိမိတို့၏ စခန်းအတွေ့အကြုံများကို အသီးသီး ရှင်းလင်းပြောကြားပြီး ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများအား ဘက်စုံပညာထူးချွန်လူငယ်များက အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲကျင်းပစဉ် နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက **"ရည်မှန်းချက်ပန်းတိုင်"** သီချင်းဖြင့် လည်းကောင်း၊ ပုဂံအပန်းဖြေစခန်းမှ ဘက်စုံ ပညာထူးချွန် လူငယ်များက **"စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်"** တေးသီချင်းဖြင့် လည်းကောင်း ၊ အင်းလေး အပန်းဖြေစခန်းမှ ဘက်စုံပညာထူးချွန်လူငယ်များက **"နောင်အင်းလေး"** တေးသီချင်းဖြင့် လည်းကောင်း၊ ငွေဆောင်အပန်းဖြေစခန်းမှ ဘက်စုံပညာထူးချွန် လူငယ်များက **"ဧရာဝတီအလှ"** တေးသီချင်းဖြင့် လည်းကောင်း၊ တေးသရုပ်ဖော်အကများဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။

အလားတူ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက တေးသီချင်းနှင့်ယိမ်းအကများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်စုပေါင်းစခန်း ဂုဏ်ပြုညစာစားပွဲတွင် ဘက်စုံပညာထူးချွန်လူငယ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။** (သတင်းစဉ်)

## ဘက်စုံမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်အလုပ်ရုံဆွေးနွေး

**လဲချား မေ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ် ပြည်သူ့ဆေးရုံတွင် ဘက်စုံမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်အလုပ်ရုံဆွေးနွေးပွဲကို မေ ၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇင်မောင်နွယ်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ Rellef International မှ အကြီးတန်းကျန်းမာရေးစီမံကိန်း အရာရှိ ဒေါက်တာဆုဝေမွန်က ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုးရန်ပုံငွေအဖွဲ့ (3MDG Fund ) အကြောင်း မိတ်ဆက်ပြောကြားသည်။

ဆွေးနွေးပွဲကို မေ ၇ ရက်မှ ၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး အာရ်အိုင်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဆီဆိုင်မြို့နယ်၊ မောက်မယ်မြို့နယ်နှင့် လဲချားမြို့နယ်တို့တွင် ကျန်းမာရေးဦးစီးဌာနများနှင့်ပူးပေါင်းကာ ကျန်းမာရေးလုပ်ငန်းများကို ၂၀၁၄ ဒီဇင်ဘာလမှစတင်ကာ ၂၀၁၆ ဒီဇင်ဘာလအထိ ၂၅ လကြာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မေ(iprd)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါကစ္စတန်နိုင်ငံသို့ရောက်ရှိ

**နေပြည်တော် မေ ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဌ General Rashad Mahmood ၏ ဖိတ်ကြားချက်အရ မေ ၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန်ညနေ ၅နာရီ ၁၀ မိနစ်တွင် ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ အစ္စလာမ်မာဘတ်မြို့ရှိ ဘနာဇီယာဘူတို အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့အား ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များကော်မတီ ဥက္ကဌရုံးမှ Lt.Gen. Najib Ullah khan, HI (M)၊ Brig. Gen.Anas၊ Asad၊ Senior Liaison Officer ဖြစ်သူ Brig .Gen. Rehan၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်စစ်သံမှူး Col.Azhar Yasin၊ ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းနိုင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ် ဆန်းဦးလှိုင်နှင့်ဇနီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

**(မြဝတီ)**



# လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံသူ နိုင်ငံသားများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၇**

လူငယ်၊ လူရွယ်များသည် နုပျိုလန်းဆန်းခြင်း၊ တက်ကြွဖျတ်လတ်ခြင်း၊ ခွန်အားပြည့်ဝ၍ ကြံ့ခိုင်ခြင်း၊ စူးစမ်းလေ့လာတတ်ခြင်း၊ စွန့်စားလိုခြင်း၊ အသိပညာ၊ အတတ်ပညာတို့ကို စူးစမ်းလေ့လာတတ်သဖြင့် အသိဉာဏ်ပညာ အားကောင်းခြင်း စသည့် ပင်ကိုအရည်အသွေးနှင့် ပြည့်စုံသည့်သူများဖြစ်ကြောင်း၊ ထိုကဲ့သို့ အရည်အသွေးများနှင့် ပြည့်စုံသည့် လူငယ်လူရွယ်များကို အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်ကောင်းများ၊ ပညာရှင်လောင်းများအဖြစ် နိုင်ငံတော်က အားထားရစမြဲဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ယနေ့မွန်းလွဲပိုင်းတွင် ဇေယျာသီရိဗိမာန်၌ ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ် မောင်မယ်များအား တွေ့ဆုံဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ထည့်သွင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ၂၀၁၅ ခုနှစ် ဘက်စုံပညာ ထူးချွန်လူငယ် မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များသည် ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်က ထုတ်လုပ်သည့်လက်နက်များ၊ ဆက်သွယ်ရေးစက်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝတ်စုံအမျိုးမျိုး၊ တပ်မတော် (ရေ)က ထုတ်လုပ်သည့် ရေယာဉ်များ၏ ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူအသီးသီးက ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ယနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ခေတ်ပြောင်း၊ စနစ်ပြောင်းပြီး ချီတက်နေချိန် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာဝသယံဇာတ အရင်းအမြစ်များ၊ ပထဝီအနေအထားအရ တည်နေရာ အနေအထားကောင်းများ ပိုင်ဆိုင်ထားသဖြင့် အားတက်စရာ အနာဂတ်ကို မျှော်မှန်းနိုင်သည့် နိုင်ငံလည်းဖြစ်ကြောင်း၊ ယခုလို တစ်ဖက်က အခြေအနေကောင်းများ ပိုင်ဆိုင်မှုနှင့်အတူ အခြားတစ်ဖက်တွင်လည်း စိန်ခေါ်မှုများစွာရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအကြောင်းတရားဖြစ်သော နိုင်ငံသူနိုင်ငံသားများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်သမ္မတဦးသိန်းစိန်မှလည်း မေ ၅ ရက်တွင် ဘက်စုံပညာထူးချွန် အပန်းဖြေစခန်း ငွေဆောင်၌ ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ပြည်သူ့ ဆန္ဒနှစ်ရပ်ကို အကောင်အထည်ဖော် ကြိုးပမ်းရာ၌ အစိုးရ၊ လွှတ်တော်၊ တပ်မတော်သာမက ပြည်သူများ၏ စုစည်းစွမ်းအားဖြင့် ဝိုင်းဝန်း ကြိုးပမ်းလျက်ရှိကြောင်း၊ ပြည်သူ့စွမ်းအားတွင် မောင်တို့မယ်တို့ လူငယ်များ၏ အခန်းကဏ္ဍသည် ပိုမိုကြီးမားသည့် အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပါဝင်ကြောင်း မိန့်ကြားသည်ကိုလည်း မှတ်သားနာယူ ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ရွှေဖီဦးအသင့်ဖျော် လက်ဖက်ရည်ထုပ်များနှင့် စားသောက်ဖွယ်ရာများအား လက်ဆောင် ပေးအပ်သည်။

ထို့နောက် ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး မြဝတီတေးဂီတအဖွဲ့မှလည်း တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသည့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယနေ့တွေ့ဆုံသည့် ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များတွင် ၃ နှစ်ဆက်တိုက် ရွေးချယ်ခံရသူ ၃၉ ဦး၊ ၂ နှစ်ဆက်တိုက် ရွေးချယ်ခံရသူ ၁၁၄ ဦး၊ ယခုနှစ် ရွေးချယ်ခံရသူ ၃၇၅ ဦးတို့ အပါအဝင် ဘက်စုံပညာထူးချွန် လူငယ်မောင်မယ် စုစုပေါင်း ၅၂၈ ဦးနှင့် အုပ်ချုပ်သူ နည်းပြ ၇၈ ဦးတို့ တက်ရောက်ကြသည်။

**(မြဝတီ)**



## ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ ဘာစီလိုနာတို့ ဘိုင်ယန်ကို ဂိုးပြတ်အနိုင်ရပြီး ဗိုလ်လုပွဲတက်ရန်အခြေအနေကောင်း

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ ဒုတိယပွဲစဉ်အဖြစ် ဘာစီလိုနာနှင့် ဘိုင်ယန်တို့ မေ ၇ ရက်နံနက်က ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာတို့က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဘာစီလိုနာတို့က အိမ်ကွင်း၌ အနိုင်ရရှိရေး တိုက်စစ်ဖွင့်ကစားသော်လည်း ဘိုင်ယန်တို့က ခံစစ်ဖြင့်သာ ကစားရင်း တစ်ချက်တစ်ချက်သာ ထိုးဖောက်ခဲ့သည်။

ဘိုင်ယန်နည်းပြ ဂွာဒီယိုလာအနေဖြင့် သူ၏ တပည့်ဟောင်းများနှင့် ပြန်လည်ရင်ဆိုင်ရာတွင် ခံစစ်ဖြင့်ကစားရင်း ဂိုးပြတ်မရှုံးရေးကိုသာ ဦးစားပေးခဲ့သဖြင့် ပထမပိုင်းအပြီးတွင် နှစ်ဖက်စလုံး ဂိုးမသွင်းနိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင်လည်း ဘာစီလိုနာတို့သာ ဖိကစားခဲ့ပြီး ဘိုင်ယန်မြူးနစ်တို့ တစ်ခါတစ်ရံမှသာ ထိုးဖောက်နိုင်ခဲ့သည်။ ဘိုင်ယန်တို့ အားထားရသော တောင်ပံကစားသမား ရော်ဘင်မပါနိုင်ခြင်းကလည်း ဘိုင်ယန်တို့အတွက် တိုက်စစ် အားနည်းခဲ့ရသည်။ ၇၇ မိနစ်တွင် မက်စီက ဦးဆောင်ဂိုးသွင်းပြီးနောက် ဘာစီလိုနာတို့ ကစားအားတက်ခဲ့သည်။ မိနစ် ၈၀ တွင် မက်စီကပင် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဘာစီလိုနာအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို မိနစ် ၉၀ တွင် နေမာက သွင်းယူပေးခဲ့သည်။ ဘာစီလိုနာတို့ ယခုပွဲအနိုင်ကြောင့် ဒုတိယအကျော့တွင် ဘိုင်ယန်ကွင်းသို့ သွားရောက်ကစားရာ၌ ဂိုးအသာရထားသဖြင့် ဗိုလ်လုပွဲသို့တက်ရန် အခြေအနေကောင်းသွားသည်။

မေ ၆ ရက်နံနက်က ကစားသည့် ဂျူဗင်တပ်စ်နှင့် ရီးရဲပွဲတွင် ဂျူဗင်တပ်စ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ရီးရဲတို့ ဒုတိယအကျော့အိမ်ကွင်း၌ အနိုင်ရရှိရေး ကြိုးစားရတော့မည်ဖြစ်သည်။

**သီဟ - ရေးသည်**



# ဆေးပညာသတင်းဆန်းများ(၉၈)

ဒေါက်တာ-ကံညွန့်

အဝလွန်သူတွေ၊ ဆီးချိုဝေဒနာရှင်တွေနဲ့ အသက်အရွယ်ကြီးလာသူတွေမှာဖြစ်တတ်တဲ့ Erectile Dysfunction(ED) ခေါ်တဲ့ ပန်းသေပန်းညိုးရောဂါဟာ ကိုယ်လက်လေ့ကျင့်ခန်းမှန်မှန်မပြုလုပ်သူတွေမှာ ပြုလုပ်သူတွေထက်ပိုဖြစ်နိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီတွေ့ရှိချက်ကို ယခင်ကပဲ သုတေသနပညာရှင်တွေ တွေ့ရှိပြီးဖြစ်ပါတယ်။ ယခုတွေ့ရှိချက်က ယခင်တွေ့ရှိချက်ကို ပိုမိုသေချာစေတာကြောင့် ဖော်ပြလိုက်ရတာပါ။ ယခု လေ့လာချက်ကို Los Angeles ကင်ဆာသုတေသနဌာနတစ်ခုက ဦးဆောင်ပြုလုပ်ခဲ့တာဖြစ်ပြီး သူတို့ဟာ North Carolina က Durham Veterans Affair Medical Centre မှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒီလေ့လာချက်မှာ အသက် (၆၂ နှစ်) ကျော် အမေရိကန်နှင့် အာဖရိကန်-အမေရိကန်လူမျိုး ၂၉၅ ဦး ပါဝင်ခဲ့တယ်။ သူတို့အထဲက လေးပုံသုံးပုံခန့်ဟာ ဆေးလိပ်သောက်သူတွေဖြစ်ပြီး အဝလွန်သူ၊ ဆီးချိုရှိသူနှင့် နှလုံးသွေးကြောရောဂါရှိကြသူတွေလို့ ဆိုပါတယ်။ ဒီလူတွေအားလုံးဟာ Erectile Dysfunction(ED) လို့ခေါ်တဲ့ ပန်းသေပန်းညိုးရောဂါခံစားနေရသူတွေဖြစ်တယ်။ သူတို့ကိုလိုအပ်တဲ့ကုသမှုတွေအပြင် သူတို့နေ့စဉ်လုပ်တဲ့ Exercise ကိုယ်လက်လှုပ်ရှားမှုကိုလည်း Metabolic Equavalent of Task Hour per Week (MET Hr/Week) နဲ့တွက်ပြီး လေ့လာစောင့်ကြည့်ခဲ့တာဖြစ်တယ်။ ယင်းအထဲက ကိုယ်လက်လှုပ်ရှားမှု အတက်ကြွဆုံးဖြစ်တဲ့ လူ ၂၆ ရာခိုင်နှုန်းမှာ ED အခြေအနေ သိသိသာသာတိုးတက်လာတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ED ရောဂါခံစားနေကြရတဲ့ သက်ကြီးရွယ်အိုတွေ၊ ဆီးချိုဝေဒနာရှင်တွေနဲ့ အဝလွန်သူတွေကို ကိုယ်လက်လှုပ်ရှားမှု ပိုမိုပြုလုပ်ပေးဖို့ တိုက်တွန်းရပါတယ်။

### မျက်ကပ်မှန်တပ်ဆင်သူတွေ Eye Liner လုံးဝအသုံးမပြုသင့်

တချို့အမျိုးသမီးတွေ မျက်နှာမှာအလှပြင်တာမှာ Eye Liner ဆွဲကြတာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒီလိုဆွဲကြတာမှာ မျက်တောင်မွေးရဲ့အပြင်ဘက်မှာ ဆွဲကြသလို တချို့ကလည်း မျက်တောင်မွေးရဲ့အတွင်းဘက်မှာ မျက်လုံးနဲ့ ပိုမိုနီးကပ်စွာ ဆွဲတတ်ကြပါတယ်။ ဒီလိုဆွဲကြတာမှာ မျက်တောင်မွေးရဲ့အတွင်းဘက်မှာ ဆွဲတာဟာ မျက်စိကို Eye Liner အမှုန်တွေနဲ့ မိတ်ကပ်အမှုန်တွေဝင်နိုင်တာကို ဗီဒီယိုနှင့်မှတ်တမ်း တင်ထားတဲ့ ဗီဒီယိုမှတ်တမ်းတစ်ခုပေါ်လာပါတယ်။ ဒါဟာ Eye Liner ဆွဲတာဟာ မျက်စိမှာ ဘယ်လိုအန္တရာယ်ရှိနိုင်တယ်ဆိုတာ အထောက်အထားပြုတဲ့ ပထမဆုံးမှတ်တမ်းပါ။ ဒီမှတ်တမ်းကိုတော့ ကနေဒါနိုင်ငံ Water Loo University က သူရဲ့ Postdoctoral Fellow ဘွဲ့အတွက် ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ သူဟာ ဝေလပြည်နယ် Cardiff University မှာရှိတဲ့ School of Optometry and Vision Science မှာ ဒီလေ့လာချက်ကို ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ သူ့လေ့လာချက်မှာ အသက် ၂၆ နှစ်က ၃၀ အရွယ်အမျိုးသမီးတွေကို အုပ်စုနှစ်စုခွဲပြီး Eye Liner ကို မျက်တောင်အမွေးအတွင်းပိုင်းနှင့် အပြင်ပိုင်းနှစ်မျိုးခွဲပြီး စမ်းသပ်ခဲ့ပါတယ်။ ဒီလိုစမ်းသပ်ရာမှာ မျက်တောင်မွေးအတွင်းမှာ Eye Liner ဆိုးသူတွေမှာ မျက်ကပ်မှန်၊ မျက်ကြည်လွှာပေါ်က Tear Film ခေါ်တဲ့ မျက်ရည်လွှာနှင့် မျက်စိအပေါ်လွှာမှာ Eye Liner အမှုန်တွေဝင်နေတာကို ထင်ရှားစွာပြနိုင်ခဲ့ပါတယ်။ ဒါကြောင့် အမျိုးသမီးတွေ အထူးသဖြင့် မျက်ကပ်မှန်တပ်ဆင်သူတွေဟာ Eye Liner ကို လုံးဝအသုံးမပြုသင့်ဘဲ အသုံးပြုချင်ပါက မျက်တောင်အတွင်းပိုင်း မျက်လုံးနှင့်နီးကပ်စွာမဆိုးသင့်ကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။

### နှလုံးသွေးကြောကျဉ်းရောဂါဖြစ်လာနိုင်ခြေ ရှိ/မရှိ စမ်းသပ်နိုင်

နှလုံးသွေးကြောကျဉ်းရောဂါကို စောစီးစွာသိနိုင်ဖို့ Angiogram ခေါ်တဲ့ သွေးထဲကို Dye ထိုးပြီး စမ်းသပ်တဲ့နည်း Lipid Profile ခေါ် အဆီဓာတ်အမျိုးမျိုးစမ်းသပ်နည်း၊ Cardiac Troponin, Serum Caeatine Kinase Enzyme စမ်းသပ်နည်းတွေနဲ့ စမ်းသပ်ခဲ့ကြတာပါ။ ယခုတော့ ဒီလိုနှလုံးသွေးကြောကျဉ်းရောဂါဖြစ်လာနိုင်ခြေ ရှိ/မရှိ စောစီးစွာစမ်းသပ်နိုင်မယ့် လွယ်ကူတဲ့ Blood Test တစ်ခုပေါ်လာပါပြီ။ ဒါကို အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးကလည်း လုပ်ဖို့ခွင့်ပြုလိုက်ပါပြီ။ ဒါကတော့ နှလုံးသွေးကြောမကျဉ်းမီ သွေးကြောနံရံတွေမှာ ရောင်ရမ်းမှု ဦးစွာဖြစ်တတ်ပါတယ်။ ရောင်ရမ်းတာဖြစ်ပြီးမှ Cholestrol Deposit တွေက အဲဒီမှာကပ်ငြိပြီး Plaque ဖြစ်ကာ သွေးကြောကျဉ်းသွားရတာပါ။ ဒါတွေမဖြစ်ခင် ရောင်ရမ်းမှုစဖြစ်စေဖို့သွေးထဲမှာ Lipo Protein Associated Phospholipase A2 Enzyme(LP-PLA2) ပေါ်လာတတ်ပါတယ်။ ဒီ Enzyme ပေါ်လာတာနဲ့ ဒီလိုသွေးကြောကျဉ်းရောဂါစဖြစ်နိုင်တော့မယ်ဆိုတာ ခန့်မှန်းနိုင်တယ်လို့ဆိုပါတယ်။ တချို့လူနာတွေဟာ Cholestrol ဓာတ်သိသိသာသာမမြင့်ဘဲ သွေးကြောကျဉ်းရောဂါဖြစ်တတ်တာကြောင့် Cholestrol တစ်ခုကိုသာစမ်းပြီး သွေးကြောကျဉ်းရောဂါ ရှိ/မရှိ မခန့်မှန်းသင့်ဘူး။ အခုပေါ်လာတဲ့ LPPLA2 Enzyme စစ်ဆေးခြင်းကသာ ကြိုတင်သိနိုင်တဲ့နည်းဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

### အဝလွန်ကလေးမလေးတွေ သွေးတိုးရောဂါ စောစီးစွာဖြစ်တတ်

ပုံမှန်အားဖြင့် အမျိုးသမီးတွေမှာ အပျိုဖော်ဝင်တာကို ရာသီစပေါ်တဲ့အချိန်နဲ့ သတ်မှတ်ထားတာပါ။ အများအားဖြင့် ၁၂၊ ၁၃၊ ၁၄ နှစ်အရွယ်ဟာ အပျိုဖော်ဝင်တတ်ကြပါတယ်။ အခုလေ့လာချက်တစ်ခုအရ စောပြီးအပျိုဖော်ဝင်သူတွေနဲ့ နောက်ကျပြီး အပျိုဖော်ဝင်သူတွေဟာ ပုံမှန်ဝင်သူတွေထက် နှလုံးနှင့်ပတ်သက်တဲ့ ရောဂါပိုဖြစ်နိုင်ခြေရှိတယ်ဆိုတဲ့ လေ့လာချက်တစ်ခုအကြောင်းပါ။ ဒါကိုတော့ Oxford University က ဆေးပညာရှင်တွေလေ့လာခဲ့တာ ဖြစ်ပါတယ်။ သူတို့ဟာ ကြီးမားတဲ့လေ့လာချက်တစ်ခုကိုပြုလုပ်ပြီးမှ ဒီအဖြေကို ရခဲ့ကြတာဖြစ်ပါတယ်။ ယင်းလေ့လာချက်မှာ အမျိုးသမီးပေါင်း တစ်သန်းကျော် ပါဝင်ခဲ့တယ်။ ဒီတွေ့ရှိချက်အရ အသက်(၁၀)နှစ်နှင့်အောက် အပျိုဖော်ဝင်သူတွေရဲ့ ၂၇ ရာနှုန်းဟာ နှလုံးရောဂါဖြစ်ကြရပြီး အသက် ၁၇ နှစ်နှင့် ၎င်းအထက်မှ အပျိုဖော်ဝင်သူတွေရဲ့ ၁၆ ရာနှုန်းဟာ လေဖြတ်ရောဂါကို ခံစားကြရပြီး ၂၀ ရာခိုင်နှုန်းဟာ သွေးတိုးရောဂါကြောင့် ဆေးရုံတင်ခဲ့ကြရတယ်လို့ဆိုပါတယ်။ စောစောအပျိုဖော်ဝင်တဲ့မိန်းကလေးတွေဟာ အဝလွန်တဲ့ ကလေးမလေးတွေဖြစ်ခဲ့ကြပြီး သူတို့ငယ်စဉ်ကပင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါတို့ကို ပုံမှန်လူတွေထက် စောစီးစွာ ဖြစ်တတ်ကြတယ်လို့ဆိုပါတယ်။ ဒါကြောင့် မိဘတွေဟာ ကလေးတွေငယ်စဉ်ကပဲ အဝမလွန်အောင် စောင့်ရှောက်ကြဖို့နဲ့ မိမိရဲ့သမီးဘယ်အရွယ်မှာ အပျိုဖော်ဝင်သလဲဆိုတာကို မှတ်တမ်းမှတ်ရာနှင့် မှတ်သားထားသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

### လူ့ခန္ဓာကိုယ်ပုံစံကိုဖြစ်စေတဲ့ Gene တစ်မျိုးကိုရှာတွေ့

ယခုဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ လူ့ခန္ဓာကိုယ်ပုံစံကိုဖြစ်စေတဲ့ Gene တစ်မျိုးကို ရှာတွေ့ပြီဆိုတဲ့သတင်းပါ။ ဒီလိုတွေ့ခဲ့သူတွေကတော့ Duke University က ဆေးပညာရှင်တွေဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို US Journal Proceedings of the Naitonal Academy of Sciences မှာ ဖော်ပြထားတာပါ။ သူတို့ဟာ Plexin D1 လို့အမည်ပေးထားတဲ့ Gene ကို တွေ့ရှိခဲ့တာဖြစ်ပြီး ဒီ Gene ဟာ လူတွေရဲ့ Fat Cell ပုံစံကိုထိန်းတဲ့ Gene ဖြစ်တယ်လို့ဆိုပါတယ်။ ဒီ Gene ဟာလူတစ်ယောက်ရဲ့ အဝလွန်နေမှုပုံစံကိုလည်း ဖြစ်စေတယ်လို့ဆိုပါတယ်။ ဒီ Gene တွေရှိတာဟာ လူတွေမှာဖြစ်နေတဲ့ အဝလွန်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် နှလုံးသွေးကြောရောဂါတို့ကို ကာကွယ်ဖို့အထောက်အကူပြုလိမ့်မယ်လို့ဆိုပါတယ်။ ယခုအခါ ဒီ Gene နဲ့ ပတ်သက်ပြီး ထပ်မံလေ့လာရဦးမှာဖြစ်ပေမယ့် ကနဦး စမ်းသပ်မှုပြုလုပ်ခဲ့ Zabrafish နှင့်ကြွက်ငယ်လေးတွေမှာတော့ ဒီPlexin D1 ရဲ့အဝလွန်မှုအပေါ် ထိရောက်မှုရှိပုံကို သေချာတွေ့နိုင်ခဲ့တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

### တီဘီရောဂါရှင်အသစ်တွေ နေ့စဉ်ရှိနေ

ပြည်တွင်းစစ်၊ ပြည်ပစစ်ဘယ်စစ်မျိုးပဲဖြစ်ဖြစ် တစ်ခုခုဖြစ်ပွားနေမှုဟာ အဲဒီဒေသကလူတွေရဲ့ကျန်းမာရေးအခြေအနေထိခိုက်စေနိုင်တယ်ဆိုတဲ့ သတင်းတစ်ပုဒ်ပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ယူကရိန်းနိုင်ငံက ကျန်းမာရေးအခြေအနေကိုတင်ပြထားတဲ့သတင်းပါ။ ယူကရိန်းနိုင်ငံဟာ ရုရှားက ခွဲထွက်ထားပြီး နိုင်ငံငယ်လေးတစ်ခုပါ။ ယခုအခါ ရုရှားလိုလားသူအုပ်စုနှင့် စစ်တိုက်နေရတာပါ။ ဒီဒေသမှာရှိတဲ့ လူဦးရေ ၅ ဒသမ ၁ သန်းထဲက ၁ ဒသမ ၄သန်းခန့်ဟာ စစ်ဘေးစစ်ဒဏ်ကြောင့် လျှပ်စစ်မီးမရတာ၊ အစားအစာလုံလောက်စွာ မရရှိနိုင်တာ၊ ဆေးဝါးလုံလောက်စွာမရရှိနိုင်တာနှင့် ဆေးဝါးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုမရရှိနိုင်တာတို့ ဖြစ်နေကြပါတယ်။ အထူးသဖြင့် ကရိုင်းမီးယားဒေသ၊ Donetsk နှင့် Luhansk မြို့တွေမှာ နေထိုင်သူတွေ ပိုပြီးဒုက္ခရောက်နေရတာဖြစ်ပါတယ်။ စစ်ဘေးစစ်ဒဏ်ကြောင့် ယခုနှစ် ဇန်နဝါရီလကုန်ထိ လူပေါင်းခြောက်ထောင်ကျော်သေဆုံးခဲ့ရပြီး တစ်သောင်း ကျော် ဒဏ်ရာရရှိခဲ့တယ်လို့ဆိုပါတယ်။ ဆေးဝါးလုံလောက်စွာ မရရှိတဲ့အတွက် ကလေးငယ်ပေါင်းများစွာဟာ နာမကျန်းဖြစ်နေပြီး Measles နှင့် Polio ကာကွယ်ဆေးတွေကို ထိုးခွင့်မရဖြစ်တယ်လို့ဆိုပါတယ်။ AIDS ဝေဒနာရှင် ၃၂၅၀၀ ခန့်ဟာလည်း ဆေးဝါးမှန်ကန်စွာမရနိုင်တာကြောင့် ဒုက္ခရောက်နေကြရပြီး တီဘီရောဂါရှင်အသစ်တွေ နေ့စဉ်ရှိနေပြီး ဒီဝေဒနာရှင်တွေထဲမှာ ၄၀ ရာခိုင်နှုန်းဟာဆေးကို မှန်မှန်မသောက်ရတဲ့အတွက် ဆေးယဉ်ပါးတီဘီ Multiple Drug Resistant(MDR) တွေဖြစ်နေကြပြီလို့ ဆိုပါတယ်။ ဒါကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ရဲ့ ယူကရိန်းနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Dr.Dorit Nitgan ရဲ့အစီရင်ခံစာကို တင်ပြလိုက်ရတာဖြစ်ပါတယ်။ စစ်ဟာလူသားတွေရဲ့ကျန်းမာရေးကို ဘယ်လိုထိခိုက်စေတယ်၊ ငြိမ်းချမ်းရေးဟာ လူသားတွေရဲ့ကျန်းမာရေးကို အထောက်အကူပြုတယ်ဆိုတဲ့ နမူနာတစ်ခုအဖြစ် တင်ပြရပါတယ်။


## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန
## လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

| | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Lens 18mm to 200mm(VR-II)Nikon | 3 Nos |
| ၂။ | Flash Gun(SB-700)Nikon | 3 Nos |
| ၃။ | Rode Video MIC Directional Video Condenser Microphone W/Mount & Shoe Mount Adapter for Sony DLSR Camera | 3 Nos |
| ၄။ | UPS(Power Tree)650 VA | 50 Nos |
| ၅။ | Telephone Set ID(Caller) | 50 Nos |
| ၆။ | Tele Wide Zoom 80 to 400mm | 2 Nos |
| ၇။ | Flash Gun HVLF-20m for Sony Camera ILCE-7 | 40 Nos |
| ၈။ | Digital Camera D-7100 Body Only Nikon | 3 Nos |
| ၉။ | Digital Camera Sony ILCE-7,24.3 Megapixel 35mm Full-Frame Exmor | 40 Nos |
| ၁၀။ | Digital Camera Nikon D-810 Body Lens-28 to 300 VR 2 Flash Gun-910 | 6 Nos |
| ၁၁။ | Camera Recorder Panasonic HD(AVCHD) Camcorde Box | 20 Nos |
| ၁၂။ | LCD Projector Shot Throw with Tripod Screen (90"x90")Lumens 4000 Panasonic | 9 Nos |
| ၁၃။ | Conference Mic System Meeting Room(TOA) | 1 No |
| ၁၄။ | Post Production Work Station | 2 Nos |
| ၁၅။ | Dolby Digital Sound System (7.1)Brand (750) | 1 No |
| ၁၆။ | Camera HD Sony Cine Alta 4 K PMW-F5 | 1 No |
| ၁၇။ | Digital Recorder Sony ICD SH-1000 | 2 Nos |
| ၁၈။ | Personal Computer<br>Core i7 3.4,(8MB/1150)<br>H9Z(1150/DDR3),8 GB(DDR3)<br>2TB,GT 630(DDR3)128 bit with DVI/HDMI Output<br>21.5"/22" LED DVI/IIDMI<br>24xDVD Writer<br>Speaker,keyboard,Mouse<br>UPS-Power Tree 650 VA | 79 Nos |
| ၁၉။ | Digital Multifunction Copier A3 Size(Konica)<br>600x600 dpi<br>Resolution 32 MB<br>250 Sheet Paper Tray | 45 Nos |
| ၂၀။ | Laser Printer(A4)LBP 2900B Canon | 80 Nos |
| ၂၁။ | Roll Paper Fax Machine A4 Panasonic | 160 Nos |
| ၂၂။ | Scanner A4 EPSON | 60 Nos |
| ၂၃။ | Duplo(Dp-A100)<br>300x360 dpi<br>90 Print Per Minute | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၅-၂၀၁၅ရက်မှ ၁၀-၆-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၆-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ

**တင်ဒါတင်သွင်းရန်လိပ်စာ**

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆**

**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**



## ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀၃) ကျောင်းဆင်းအရာရှိများ
## နှစ်ပတ်လည်နေ့ ဆွမ်းကျွေးဖိတ်ကြားလွှာ

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၃) သူရတပ်ခွဲ၏ ကျောင်းဆင်းသူငယ်ချင်းများ၏ ၅-၅-၂၀၁၅ရက်တွင် ကျရောက်သည့် (၁၅)နှစ်ပြည့် နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲကို နေပြည်တော် မန္တလေး-ယူနန် စားသောက်ဆိုင်တွင် တွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။

တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကျဆုံးသွားသော သူငယ်ချင်းများနှင့် သေဆုံးသွားသော သူငယ်ချင်းများအတွက်ရည်စူး၍ ၉-၅-၂၀၁၅ရက် (စနေနေ့)တွင် ပျဉ်းမနားမြို့၊ ဈေးကုန်းကျောင်းတိုက်၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး အမျှအတန်းပေးဝေမည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ - ဦးမြင့်ကျော် ဖုန်း-၀၉-၅၀၃၄၅၀၈**
**ဦးထွန်းလင်းဦး ဖုန်း-၀၉-၄၉၂၂၄၇၉၃**
**ဦးစိုးမင်းကျော် ဖုန်း-၀၉-၅၁၀၃၉၁၀**





**အမည်ပြောင်း**

ဦးချစ်ဦး၏သမီး ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့ အထက (၁) ပဋ္ဌမတန်းမှ မရေဝတီအား ယနေ့မှစ၍ မယွန်းမီမီထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မယွန်းမီမီထွန်း**

# ဆင်းရဲသောပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအကာအကွယ်ပေးရေးဆောင်ရွက်



**နေပြည်တော် မေ ၇**

ကျန်းမာရေးစောင့်ရှောက်မှု ပေးသောနေရာတွင် ကုန်ကျစရိတ်များ ရှိနေမည်ဖြစ်ပြီး ယင်းကုန်ကျစရိတ်ကို ကျန်းမာရေးအသုံးစရိတ် (Total Health Expenditure) ဟုခေါ်ဆိုကြောင်း၊ အဆိုပါကုန်ကျစရိတ်များတွင် နိုင်ငံတော်မှ ထည့်ဝင်သောကုန်ကျစရိတ်နှင့် ပြည်သူမှ သုံးစွဲသည့်ကုန်ကျစရိတ် ဟု နှစ်ပိုင်း ပါဝင်ပါကြောင်း၊ နိုင်ငံတော်မှ ထည့်ဝင်သောကုန်ကျစရိတ်မှာ ကျန်းမာရေးဘတ်ဂျက် ဖြည့်ထည့်ဝင်မှုပုံစံနှင့် အခွန်အကောက်များမှ ထည့်ဝင်မှုပုံစံဟူ၍ နှစ်မျိုးရှိကြောင်း၊ ပြည်သူမှ သုံးစွဲသည့်ကုန်ကျစရိတ်အပိုင်းတွင် Direct Payment ပုံစံနှင့် Deferred Payment or Third Party Payment ဆိုသည့် (Insu- rance) ပုံစံနှစ်မျိုးရှိကြောင်း ရှင်းလင်းပြောကြားပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသုံးစရိတ်လေ့လာ သုံးသပ်မှုဝါဒချမှတ် အကောင်အထည်ဖော်ရေး အထူး လုပ်ငန်းအဖွဲ့အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းလမ်းညွှန်အဖြစ် ပြည်သူများ၏ Consumer Direct Payment၊ တစ်နည်းအားဖြင့် Out of pocket payment ကျဆင်းရေး၊ ပြည်သူများ၏ Health Financing Burden လျော့ကျရေး၊ Catastrophic Ex- penditure မဖြစ်စေရေးနှင့် ဆင်းရဲသော ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အကာအကွယ်ပေးရေး Protection for the Poor ဆိုသည့် အချက်သုံးချက်ကို ဦးတည်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း၊ ယနေ့နံနက် ၁၁ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအသုံးစရိတ် လေ့လာသုံးသပ်မှုဝါဒချမှတ် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့၏ (ပထမအကြိမ်) ညှိနှိုင်းအစည်းအဝေးတွင် အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသုံးစရိတ် လေ့လာသုံးသပ်မှုဝါဒချမှတ် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးက နိုင်ငံ့ဝန်ထမ်းများအား ဆေးကုသမှု အစီအစဉ်ကို ရှင်းလင်းတင်ပြရာတွင် နိုင်ငံ့ဝန်ထမ်းများ ဆေးဝါးကုသမှုအတွက် ကုန်ကျစရိတ်များကို ငွေစာရင်းခေါင်းစဉ် (၀၃၁၆) ဆေးဝါးကုသစရိတ်မှ ကျခံသုံးစွဲရမည်ဖြစ်ကြောင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆေးဝါးကုသစရိတ်အတွက် ပုံမှန်လျာထားငွေကျပ် ၅၂၁ ဒသမ ၃ သန်းနှင့် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ဝန်ထမ်း ၉၃၇၉၂၇ ဦးအတွက် ၃၇၄၉၁ ဒသမ ၈၈၀ သန်းလျာထားကြောင်းနှင့် အဆိုပါ ငွေစာရင်းခေါင်းစဉ် ဆေးဝါးကုသစရိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသုံးစရိတ်လေ့လာ သုံးသပ်မှုဝါဒချမှတ် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့မှ ဝိုင်းဝန်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကြပြီးနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**



မေ ၆ ရက်က မြန်မာ့အလင်းသတင်းစာ၏ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့မှ ဆေးကုသမှုခံယူနေသောအဖွဲ့ဝင် တွံတေးမြို့နယ် သတင်းထောက် ဦးကျော်သန်းအား အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်၊ အတွင်းရေးမှူး ဦးတင်ဝင်းလေး၊ အလုပ်အမှုဆောင် ဦးမြင့်အောင်၊ ဦးဇော်ဝင်းမြင့်တို့က တွံတေးမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ ကျန်းမာရေးစရိတ်ထောက်ပံ့ပေးအပ်စဉ်။

တင်ဝင်းလေး( ကြည့်မြင်တိုင်)

# အငြိမ်းစားယူ ပညာရေးဝန်ထမ်းလေးဦးအား ဂုဏ်ပြုနှုတ်ဆက်ဂါရဝပြု

**ပြင်ဦးလွင် မေ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အမက (၁၀) ခန်းမ၌ မေ ၆ ရက် နံနက်က အငြိမ်းစားယူသွားသော ပညာရေးဝန်ထမ်းလေးဦးအား ဂုဏ်ပြုခြင်းအခမ်းအနား တစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသည် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ပြင်ဦးလွင်ခရိုင်အတွင်းရှိ ပညာရေးဌာနမှ ဝန်ထမ်းတစ်ဦးစီက အငြိမ်းစားယူသူ ဝန်ထမ်းတစ်ဦးအတွက် တစ်လ ငွေကျပ် ၁၀၀၀ စီထည့်ဝင်ခြင်းဖြင့် နှုတ်ဆက်ဂါရဝပြုခြင်းဖြစ်ကြောင်း၊ လစဉ်ပညာရေးဌာနမှ ဝန်ထမ်းများအနက် အသက် (၆၀) ပြည့် ပင်စင်ခံစားကြသော ဝန်ထမ်းများကို ဂုဏ်ပြုနှုတ်ဆက်ပွဲ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ ယခုလတွင် အငြိမ်းစားယူသူ ပညာရေးဝန်ထမ်း ဆရာမ လေးဦးရှိရာ တစ်ဦးလျှင် ငွေကျပ် ၁၆ သိန်းစီ ထောက်ပံ့ခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်နွယ်နွယ်အေးက ပြောသည်။

အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် ပညာရေးမှူးဦးဝင်းမြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်နွယ်နွယ်အေးတို့က အမှာစကားပြောကြားခဲ့ပြီး ယခုလတွင် အငြိမ်းစားယူခဲ့သူ ပြင်ဦးလွင်မြို့နယ် အနီးစခန်း အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်မာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မမ(လားရှိုး)**

# စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၇**

စွမ်းအင်ဝန်ကြီးဌာနတွင် သတင်းထုတ်ပြန်ခြင်း အခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာန၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ရေနံကုမ္ပဏီတစ်ခုမှ မြေစာစွန့်ပစ်မှုဖြစ်စဉ်အား စွမ်းအင်ဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့မှုကိစ္စ၊ ရေနံချက်စက်ရုံများမှ ရေနံထွက်ပစ္စည်းများအား တင်ဒါစနစ်ဖြင့် ရောင်းချမည့်ကိစ္စ၊ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) များကို ပြည်ပကုမ္ပဏီများနှင့် အကျိုးတူဖက်စပ်လုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူရေးစီစဉ် ဆောင်ရွက်လျက်ရှိသည့်ကိစ္စများ၊ လုပ်ကွက်အသစ်များတင်ဒါခေါ်ယူရေးနှင့် သက်ဆိုင်သည့်ကိစ္စ၊ စက်သုံးဆီဈေးနှုန်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အရည်အသွေး၊ အခြင်အတွယ် စစ်ဆေးဆောင်ရွက်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်သည်။

အဆိုပါအခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်း ဦးဆောင်၍ သက်ဆိုင်ရာလုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ပြီး သတင်းထုတ်ပြန်ရှင်းလင်းခြင်းနှင့် သတင်းမီဒီယာသမားများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားသည်။ ယင်းအခမ်းအနားသို့ ပြည်တွင်း/ပြည်ပမှ သတင်းမီဒီယာသမား ၂၀ ကျော်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



○ *ကျောဖုံးမှ*

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် အာရှထိပ်သီးဩစတြေးလျအသင်းနှင့် တွေ့ဆုံနေရာ ခက်ခက်ခဲခဲကစားရမည်ဖြစ်ပြီး အနိုင်ရရှိရေး ရုန်းကန်ရဖွယ်ရှိနေသည်။ မြန်မာအသင်းနှင့်ဩစတြေးလျအသင်းတို့သည် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ဆီမီးဖိုင်နယ်တွင် သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၂၀၀၈ ပြိုင်ပွဲတွင် ငါးဂိုး-တစ်ဂိုး၊ ၂၀၁၃ ပြိုင်ပွဲတွင် နှစ်ဂိုး- တစ်ဂိုးတို့ဖြင့် ဩစတြေးလျအသင်းကို နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် ဆီမီးပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မလေးရှားနှင့်နောက်ဆုံးပွဲ၌ အမာခံအချို့ကို အနားပေးထားခဲ့ပြီး မေ ၇ ရက်တွင်လည်း ဆီမီးပွဲအတွက် ပြင်ဆင်လျက်ရှိပါကြောင်း။

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**



* *ကျောဖုံးမှ*

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ ဆပ်ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန မျက်နှာစာ၌ ကျင်းပရာ ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြိုင်ပွဲကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို လူအား၊ ငွေအား၊ အချိန်အား စိုက်ထုတ်ပြီး နှစ်စဉ်မပျက် ကျင်းပနေကြခြင်းသည် မိမိအမျိုးအနွယ်၊ ဇာတိ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများကို နိုင်ငံတော် တည်တံ့ခိုင်မြဲမှုနှင့်အတူ ယှဉ်တွဲတည်ရှိနေရမည့် ဂုဏ်ဒြပ်များအဖြစ် နှလုံးသွင်းခံယူထား၍ ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်းများစွာ ရှေးယခင်ကတည်းက နှစ်ကာလရှည်ကြာစွာ အတူတကွ အေးချမ်းပျော်ရွှင်စွာ ယှဉ်တွဲနေထိုင်ခဲ့ကြပြီး ရေကိုသားလို့ အကြားမထင်သည့် သွေးစည်းမှုနှင့် ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့ခိုင်မြဲစေရန် စည်းလုံးညီညွတ်စွာ တည်ဆောက်ခဲ့ပါကြောင်း၊ ယခုလိုတည်ဆောက်နိုင်ရန်အတွက် အပြန်အလှန် နားလည်မှု၊ စာနာမှုများနှင့် ရင်းနှီးဖော်ဆောင်ခဲ့ကြခြင်းပင် ဖြစ်ပါကြောင်း၊ "စိုတဲ့လက်မခြောက်စေနဲ့" ဆိုသကဲ့သို့ မိမိတို့၏ အေးချမ်းစိုပြည်နေသည့် တွဲလက်များသည် မည်သည့်အခါကမှ မခြောက်သွေ့ခဲ့ပါကြောင်း၊ ယခုလိုဖြစ်စေသည့် အဓိကအကြောင်းရင်းသည် မိမိတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ တစ်ဦး၏ ရိုးရာဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ အနုသုခုမများကို တစ်ဦးက အပြန်အလှန် လေးစားခြင်း၊ မျှယူခံစားခြင်း ဆိုသည့် စိတ်ဓာတ်ကြောင့်ပင်ဖြစ်ပါကြောင်း၊ ရေမြေဒေသ အနေအထားအရ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု အနုသုခုမ ဖော်ဆောင်မှုဟန်ပန်များ အနည်းငယ်ကွဲပြားသော်လည်း တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီခြင်း၊ စာနာထောက်ထားခြင်း၊ ဟီရိဩတ္တပ္ပတရားထားရှိခြင်း၊ တစ်စိတ် တစ်ဝမ်းတည်း စုစည်းနေထိုင်တတ်ခြင်းဆိုသည့် အခြေခံဥပဒေသများ တူညီခဲ့ကြပါကြောင်း၊ ယနေ့အချိန်အထိတိုင် စည်းလုံးညီညွတ်ခြင်း၏ တန်ဖိုးကို လက်ခံယုံကြည်ပြီး ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်ကို ဆက်လက်ရှင်သန်ခိုင်မာစေခဲ့ပါကြောင်း။

ယနေ့မျက်မှောက်တွင် ယဉ်ကျေးမှုဆိုသည့် စကားရပ်ကို ရိုးရာဓလေ့ထုံးစံနှင့် အနုသုခုမနယ်ပယ်သာမက နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုဆက်ဆံရေးစသည့် နယ်ပယ်များမှာပါ ကျယ်ပြန့်စွာ ယှဉ်တွဲအသုံးပြုလျက်ရှိပါကြောင်း၊ မွေးဖွားသည်မှ သက်တမ်းကုန်ဆုံးသည့်တိုင် လူ့ဘဝတွင် နေ့စဉ်ကြုံရသည့် လူမှုကိစ္စအဝဝတိုင်းသည် ယဉ်ကျေးမှု အလေ့အထများ၊ ကျင့်ဝတ်ကျင့်ထုံးများနှင့် ကင်းလွတ်မှုမရှိပါကြောင်း၊ လူမျိုးတစ်မျိုး၏ စားသောက်ခြင်း၊ ဝတ်စားဆင်ယင်ခြင်း၊ ပြုမူပြောဆို နေထိုင်ခြင်း စသည့် ဓလေ့ထုံးတမ်းများသည် အဆိုပါ လူမျိုး၏ ယဉ်ကျေးမှုစံပင် ဖြစ်ပါကြောင်း။

ထို့အပြင် နိုင်ငံနယ်နိမိတ် အပိုင်းအခြား၊ ကိုးကွယ်ယုံကြည်မှု၊ ရေမြေသဘာဝ ရာသီဥတုကိုလိုက်၍ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ယဉ်ကျေးမှု စံနှုန်းများ ထပ်တူညီမှုမရှိနိုင်ပါကြောင်း၊ မတူညီသည့် ယဉ်ကျေးမှုစံနှုန်းများကို ဇွတ်အတင်းပေါင်းစပ်ခြင်း၊ နှိုင်းယှဉ်ခြင်းလည်း ပြု၍မရပါကြောင်း၊ ရေမြေဒေသ သဘောသဘာဝမတူသည့် ယဉ်ကျေးမှုစံနှုန်းများကို ဇွတ်အတင်း ပေါင်းစပ်၊ နှိုင်းယှဉ်ခြင်းများ ပြုမိလျှင် ယဉ်ကျေးမှုချင်း ပွတ်တိုက်မှုများကြောင့် ကိုယ်ခံအားနည်းသူများအတွက် ယဉ်ကျေးမှု ပွန်းစားခံရမှုများ ကြုံတွေ့ရတတ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံသူနိုင်ငံသားများသည် အခြားတစ်ပါးသော ယဉ်ကျေးမှုများကို အသိအမှတ်ပြု လေးစားတန်ဖိုးထားသကဲ့သို့ ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်းအသက်နှင့်အမျှ မြတ်နိုးချစ်ခင်ကြပါကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၏ဂုဏ်ယူဖွယ်ရာ ကောင်းလှသည့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ မြှင့်တင်ခြင်းများကို ဘိုးစဉ်ဘောင်ဆက် သားစဉ်မြေးမြစ် ပြောထုံးဖြစ်အောင် စွမ်းဆောင်ခဲ့ကြပါကြောင်း။

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကိုလည်း ယဉ်ကျေးမှု ထိန်းသိမ်းကာကွယ် မြှင့်တင်ရန် ရည်ရွယ်ချက် မြင့်မားစွာထားရှိ၍ နှစ်စဉ်မပျက် အဓိပ္ပာယ်ရှိစွာ ကျင်းပနေခြင်းဖြစ်ပါကြောင်း၊ ယခု ပြိုင်ပွဲကြီးသည် တစ်ဖက်ကကြည့်လျှင် အနုပညာဆိုင်ရာပြိုင်ပွဲတစ်ခု ဖြစ်သကဲ့သို့ အခြားတစ်ဖက်က ရှုမြင်လျှင်လည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှုကို အခြေခံပြီး ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းသည့်ပွဲ၊ မျိုးဆက်ဟောင်း အနုပညာရှင်ကြီးများနှင့် မျိုးဆက်သစ် အနုပညာရှင်မောင်နှမများ ပေါင်းကူးယှက်နွယ်သည့်ပွဲ၊ တစ်နည်းအားဖြင့် တိုင်းရင်းသားညီအစ်ကိုများ ယဉ်ကျေးမှု ပေါင်းစည်းသည့်ပွဲလည်း ဖြစ်ပါကြောင်း။

မြန်မာတိုင်းရင်းသားတို့၏ ကိုယ်ပိုင်မူဟန်ဖြစ်သည့် ခေါင်း၊ ခါး၊ ခြေ၊ လက် အကအခြေခံက မလွတ်သော ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် တူရိယာအခြေခံနှင့် မကင်းကွာသည့် ရိုးရာယဉ်ကျေးမှု အဆိုအကများအပြင် ယခုနှစ်တွင် မြန်မာနိုင်ငံသားတို့၏ အက အခြေခံဖြစ်သည့် ကဗျာလွတ်ပြိုင်ပွဲကို ထည့်သွင်းထားသကဲ့သို့ နိုင်ငံ တစ်နံတစ်လျားတွင် ရှိနေသည့် တိုင်းရင်းသားရိုးရာအက နှင့် ကျေးလက်ရိုးရာအကများကိုလည်း အလေးအနက်ထားပြီး ဖိတ်ခေါ် ဖော်ထုတ်တင်ဆက်သွားမည် ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာကြီးတွင် မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်းခဲ့ကြသည့် ရိုးရာယဉ်ကျေးမှုအနုသုခုမ ပညာရပ်များနှင့် သတင်းအချက်အလက် နည်းပညာပံ့ပိုးမှုကို အခြေခံသည့် အမြင်ဆန်း၊ အကြားဆန်းသည့် ခေတ်ပေါ်အနုပညာရပ်များသည် အပြန်အလှန် လွန်ဆွဲနေကြပါကြောင်း၊ ကိုယ့်ရိုးရာကို မထိန်းသိမ်းနိုင်သည့် နိုင်ငံတွင် ယဉ်ကျေးမှု ပွန်းစားခြင်းခံနေရပါကြောင်း။

ယနေ့မိမိတို့ နိုင်ငံတွင် မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်းခဲ့သည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ကွယ်ပျောက်မသွားခြင်းသည် ခေတ်စနစ်ပေါင်းများစွာတွင် အခြေအနေပေါင်းများစွာကို ကြံ့ကြံ့ခံ၍ ရိုးရာဓလေ့ထုံးစံများ၊ အနုသုခုမပညာရပ်များကို ဇောင်းပေး၊ ဇမ်းတင်ခဲ့ကြသည့် တာဝန်ရှိခဲ့ကြသူ အသီးသီး၏ ကြိုးပမ်းအားထုတ်မှုနှင့် မြတ်နိုးခုံမင်စွာ ဖက်တွယ်ခဲ့ကြသည့် မျိုးဆက်ဟောင်း အနုပညာရှင်ကြီးများ လေးစားစွာ ဆက်ခံသင်ယူပွားများခဲ့ကြသည့် မျိုးဆက်သစ် အနုပညာရှင်များ၏ စွမ်းအားကြောင့်ဖြစ်သည်ကို အသိအမှတ်ပြု ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂီတစာဆို ဦးမောင်မောင်လတ် ရေးစပ်သီကုံးသော **"ထိန်းသိမ်းစို့လေ၊ တို့အမွေ"** တေးသီချင်းဖြင့် အနုပညာရှင်များက ဂုဏ်ပြုသီဆို ဖျော်ဖြေတင်ဆက်ကြသည်။

ယခုနှစ်ကျင်းပသည့် ပြိုင်ပွဲကို ဝါသနာရှင် (ပထမတန်း)အဆင့်၊ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်၊ အခြေခံပညာ (အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့် အဆင့်(၅)ဆင့် သတ်မှတ်ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ အဆိုဘာသာရပ်ပြိုင်ပွဲ၌ မဟာဂီတ၊ ခေတ်ဟောင်းကာလပေါ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးပြိုင်ပွဲတို့ကိုလည်းကောင်း၊ အကဘာသာရပ်ပြိုင်ပွဲ၌ တစ်ဦးချင်းအကပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာအက/ကျေးလက်ရိုးရာအကပြိုင်ပွဲ၊ ရုပ်သေးနှင့် ကွက်စိပ်တို့ကိုလည်းကောင်း၊ အရေးဘာသာရပ်ပြိုင်ပွဲ၌ ဝါသနာရှင် (ပထမတန်း)အဆင့်၊ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ အသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ကိုလည်းကောင်း၊ အတီးဘာသာရပ်ပြိုင်ပွဲ၌ အတီးတူရိယာ (၁၂)မျိုးတို့ကိုလည်းကောင်း ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ထို့အပြင် ယခုနှစ်ပြိုင်ပွဲ၌ နိုင်ငံတော်အတွင်း မြန်မာအကအခြေခံ ကဗျာလွတ်အကများ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့စေရန် ရည်ရွယ်ချက်ဖြင့် ကဗျာလွတ်အကပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**




**ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတဦးညဏ်ထွန်း (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)



**ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတဦးညဏ်ထွန်း (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## မန်စီမြို့နယ် မြို့တော်ခန်းမဖွင့်ပွဲကျင်းပ

**မန်စီ မေ ၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် ပြင်ဦးလွင်ရပ်ကွက်ရှိ မြို့တော်ခန်းမဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက အဆိုပါ ခန်းမရှေ့တွင် ကျင်းပရာ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးတင်ကိုလွင်က မြို့တော်ခန်းမပြုပြင်မွမ်းမံခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခြိမ့်ခြိမ့်သဲ

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**နေပြည်တော် မေ ၇**

မြန်မာတိုင်းရင်းသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှု အနုပညာကို ဖော်ထုတ်ဂုဏ်တင့်စေသည့်ပွဲ။ နှစ်ပေါင်းထောင်ချီကာ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် မြန်မာတိုင်းရင်းသားတို့ ရိုးရာအနုပညာနှင့် တေးဂီတများကို မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းရန် နိုင်ငံတော်က ပံ့ပိုးကူညီသည့်ပွဲ၊ (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်များနယ်မြေတွင် မေ ၇ ရက် နံနက် ၉ နာရီမှ စတင်ကျင်းပပြီဖြစ်သည်။

ပြိုင်ပွဲကျင်းပရာ သတ်မှတ်နေရာများသို့ (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီးများနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးရန်နိုင်ဦးတို့ လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲများ ကျင်းပရာတွင် နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်များ နယ်မြေစိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)၌ မေ ၇ ရက် နံနက်ပိုင်းက ကျင်းပသည့် ဝါသနာရှင် (ပထမတန်း) (ကျား) မဟာဂီတတေးသီချင်း အဆိုပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ထန်လျှန်ကပ်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးထွန်းအောင်ကျော်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမြင့်ကြည်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးရဲထွဋ်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆက်လက်ပြီး မဟာဂီတအဆင့်မြင့် (မ)ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မကြည်ကြည်မာ၊ ရခိုင်ပြည်နယ်မှ မလဲ့ရည်ကို၊ ပဲခူးတိုင်းဒေသကြီးမှ မဇာခြည်ဝတ်ရည်ဟန်၊ မကွေးတိုင်းဒေသကြီးမှ မမေခိုင်လင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

တစ်ဖန်မဟာဂီတ အခြေခံ (၁၅-၂၀) (ကျား) ပြိုင်ပွဲတွင်ချင်းပြည်နယ်မှ မောင်ဟာထန်၊ ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်၊ ရှမ်းပြည်နယ်မှ မောင်ဟိန်းထက်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်အာကာဟိန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်တင့်ဖြိုးခိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်စွမ်းထက်တို့က "ခိုင်ပန်းစုံမှုံမာလာ" (ယိုးဒယား)ဖြင့် ပြိုင်ပွဲဝင်ကြသည်။

စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)၌ကျင်းပသည့် အဆိုပါ ဝါသနာရှင် (ပထမတန်း) (ကျား) ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်ဇော်မင်းထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဇော်မင်းအောင်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးရွှေထွန်း၊ မကွေးတိုင်းဒေသကြီးမှ ဦးမောင်မောင်သိန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးကံမြင့်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမြင့်ကြည်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးထွန်းမင်းလှိုင်တို့ ပါဝင်ယှဉ်ပြိုင်ကြရာ အကဲဖြတ်ဒိုင်များအဖြစ် ဦးမင်းနောင်၊ ဒေါ်ထားတို့အပါအဝင် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များက ပြိုင်ပွဲဝင်များအား အကဲဖြတ်ပေးကြသည်။

ဆက်လက်ပြီး မွန်းလွဲပိုင်း၌ ကာလပေါ် အခြေခံပညာ(၁၅-၂၀) (မ)အဆိုပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မသက်မြတ်နိုးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ မမေသက်ထားဆွေ၊ ရှမ်းပြည်နယ်မှ မစုစုမွန်ထက်၊ တနင်္သာရီတိုင်းဒေသကြီးမှ မအိနန္ဒာဗိုလ်၊ မကွေးတိုင်းဒေသကြီးမှ မအေးမြတ်သီတာ၊ ရခိုင်ပြည်နယ်မှ မမေသန်းမော်အေး၊ ဧရာဝတီတိုင်းဒေသကြီးမှ မရွှေရည်ဝင်း၊ ကရင်ပြည်နယ်မှ မနန်းမြကေခိုင်လွင်၊ မန္တလေးတိုင်းဒေသကြီးမှ မနွယ်နီသင်း၊ မွန်ပြည်နယ်မှ မအိအိမိုးတို့ ပါဝင်ယှဉ်ပြိုင်ကြရာ အကဲဖြတ်ဒိုင်များအဖြစ် ဦးမောင်မောင်ကြီး၊ ဦးတင်ဦးလေးနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ကာလပေါ် အဆင့်မြင့်(ကျား) အဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ရှင်းသန့်အောင်၊ ကရင်ပြည်နယ်မှ မောင်ကျော်ဇောဟိန်း၊ မွန်ပြည်နယ်မှ မောင်ရဲထက်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်မြတ်နိုးဦး၊ ပဲခူးတိုင်းဒေသကြီးမှ မောင်သီဟလင်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝဏ္ဏတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရွှေရတုခန်းမ)တွင် အကပြိုင်ပွဲများကျင်းပရာ ဝါသနာရှင် (ပထမတန်း) (မ)ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မနှင်းယမုံဦး၊ မန္တလေးတိုင်းဒေသကြီးမှ မမြင့်မြင့်အေးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မအိဇင်မိုးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ အကဝါသနာရှင်(ပထမတန်း)(ကျား)ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မောင်မင်းကိုအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ရဲမင်းသွေးတို့ ပါဝင်ဆင်နွှဲကြသည်။

စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (သင်တန်းခန်းမ-၁)၌ ကျင်းပသည့် အရေး (စာသားရေး/တေးသွားထည့်) ဝါသနာရှင် (ကျား/မ)ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မင်းချမ်းလွန်၊ ရခိုင်ပြည်နယ်မှ ဦးဘမင်းသိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးရာဇ၊ ပဲခူးတိုင်းဒေသကြီးမှ ဦးခင်မောင်ဇော်၊ မကွေးတိုင်းဒေသကြီးမှ ဦးတင်ထွေး၊မန္တလေးတိုင်းဒေသကြီးမှ ဦးမျိုးသူ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးသန်းရှိန်တို့ ယှဉ်ပြိုင်ကြသည်။




ဝါသနာရှင် ပထမတန်း အမျိုးသား အကပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ရဲမင်းသွေး ယှဉ်ပြိုင်စဉ်။

အရေး (စာသားရေး/တေးသွားထည့်) (ကျား/မ)ဝါသနာရှင် (ဒုတိယတန်း)ပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ပါဝင်ဆင်နွှဲကြသည်။ တစ်ဖန် အရေး(စာသားရေး/တေးသွားထည့်) အဆင့်မြင့်ပညာ (ကျား/မ)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်စိုးမိုးသူ၊ ရန်ကုန်တိုင်းဒေသကြီးမှ မသန်းသန်းနိုင်တို့ ပါဝင်ယှဉ်ပြိုင်ပြီး အရေး(စာသားရေး/တေးသွားထည့်) အခြေခံပညာ (၁၅-၂၀)(ကျား/မ)ပြိုင်ပွဲတွင် တနင်္သာရီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်ပြီး သစ်တောသုတေသနဦးစီးဌာန (စုဝေးခန်းမ)၌ ဆိုင်းအဖွဲ့လိုက် (အမျိုးသမီး)ပြိုင်ပွဲများ ကျင်းပပြီး စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ)တွင် စောင်းအတီးပြိုင်ပွဲ (ကျား/မ)များ ကျင်းပသည်။ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (စုဝေးခန်းမ)တွင် အိုးစည်အတီးပြိုင်ပွဲများ ကျင်းပပြီး သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)တွင် စန္ဒရားတီးပြိုင်ပွဲများကို ကျင်းပခဲ့ကြောင်း သိရသည်။



အခြေခံပညာ ၁၀-၁၅ အမျိုးသား စောင်းအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မောင်ရဲထက်ကျော် ယှဉ်ပြိုင်ဟန်။

**(မြန်မာ့အလင်း)**

---

◆ *ရှေ့ဖုံးမှ*

အီးယူရဲ့ အခြေခံပြုပြင်ပြောင်းလဲမှုတွေကနေတစ်ဆင့် အတုယူပြီး ပြင်ဆင်ဖွယ်ရှိတာတွေ ပြင်ဆင်သင့်ပါတယ်"ဟု ကိုဘီယာက ဆက်လက်ပြောကြားသည်။

ဥရောပသမဂ္ဂအား စတင်တည်ထောင်ခဲ့သူတစ်ဦးဖြစ်သည့် Robert Schuman ၏ ကြေညာစာတမ်းကို အောက်မေ့ပွဲ အထိမ်းအမှတ်အဖြစ် ဥရောပနေ့ကို မေ ၉ရက်တွင် နှစ်စဉ်ကျင်းပလျက်ရှိသည်။

၁၉၅၀ခုနှစ်တွင် Robert Schuman ၏ စာတမ်းဖြစ်သော တစ်ကြိမ်တစ်ခါမျှ သို့မဟုတ် အစီအစဉ်တစ်ခုတည်းဖြင့် ဥရောပကို တည်ထောင်၍ ရမည်မဟုတ်။ ခိုင်မာသည့် အောင်မြင်မှုများဖြင့် စည်းလုံးညီညွတ်မှုကို ဦးစွာဖန်တီးပြီး တည်ဆောက်ရမည်ဟူသော ကြွေးကြော်သံသည် ဥရောပသမဂ္ဂ၏ အောင်မြင်မှုအစတစ်ရပ်ဖြစ်သည်။

အစိတ်စိတ် ကွဲအက်လျက်ရှိသည့် ဥရောပကို စစ်ကြီးအတွင်းမှ ရုန်းထရန် ကြိုးစားအားထုတ်ချိန်တွင် ဥရောပပြည်သူအားလုံးတို့ဆန္ဒမှာ စစ်ပွဲကြီးရပ်တန့်စေလိုသည့် ဆန္ဒပြင်းထန်ကြသည်နှင့် အပြိုင် "ကျွန်တော်တို့တွေ မတူ ကွဲပြားကြပါတယ်။ ဒါပေမယ့်အတူ ယှဉ်တွဲနေထိုင်ကြပါစို့"ဟု တူညီသော စိတ်ကူးသန္နိဋ္ဌာန်များသည် ယနေ့ ဥရောပနေ့အဖြစ် ကျင်းပနိုင်ခဲ့သည့် အစပထမပင်ဖြစ်ကြောင်း ကိုဘီယာက ဆက်လက်ပြောကြားသည်။

"အီးယူရဲ့ ဆောင်ရွက်ချက်တွေအားလုံးကို မြန်မာပြည်သူတွေရော အစိုးရတာဝန်ရှိသူတွေရော နားလည်သဘောပေါက်ဖို့ ခဲယဉ်းမယ်ဆိုတာ လက်ခံပါတယ်။ သို့သော် ကျွန်တော်တို့ အတွေ့အ ကြုံအရ မြန်မာနိုင်ငံအတွက် လိုအပ်တာတွေကို ရေရှည်ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာအစိုးရအနေနဲ့ စိန်ခေါ်မှုတွေ အများကြီးရှိနေတာဖြစ်ပြီး ရင်ဆိုင်ဖြေရှင်းဖို့အတွက် နည်းလမ်းတွေဖော်ထုတ်ဖို့ လိုအပ်ပါတယ်။ ဒါတွေဟာ ပြည်သူတွေအတွက် ဒီမိုကရေစီ အသွင်ကူးပြောင်းပေးရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွေနဲ့ စီးပွားရေးဖွံ့ဖြိုးလာစေမှုအပိုင်းတွေမှာ ရလဒ်တွေ မြင်တွေ့ရမှာပါ"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံအတွက် အီးယူမှ အဓိကထား ဆောင်ရွက်ပေးနေသည့် နိုင်ငံရေးဆိုင်ရာ ထောက်ပံ့မှု၊ ကုန်သွယ်မှု၊ ဖွံ့ဖြိုးရေးအကူအညီ၊ လူသားချင်းစာနာထောက်ထားမှုနှင့် အရပ်ဘက်အဖွဲ့အစည်းများ တိုးတက်မှုတို့ကို ပိုမိုအားပေးလုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၅ခုနှစ် နိုင်ငံလုံးဆိုင်ရာ အထွေထွေရွေးကောက်ပွဲတွင်လည်း အီးယူမှအခြေခံကျနသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်ပေါ်လာစေရေး လိုအပ်သည့်နည်းစနစ်၊ အကြံဉာဏ်နှင့် ပံ့ပိုးမှုများကို မိမိတို့ အီးယူ၏ အတွေ့အကြုံကောင်းများကို အခြေခံကာ ပေးအပ်သွားလျက်ရှိသော်လည်း မြန်မာနိုင်ငံသည် ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံနုနယ်နေသေးကြောင်း၊ မှုတမှု၊ မှန်ကန်မှုနှင့် လွတ်လပ်စွာမဲပေးခွင့်အပေါ် အားနည်းချက်များ ရှိနေနိုင်သေးသဖြင့် ယခုထက်တိုးကာ ပြည်သူများရွေးကောက်ပွဲအမြင်နှင့် ဗဟုသုတများ ကျယ်ပြန့်ရန်လိုအပ်ကြောင်း အီးယူသံအမတ်ကြီးက ပြောသည်။

"စကားပြောပါ၊ တွေ့ဆုံဆွေးနွေးပါ၊ တိုက်ပွဲတွေကိုရပ်တန့်ပါ" တစ်ချိန်က ဥရောပတိုက်၏အခြေအနေသည် ယနေ့ မြန်မာ့နိုင်ငံရေးနှင့် အလားတူကြောင်း၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ နိုင်ငံရေးအယူဝါဒပေါင်းစုံနှင့် ပြောဆိုသော ဘာသာစကားပေါင်းစုံတို့ကို မြန်မာနိုင်ငံတွင်လည်း မြင်တွေ့ရကြောင်း ကိုဘီယာက ပြောကြားသည်။

မြန်မာ ပြည်သူလူထုအနေဖြင့် မိမိတို့ကို အမှန်တကယ် ဦးဆောင်ဦးရွက်ပြုနိုင်မည့် နိုင်ငံခေါင်းဆောင်ကိုသာ လိုလားကြမည်ဖြစ်သကဲ့သို့ အချုပ်အခြာ အာဏာတည်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုလားကြမည်ဖြစ်ကြောင်း၊ မိမိတို့ အီးယူအနေဖြင့် ၁၉၅၀ ဝန်းကျင် စတင်တည်ထောင်ချိန်မှစတင်ကာ အကြိမ်ပေါင်းများစွာ ပြင်ဆင်ဖြည့်စွက် ထုတ်နုတ်ခြင်းများဖြင့် ၂၀၀၉ ခုနှစ်အရောက်မှသာ Ready of Lisbon သဘောတူညီမှုကို ရရှိခဲ့ခြင်းဖြစ်ရာ အလုံးစုံသဘောတူညီမှုရှိသည့် ရွေးကောက်ပွဲနှင့် လူထုရွေးချယ်မှုမဖြစ်နိုင်စေကာမူ ကောင်းမွန်သည့် ဦးတည်ချက်များဖြင့် ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ရေးအတွက် အရာရောက်သည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်လာစေရန် မြန်မာပြည်သူများအတွက် မျှော်လင့်ထားကြောင်း အီးယူသံအမတ်ကြီးက အီးယူနှင့် မြန်မာနိုင်ငံရေး အခြေအနေအား ယှဉ်ထိုးတွက်ချက်ပြသည်။

ရွေးကောက်ပွဲဆိုင်ရာ အပါအဝင် အခြားပံ့ပိုးမှုများသည် အီးယူ၏ နှစ်ပေါင်းများစွာသော အတွေ့အကြုံများအပေါ် အခြေခံကာ ရေရှည်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်ကြောင်း၊ သို့သော် "ကျွန်တော်တို့ပေးလို့ရတာက ရုပ်ပိုင်းဆိုင်ရာ အတွေ့အကြုံ၊ နည်းစနစ်နဲ့ ငွေကြေးဆိုင်ရာ အကူအညီတွေသာ ဖြစ်ပါတယ်။ လူသားတွေရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာနဲ့ ဆုံးဖြတ်ချက် ချမှတ်မှုအပိုင်းက တိုင်းပြည်တွင်းနေထိုင်သူတွေနဲ့သာ သက်ဆိုင်ပါတယ်။ ဥပမာပြောရရင် ကျွန်တော်တို့က မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို မြှင့်တင်ဖို့ အားပေးတယ်။ ဒါဟာလည်း မဖြစ်မနေလိုအပ်တဲ့ ထောက်ပံ့မှုအဖြစ် ကျွန်တော်တို့ အတွေ့အကြုံအရ သိတယ်။ သို့သော် ရဲတပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်နဲ့ ခံယူချက်၊ ဆုံးဖြတ်ချက်တွေ ချမှတ်တာတွေဟာ ကျွန်တော်တို့ လိုက်ပါဆောင်ရွက်နိုင်တဲ့ကိစ္စရပ်တွေ မဟုတ်ပါဘူး။ အခြားကဏ္ဍတွေမှာလည်း ထိုနည်းလည်းကောင်းမို့ ဒီအတွက် ထိုက်တန်တဲ့ အဖြေရလဒ်ကို တာဝန်ရှိသူတွေအပါအဝင် အားလုံးသော ပြည်သူ ၅၁ သန်းက ခံစားကြရမှာဖြစ်တာကြောင့် တစ်ဦးချင်းကနေ အားလုံးစုပေါင်းပြီး တူညီတဲ့တိုင်းပြည်ဖွံ့ဖြိုးမှုသန္နိဋ္ဌာန်ကို အလေးထားဖို့ လိုအပ်တယ်"ဟု အီးယူသံအမတ်ကြီးက ထောက်ပြသည်။

အခမ်းအနားတွင် အီးယူသံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာက ပြည်တွင်းပြည်ပ မီဒီယာများနှင့် တွေ့ဆုံကာ ဥရောပနေ့ဖြစ်ပေါ်လာပုံ၊ အီးယူ၏ သမိုင်းကြောင်းများနှင့် ဖြတ်သန်းခဲ့ရသော အခက်အခဲများ၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော အီးယူ၏လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခန်းကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကျေးလက်ဖွံ့ဖြိုးရေး၊ ပညာရေး၊ အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ အကြောင်းကို သတင်းထောက်များ၏ မေးမြန်းချက်များအပေါ် အီးယူသံအမတ်ကြီးက ပြန်လည်ဖြေကြားပေးခဲ့သည်။

"လက်ရှိ အစိုးရအနေနဲ့ရော၊ နောင်တက်လာမယ့် အစိုးရသစ်အနေနဲ့ရော ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် စိန်ခေါ်မှုတွေ အများကြီး ရှိနေမှာပါ။ သို့သော် ကျွန်တော်တို့ အတွေ့အကြုံအရ ရင်ဆိုင်ဖြတ်ကျော်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အီးယူကလည်း ပံ့ပိုးမှုတွေနဲ့ အကြံဉာဏ်ကောင်းတွေ ဆက်လက်ပံ့ပိုးပေးနေခြင်းက နိုင်ငံမှာ တိုးတက်ပြောင်းလဲမှုတွေရလာမှာပါ"ဟု အီးယူသံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာက နိဂုံးချုပ်ဖြေကြားခဲ့သည်။ **(မြန်မာ့အလင်း)**

# ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း လုပ်ငန်းသဘောတူစာချုပ် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ချုပ်ဆိုနိုင်ရန်ဆောင်ရွက်သွားမည်

အမေး/အရေး-မြတ်သန္တာမောင်
ဓာတ်ပုံ-အငယ်လေး

မြန်မာနိုင်ငံ၏ ပထမဆုံးသော အထူးစီးပွားရေးဇုန်အဖြစ် ၂၀၀၈ ခုနှစ်တွင် ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ရန် စတင်ခဲ့ကြပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့က မူဘောင်သဘောတူစာချုပ် (Framework Agreement) ကို လက်မှတ်ရေးထိုးပြီး စီမံကိန်းလုပ်ငန်းများကို စတင်ခဲ့သည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် ခန့်မှန်းဧရိယာ ဧက ငါးသောင်းခန့်ရှိပြီး စီမံကိန်းကြီးမားသောကြောင့် ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ (၈ ဒသမ ၆) ဘီလီယံ ခန့်ရှိခဲ့သည်။ အီတာလျံ-ထိုင်း ကုမ္ပဏီအနေဖြင့် ဘဏ္ဍာငွေရရှိရန် လုပ်ငန်းများမှာ လျာထားချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိဘဲ နှောင့်နှေးကြန့်ကြာခဲ့သည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ထိုင်းနိုင်ငံ၌ ပြုလုပ်သည့် စတုတ္ထအကြိမ်ပူးတွဲလုပ်ငန်းကော်မတီ (JCC) အစည်းအဝေးတွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုခဲ့သော မူဘောင် သဘောတူစာချုပ်ကို ရုပ်သိမ်းမည့် စာချုပ်အား လက်မှတ်ရေးထိုးခဲ့သည်။ ယင်းအစည်းအဝေး၌ပင် ထားဝယ်အထူးစီးပွားရေးဇုန်ကို ပုံစံ အသစ်နှင့် ဆက်လက်ဆောင်ရွက်ရန် သဘောတူပြီး ကနဦးနှင့် ပင်မ စီမံကိန်းအဖြစ် ခွဲခြားဆောင်ရွက်ရန် စီစဉ်ခဲ့သည်။

ထို့ကြောင့် ပုံစံအသစ်ဖြင့် စီမံကိန်းပြန်လည် စတင်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်၏ လက်ရှိအခြေအနေအား ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်အား မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ မြန်မာနိုင်ငံမှာ ပထမဦးဆုံးသော အထူးစီးပွားရေးဇုန်အဖြစ် လျာထား သတ်မှတ်ခြင်းခံထားရတဲ့ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကြန့်ကြာနေရတဲ့ အကြောင်းအရင်းကို ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်က မြန်မာနိုင်ငံရဲ့ ပထမဆုံးသော စီးပွားရေးဇုန်အဖြစ် အကောင်အထည်ဖော်ဖို့ စတင်ခဲ့တဲ့ အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် မေ ၁၉ ရက်မှာ မြန်မာနှင့်ထိုင်း နှစ်ဖက်အစိုးရမှ ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဖို့ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ပါတယ်။

၂၀၀၈ ခုနှစ် ဇွန် ၁၂ ရက်မှာတော့ မြန်မာဘက်က မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နဲ့ ထိုင်းဘက်က အီတာလျံ-ထိုင်းကုမ္ပဏီတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ဖြစ်နိုင်ချေရှိမှုလေ့လာခြင်း (Feasibility Study) ကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၂ ရက်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ - ထိုင်းကုမ္ပဏီတို့က ထားဝယ်အထူး စီးပွားရေးဇုန်ထဲမှာ စက်မှုနယ်မြေ၊ ရေနက်ဆိပ်ကမ်း၊ မြန်မာ-ထိုင်း နယ်စပ်အထိ ဆက်သွယ်မည့် အဝေးပြေးလမ်း၊ ရထားလမ်းတို့ကို အကောင်အထည်ဖော်တည်ဆောက်သွားဖို့ မူဘောင်သဘောတူစာချုပ် (Framework Agreement) ကို လက်မှတ်ရေးထိုးပြီး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

စီမံကိန်းလျာထားမှုတွေအရ စီမံကိန်း အဆင့် (၁) မှာ ရေနက်ဆိပ်ကမ်းအဆင့် (၁)၊ အဝေးပြေးလမ်းအဆင့် (၁)၊ စက်မှုဇုန်၊ အလုပ်ရုံများ၊ စီးပွားရေးအဆောက်အအုံ၊ လူနေအိမ်ရာ၊ ဆေးရုံ၊ ကျောင်း၊ ဈေး စသည့် လူမှုရေးအဆောက်အအုံများ ပါဝင်ပါ တယ်။ အဲ့ဒီကာလအချိန်က တွက်ချက်မှုတွေအရ ကုန်ကျစရိတ်ခန့်မှန်းမှု အမေရိကန် ဒေါ်လာ (၈ ဒသမ ၆) ဘီလီယံခန့်ရှိခဲ့ပါတယ်။ စီမံကိန်းက လုပ်ငန်းပမာဏ ကြီးမားသလို ငွေကြေး



ထားဝယ်အထူးစီးပွားရေးဇုန်
စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဟံစိန်

ရင်းနှီးမြှုပ်နှံမှုလည်းများတော့ အီတာလျံ-ထိုင်းကုမ္ပဏီအနေနဲ့ နိုင်ငံ တကာ ငွေကြေးရံပုံငွေ အဖွဲ့အစည်းတွေနဲ့ ဘဏ်တွေကနေ ချေးငွေမရခဲ့သလို နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်မှုမရှိတာကြောင့် ဘဏ္ဍာငွေရရှိဖို့ လုပ်ငန်းများမှာ လျာထားချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိဘဲ နှောင့်နှေးကြန့်ကြာခဲ့ပါတယ်။

နောက်ကျွန်တော်တို့ ပြည်တွင်း ကုမ္ပဏီအချို့က လည်း လုပ်ငန်းစတင် အကောင်အထည်ဖော်တုန်းက အီတာလျံ-ထိုင်းကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပေမယ့် အီတာလျံ-ထိုင်းကုမ္ပဏီအနေနဲ့ အခက်အခဲတွေရှိလာတာကြောင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ထွက်ခွာသွားတာတွေလည်းရှိလာတယ်။ ဒီအချက်တွေက ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို ကြန့်ကြာစေခဲ့တဲ့ အချက်တွေပါပဲ။

**မေး။ ။ ကြန့်ကြာခဲ့ရတဲ့ ထားဝယ်အထူးစီးပွားရေးဇုန်ကို ပိုမိုမြန်ဆန်လာစေဖို့ ထိုင်းနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက် လုပ်ကိုင်မှုတွေရှိပါသလား။**

ဖြေ။ ။ ရှိပါတယ်။ အဲ့ဒီလို ထားဝယ်အထူးစီးပွားရေဇုန် စီမံကိန်းကြန့်ကြာမှုကြောင့် သမ္မတကြီးရဲ့ ၂၀၁၂ ခုနှစ် ဇူလိုင်လ ထိုင်းနိုင်ငံခရီးစဉ်မှာ ထိုင်းဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတွေ ၂၀၀၈ ခုနှစ် မေလတုန်းကချုပ်ဆိုခဲ့တဲ့နားလည်မှုစာချွန်လွှာကို အဆက်အစပ်ပြုပြီး ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU )ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

အဲ့ဒီနားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံအစိုးရတွေပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ကို ဒုတိယသမ္မတ ဦးညဏ်ထွန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ထားဝယ်အထူးစီးပွားရေးဇုန် နဲ့ ဆက်စပ်စီမံကိန်းများဆိုင်ရာ အဆင့်မြင့် ကော်မတီများနဲ့ ငွေကြေးနဲ့ ရန်ပုံငွေ ရှာဖွေစုဆောင်ရေးဆိုင်ရာ ဆပ်ကော်မတီ (၆) ခုကို ၂၀၁၂ ခုနှစ် အောက်တိုဘာလမှာ ဖွဲ့စည်းခဲ့ပါတယ်။

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်ကိုတော့ မြန်မာဘက်က ဒုတိယသမ္မတဦးညဏ်ထွန်း၊ ထိုင်းဘက်က ဒုတိယဝန်ကြီးချုပ်တို့ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ပူးတွဲအဆင့်မြင့်ကော်မတီ (JHC)၊ မြန်မာဘက်က ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နဲ့ ထိုင်းဘက်က ဝန်ကြီးချုပ်ရုံးဝန်ကြီးတို့ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ပူးတွဲလုပ်ငန်းကော်မတီ (JCC)တို့ကိုလည်း ၂၀၁၂ ခုနှစ် အောက်တိုဘာလထဲမှာပဲ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

**ကနဦးစီမံကိန်းလုပ်ငန်းတွေကို ရွေးချယ်ခေါ်ယူခြင်း Selective Bidding စနစ်နဲ့ ခေါ်ယူရတာက ထားဝယ်အထူးစီးပွားရေးဇုန်လုပ်ငန်းတွေကို အချိန်တိုအတွင်းမှာစတင်နိုင်ပြီး ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိလာစေဖို့အတွက်ရယ်၊ စီမံကိန်းလုပ်ငန်းတွေ အကောင်အထည်ဖော်နိုင်လာနိုင်မှုကြောင့် ဒေသခံပြည်သူတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ ယုံကြည်မှု ရရှိလာစေဖို့ရယ်. . .**

**မေး။ ။ ထားဝယ်အထူးစီးပွားရေးဇုန် ပြန်လည်စတင်ဆောင်ရွက်မယ့် အခြေအနေတွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ဆက်စပ်စီမံကိန်းတွေကို ပုံစံအသစ်နဲ့ ပြောင်းလဲဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှာ ထိုင်းနိုင်ငံမှာ ပြုလုပ်တဲ့ စတုတ္ထအကြိမ် JCC အစည်းအဝေးမှာ ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနဲ့ ထားဝယ်အထူး စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်တို့ အကြားမှာ မူဘောင်သဘောတူစာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ထားဝယ်အထူး စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်နဲ့ အီတာလျံ-ထိုင်း ကုမ္ပဏီတို့ ကြားမှာ သုံးပွင့်ဆိုင် နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးပြီးပါပြီ။

နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နဲ့ အီတာလျံ-ထိုင်း ကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုခဲ့တဲ့ မူဘောင်သဘောတူစာချုပ်ကို ရုပ်ဆိုင်းမယ့် မူဘောင်သဘောတူ စာချုပ်ကို အဲဒီအစည်းအဝေး (၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ထိုင်းနိုင်ငံမှာ ပြုလုပ်တဲ့ စတုတ္ထအကြိမ် JCC အစည်းအဝေး)မှာ လက်မှတ်ရေးထိုးခဲ့ပြီး ပုံစံအသစ်နဲ့ လုပ်ဆောင်သွားဖို့အတွက် ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ ထားဝယ်အထူးစီးပွားရေးဇုန်ကို ပုံစံအသစ်နဲ့ ဆက်လက်ဆောင်ရွက်ဖို့ သဘောတူညီချက် ရရှိပြီး နောက်ပိုင်းမှာ ဆောင်ရွက်ခဲ့တဲ့ အခြေအနေကို သိလိုပါတယ်။**



စီမံကိန်းလုပ်ငန်းခွင်အား တွေ့ရစဉ်။ (ထားဝယ် SEZ စီမံခန့်ခွဲမှုကော်မတီ)

ဖြေ။ ။ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှာ ထိုင်းနိုင်ငံမှာ ပြုလုပ်တဲ့ စတုတ္ထအကြိမ် JCC အစည်းအဝေးမှာ လက်မှတ်ရေးထိုးပြီးတဲ့ နောက်ပိုင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီနဲ့ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်တို့ အကြားမှာ ချုပ်ဆိုခဲ့တဲ့ မူဘောင် သဘောတူ စာချုပ်အရ ထားဝယ်အထူးစီးပွားရေးဇုန်ကို ပင်မစီမံကိန်း (Full Phase Project) နဲ့ ကနဦးစီမံကိန်း (Initial Phase Project) ဆိုပြီးတော့ ခွဲခြားလုပ်ကိုင်ဖို့ သဘောတူညီခဲ့ပါတယ်။ ဒီလို ခွဲခြားဆောင်ရွက်ရတာဟာ ပင်မစီမံကိန်းကို ဆောင်ရွက်မယ်ဆိုရင် စီမံကိန်းပမာဏကြီးမားတဲ့အတွက်ကြောင့် အချိန်ကြာမြင့်မှာ စိုးရိမ်တဲ့အတွက် မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ကနဦးစီမံကိန်းကို စတင် ဆောင်ရွက် ဖို့ ညှိနှိုင်းသဘောတူခဲ့ခြင်း ဖြစ်ပါတယ်။

**မေး။ ။ ပင်မစီမံကိန်းနဲ့ ကနဦးစီမံကိန်းမှာ ဘယ်လိုမျိုး အခြေခံအဆောက်အအုံတွေနဲ့ စီမံကိန်းတွေ ပါရှိမလဲဆိုတာလည်း သိလိုပါတယ်ရှင့်။**

ဖြေ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်ကို ပင်မစီမံကိန်း (Full Phase Project) နဲ့ ကနဦးစီမံကိန်း (Initial Phase Project) ဆိုပြီးတော့ ခွဲခြားလိုက်တဲ့အခါမှာ ပင်မစီမံကိန်းမှာ ရေနက်ဆိပ်ကမ်းပါမယ်။ စက်မှုဇုန်၊ သံမဏိစက်ရုံ၊ ဓာတ်မြေသြဇာစက်ရုံ၊ သံမဏိစက်ရုံ၊ ရေပေးဝေရေးစနစ်နဲ့ အခြားဝန်ဆောင်မှုလုပ်ငန်းတွေ၊ အထူးစီးပွားရေးဇုန်ကနေ မြန်မာ-ထိုင်း နယ်စပ်ကို ဆက်သွယ်မယ့်အဝေးပြေးကားလမ်း၊ ရထားလမ်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေ၊ မြို့ပြနဲ့ စီးပွားရေးအချက်အခြာ အဆောက်အအုံတွေ၊ ခရီးသွားလုပ်ငန်းတွေ၊ အပန်းဖြေနေရာ စခန်းတွေ ပါဝင်မှာ ဖြစ်ပါတယ်။

စတင်အကောင်အထည်ဖော်မယ့် ကနဦးစီမံကိန်းမှာကတော့ နှစ်လမ်းသွား ကားလမ်း၊ ဆိပ်ကမ်းငယ်၊ ကနဦးစက်မှုဇုန်၊ ကနဦးလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကနဦးလူနေအဆောက်အအုံနဲ့ မြို့ပြစီမံကိန်း၊ ကနဦးရေပေးဝေရေးလုပ်ငန်း၊ ဆက်သွယ်ရေးလိုင်းစတဲ့ စီမံကိန်းတွေ ပါဝင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ကနဦးစီမံကိန်းကို ဘယ်အချိန်မှာ စတင်လုပ်ဆောင်မယ့်အချိန်နဲ့ လက်ရှိမှာ ဘယ်လောက်ထိ ဆောင်ရွက်ပြီးစီးနေပါပြီလဲ။**

ဖြေ။ ။ ကနဦးလုပ်ငန်းတွေကို စီမံကိန်းဆောင်ရွက်ဖို့အတွက်တော့ တင်ဒါခေါ်ယူတဲ့အခါမှာ နိုင်ငံတကာက တင်ဒါခေါ်ယူခြင်းတွေကို (International Tender) မပြုလုပ်ဘဲ ရွေးချယ်ခေါ်ယူခြင်း (Selective Bidding) စနစ်နဲ့ ပြုလုပ်ဖို့အတွက် အီတာလျံ-ထိုင်း ကုမ္ပဏီနဲ့ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှု ဝန်ကြီးဌာန (MEIT)ကတစ်ဆင့် ဂျပန်ကုမ္ပဏီများကို ဖိတ်ခေါ်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ကနဦးစီမံကိန်း လုပ်ငန်းတွေကို ရွေးချယ်ခေါ်ယူခြင်း Selective Bidding စနစ်နဲ့ ခေါ်ယူရတာက ထားဝယ်အထူး စီးပွားရေးဇုန်လုပ်ငန်းတွေကို အချိန်တိုအတွင်းမှာစတင် နိုင်ပြီး ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိလာစေဖို့အတွက်ရယ်၊ စီမံကိန်း လုပ်ငန်းတွေ အကောင်အထည်ဖော်နိုင်လာနိုင်မှုကြောင့် ဒေသခံပြည်သူတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ ယုံကြည်မှု ရရှိလာစေဖို့ရယ်၊ နောက်အချိန်တိုတွင်းမှာ အကောင်ထည်ဖော် ဆောင်ရွက်နိုင်ခဲ့မယ်ဆိုရင် လုပ်သားအင်အား အများစု အသုံးပြုရတဲ့ စက်မှုလုပ်ငန်းတွေကို ထူထောင်နိုင်ဖို့အတွက်ပဲ ဖြစ်ပါတယ်။

**မေး။ ။ ဒါဆိုရင် မူလစီမံကိန်းစတင်ခဲ့စဉ်က ပါဝင်ခဲ့တဲ့ အီတာလျံ-ထိုင်း ကုမ္ပဏီကို ဆက်လက်ဆောင်ရွက်ဖို့ သဘောတူညီချက်ရရှိပြီး နောက်ပိုင်း စီမံကိန်းဆောင်ရွက်ရာမှာ ပယ်ထုတ်လိုက်တဲ့ သဘောမျိုး ယူဆလို့ရနိုင်မလား။**

ဖြေ။ ။ အီတာလျံ-ထိုင်း ကုမ္ပဏီကို မူလချုပ်ဆိုထားခဲ့တဲ့ မူဘောင်သဘောတူစာချုပ်ကို ဖျက်သိမ်းလိုက်ရတဲ့အကြောင်းရင်းကတော့ အဓိကအားဖြင့် ကျွန်တော်တို့ မူလချုပ်ဆိုခဲ့တဲ့စာချုပ်ဟာ စည်းနှောင်မှုအားနည်းတဲ့အတွက်ကြောင့်မို့ စာချုပ်ကို ဖျက်သိမ်းခဲ့တာပဲဖြစ်ပါတယ်။ အီတာလျံ-ထိုင်း ကုမ္ပဏီကို ဘေးကိုဖယ်ထုတ်လိုက်တာ မဟုတ်ပါဘူး။ စာချုပ်ကို ရုပ်ဆိုင်းပြီးတော့ နိုင်ငံတကာ စံနှုန်းများအရ ပိုမိုစနစ်ကျပြီး စည်းနှောင်မှုအားကောင်းတဲ့ ပုံစံကို ပြောင်းလဲဆောင်ရွက်သွားနိုင်ဖို့ ပိုမိုခိုင်မာတဲ့ လမ်းကြောင်းမှန်ပေါ်ကို တင်ပေးလိုက်တာ ဖြစ်ပါတယ်။ အီတာလျံ-ထိုင်း ကုမ္ပဏီအနေနဲ့ ၂၀၀၈ ခုနှစ်ကတည်းက စတင်ပြီး စီမံကိန်းမှာ ပါဝင်ခဲ့တယ်။ ၂၀၁၀ နိုဝင်ဘာလကနေ စပြီးတော့ စီမံကိန်းလုပ်ငန်းကြီးကို အကောင်အထည်ဖော်ခဲ့တဲ့အတွက်ကြောင့် ဒီကုမ္ပဏီဟာ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းနဲ့ပတ်သတ်ပြီး အတွေ့အကြုံတွေ အများကြီးရှိပါတယ်။ အခု အီတာလျံ-ထိုင်းကုမ္ပဏီကို ကျွန်တော်တို့က ပြန်လည်ပြီး ဖိတ်ခေါ်ခြင်းအားဖြင့် သူ့မှာလုပ်ငန်းအတွေ့အကြုံရှိတဲ့အတွက် စီမံကိန်းလုပ်ငန်းတွေကို ပြန်လည်စတင်တဲ့အခါမှာ လျင်လျင်မြန်မြန်နဲ့ စတင်နိုင်မှာ ဖြစ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်

# ထိန်းချုပ်မှုလွတ်ထွက်သွားသော ရုရှားအာကာသယာဉ် သောကြာနေ့တွင်ကမ္ဘာမြေသို့ကျဆင်းလာမည်

**မော်စကို မေ ၇**

လွန်ခဲ့သော သီတင်းပတ်က လွှတ်တင်ပြီး ထိန်းချုပ်မှုမှလွတ်ထွက်သွားသော ရုရှားအာကာသယာဉ်သည်သောကြာနေ့တွင် ကမ္ဘာမြေသို့ ပြန်လည်ကျဆင်းလာမည် ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောသည်။

လူလိုက်ပါခြင်းမရှိသော အဆိုပါ ကုန်တင်အာကာသယာဉ်သည် လွန်ခဲ့သော အင်္ဂါနေ့က ကာဇက်စတန်မှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း လွှတ်တင်ပြီး မကြာမီ အဆက်အသွယ် ပြတ်တောက်သွားသည်ဟု ဆိုသည်။



အာကာသဆိုင်ရာ ပစ္စည်းသုံးတန်ကျော် တင်ဆောင်သွားသည့် အဆိုပါ အာကာသယာဉ်သည် ကမ္ဘာ့လေထုအတွင်းသို့ ပြန်လည်ဝင်ရောက်လာပြီဖြစ်သည်။ ၎င်းအာကာသယာဉ်မှအပိုင်းအစများသည် ပင်လယ်သမုဒ္ဒရာများအတွင်း ကျရောက်နိုင်သော်လည်း မြေပြင်ပေါ်သို့မကျရောက်နိုင်ဟု ဆိုသည်။

အဆိုပါ အာကာသယာဉ်သည် ကမ္ဘာမြေပြင်အထက် မိုင် ၂၅၀ အကွာရှိ ကမ္ဘာကိုလှည့်ပတ်နေသော နိုင်ငံတကာ အာကာသစခန်းရှိ အာကာသယာဉ်မှူး ခြောက်ဦးအတွက် အစာရေစာ၊ လောင်စာဆီ၊ အောက်ဆီဂျင်နှင့် အဝတ်အစားများ တင်ဆောင်သွားခြင်းဖြစ်သည်။ သို့သော်လည်း ဆက်သွယ်မှု ပြတ်တောက်သွားပြီး ကမ္ဘာမြေပတ်လမ်းကြောင်းမှ တဖြည်းဖြည်း ကျဆင်းလျက်ရှိရာ အမေရိကန် အရှေ့ပိုင်း၊ ကိုလံဘီယာ၊ ဘရာဇီးနှင့် အင်ဒိုနီးရှားနိုင်ငံများအထက်၌ တည်ရှိနေသည်ဟု ဆိုသည်။

**(ရိုက်တာ)**

# အာဖဂန်မြောက်ပိုင်းတွင် စစ်သွေးကြွ ၁၅ ဦးသေဆုံး

**ကဘူးလ် မေ ၇**

အာဖဂန်နစ္စတန်မြောက်ပိုင်း တာခါးပြည်နယ်တွင် စုစုပေါင်း တာလီဘန်စစ်သွေးကြွ ၁၅ ဦး အသတ်ခံခဲ့ရကြောင်း ကြာသပတေးနေ့နံနက်က ယာယီအစိုးရပြောခွင့်ရပုဂ္ဂိုလ် တီမောက ပြောသည်။

ဒေသစံတော်ချိန် နံနက် ၅ နာရီခန့်က လက်နက်ကိုင်တာလီဘန်စစ်သွေးကြွတစ်စုက အုပ်ချုပ်ရေးမှူး ဟက်ဂျီမူလာအိုမာ၏ အိမ်သားများကို တိုက်ခိုက်ခဲ့ရာ အစောင့်တပ်က ပြန်လည်ပစ်ခတ်မှုကြောင့်စစ်သွေးကြွ ၁၅ ဦးသေဆုံးခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးဘက်မှ တစ်ဦးသာ ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။ ဧပြီ ၂၄ ရက်မှစတင်၍ ၎င်းတို့၏နွေဦးစစ်ဆင်ရေး စတင်ကတည်းက တာလီဘန်စစ်သွေးကြွများ၏ တိုက်ခိုက်မှုများ အာဖဂန်နစ္စတန်တွင် ပိုမိုပြင်းထန်လာခဲ့သည်။

**(ဆင်ဟွာ)**

# မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဖြည့်စွမ်းပေးမည့် SPCG Public ကုမ္ပဏီ

**ကျော်သဲအိမ်**

ထိုင်းနိုင်ငံ၏ အကြီးမားဆုံး ဆိုလာဓာတ်အားကုမ္ပဏီဖြစ်သော SPCG Public ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဖြည့်စွမ်းပေးမည့်ရည်ရွယ်ချက်ဖြင့် ၂၀၁၅ ခုနှစ်အကုန်တွင် မြန်မာနိုင်ငံ၌ အသေးစားဓာတ်အားလိုင်းများကို ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ၁၀၀၀ ကီလိုဝပ်အထိ ဓာတ်အားထုတ်ပေးနိုင်သော အသေးစားဓာတ်အားလိုင်းများကို ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများရှိ စက်ရုံ၊ အလုပ်ရုံနှင့်နေအိမ်များ၌ အသုံးပြုသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ စီအီးအိုဖြစ်သူ ဝမ်ဒီကွန်ချောင်ရာကွန်က ပြောကြားသည်။

ဝမ်ဒီက “ စက်မှုလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးလာသော မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ မြင့်တက်လာမည်ဖြစ်ကြောင်း” ထပ်လောင်းပြောကြားသည်။

အသေးစားဓာတ်အားလိုင်း တစ်ခုချင်းအတွက် ကုန်ကျစရိတ်မှာ ဒေါ်လာနှစ်သန်းခန့်ရှိမည်ဖြစ်ရာ SPCG အနေဖြင့် ၎င်း၏ ရှယ်ယာရှင်ဖြစ်သော ဂျပန်ကုမ္ပဏီ Kyocera နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့ကို ထိုစီမံကိန်းတွင် ပါဝင်ရန် တိုက်တွန်းသွားမည်ဖြစ်သည်။ SPCG ကုမ္ပဏီသည် ထိုင်းနိုင်ငံတွင် ဆိုလာဓာတ်အား လုပ်ငန်းစုစုပေါင်း ၃၆ ခုရှိပြီး စုစုပေါင်း ကီလိုဝပ် ၂၆၀၀၀၀ ကို ထုတ်ပေးနိုင်စွမ်းရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းကို အပြီးသတ်ဖော်ဆောင်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုကို မြှင့်တင်ကြမည်ဖြစ်ရာ SPCG ကုမ္ပဏီအနေဖြင့် ဒေသတွင်း၌ ဆိုလာဓာတ်အားထုတ်လုပ်မှုကို ဦးဆောင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**(Nikkei Asian Review)**

# အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု ညွန့်ပေါင်းအစိုးရသစ်ဖွဲ့စည်းရန် သဘောတူညီ

**တဲအဗစ် မေ ၇**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအနေဖြင့် ညွန့်ပေါင်းအစိုးရသစ်ဖွဲ့စည်းရန် ၁၁ နာရီကြာ ဆွေးနွေးခဲ့ပြီးနောက် သဘောတူညီလိုက်ပြီဖြစ်သည်။

အဆိုပါ သဘောတူညီချက်သည် ဝန်ကြီးချုပ်၏ လီကွတ်ပါတီ ရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် ခုနစ်ပတ်အကြာ ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ရန် သဘောတူလိုက်ခြင်းဖြစ်သည်။



မစ္စတာ နေတန်ယာဟုသည် အမတ်နေရာ ၆၁ နေရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လက်ယာယိမ်း ဘာရစ်ယေဟူဒီပါတီ၏ ထောက်ခံမှုရရှိရန် လိုအပ်နေသည်။

မစ္စတာ နေတန်ယာဟုသည် ၁၉၉၆ ခုနှစ်က ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာပြီး ယခုအကြိမ်သည် စတုတ္ထအကြိမ် အရွေးခံရခြင်းဖြစ်သည်။

“ယခုဆွေးနွေးပွဲဟာ ရှည်ကြာတဲ့ဆွေးနွေးပွဲဖြစ်လို့ ဘယ်သူမှအံ့သြကြမှာမဟုတ်ပါဘူး ”ဟု နေတန်ယာဟုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဘာရစ်ယေဟူဒီခေါင်းဆောင် နာဖလာတီဘင်းနက်သည် ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးကို ဆန့်ကျင်သူဖြစ်သည်။ ၎င်းသည်အနောက်ဘက်ကမ်းဒေသအစ္စရေး အခြေချနေထိုင်သူများအား ထောက်ခံသူလည်းဖြစ်သည်။

**(ရိုက်တာ)**

# စက်မှုအဆောက်အအုံနေရာများ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် ဂျပန်၏ကြိုးစားမှုကို တောင်ကိုရီးယားဆန့်ကျင်

**ဆိုးလ် မေ ၇**

ဂျပန်နိုင်ငံက ၁၉ ရာစု စက်မှုအဆောက်အအုံများကို ကုလသမဂ္ဂ ကမ္ဘာ့ယဉ်ကျေးမှုအမွေနှစ်စာရင်း ဝင်နေရာအဖြစ် သတ်မှတ်ပေးရန် ကြိုးစားမှုကို တောင်ကိုရီးယားနိုင်ငံက ကြာသပတေးနေ့တွင် သမိုင်းဝင် အချက်များကို မမှန်မကန်ဖော်ပြသည်ဆိုကာ ပြစ်တင်ရှုတ်ချလိုက်ပြီး ယင်းစက်မှုအဆောက်အအုံများသည် ကိုရီးယားလူမျိုးချွေးတပ်သားများ၏ လုပ်အားကို ဂျပန်နိုင်ငံက အတင်းအကျပ် သုံးခဲ့ကြောင်း ဖော်ထုတ်ဖွင့်ချခဲ့သည်။

၁၈၅၀ ခုနှစ်လောက်ကတည်းက တည်ရှိခဲ့သော သံမဏိစက်ရုံများ၊ သင်္ဘောကျင်းများနှင့် ကျောက်မီးသွေးတွင်းများ အများစုပါဝင်သော စက်မှုရပ်ဝန်းနေရာ ၂၃ ခုကို ယူနက်စကိုအစီအစဉ်တွင် မှတ်တမ်းတင်ရန် ဂျပန်နိုင်ငံ၏ ကြိုးစားမှုသည် တောင်ကိုရီးယားနိုင်ငံအတွက် ဂျပန်နိုင်ငံ၏နယ်ချဲ့ခြင်းနှင့် လွန်လေပြီးသော အတိတ်ကစစ်ပွဲကာလများကို ဖုံးအုပ်ရန် ကြိုးစားမှုတစ်ခုအဖြစ် ရှုမြင်ကာ ဒေါသအိုး အကြီးအကျယ်ပေါက်ကွဲခဲ့ကြသည်။



ထိုသို့ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် စာရင်းဝင်ရန် ကြိုးစားခြင်းသည် သမိုင်းလိမ်သည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ၎င်းအရာရှိက ပြောခဲ့သည်။ ဂျပန်နိုင်ငံ၏ကြိုးပမ်းမှု၊ ကိုရီးယားနိုင်ငံ၏ ကန့်ကွက်မှုသည် အခြားသော အိမ်နီးချင်းနိုင်ငံများအကြား သံတမန်ဆက်ဆံရေးကို တင်းမာမှုဖြစ်ပေါ်လာနိုင်စေသည်။

**(ရိုက်တာ)**

# ရေတာရှည်၌ မိုးသက်လေပြင်းတိုက်၍ နေအိမ်အချို့ပျက်စီး

**ရေတာရှည် မေ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မေ ၆ ရက် ညနေ ၆ နာရီခွဲမှစ၍ လေပြင်းများ တိုက်ခတ်ခဲ့ရာ ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် သစ်ကိုင်းများ ကျိုးကျခြင်း၊ ဖုန်သဲများကြောင့် မြင်ကွင်းများပိတ်ဆို့သဖြင့် ယာဉ်အသွားအလာ နည်းပါးသွားကာ ဆွာမင်းလမ်းကျေးရွာအုပ်စုနှင့် ကုန်းကြီးကျေးရွာအုပ်စုများတွင် ကြက်ခြံတစ်ခု၊ လူနေအိမ်တစ်လုံး၊ ဓမ္မာရုံသွပ်မိုးများ လန်ခြင်းတို့ ဖြစ်ပွားခဲ့သည်။ အနောက်မြောက်ထောင့်ဘက်မှ တိုက်ခတ်လာသော လေပြင်းများကြောင့် ကားလမ်းအတိုင်း မောင်းနှင်လာသော ဆိုင်ကယ်စီးနင်းသူများ လဲကျသည်အထိ ဖြစ်ခဲ့ရကြောင်း ကိုယ်တိုင်ကြုံရသူတစ်ဦးက ပြောသည်။

"လေက အတော်ကိုပြင်းတယ်၊ ဖုန်တွေ သဲတွေနဲ့ ဆက်မောင်းလို့မရလို့ လမ်းဘေးမှာ ရပ်ထားတာ၊ လူရောဆိုင်ကယ်ပါ ဖင်ထိုင်လဲသွားတာ"ဟု ဆွာမြို့ခံတစ်ဦးက ပြောသည်။ နှစ်နာရီကြာ တိုက်ခတ်ခဲ့သော မိုးသက်လေပြင်းကြောင့် ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာအနောက်ဘက်ရှိ ကြက်ခြံတစ်ခြံပြိုလဲခဲ့ပြီး မှန်စီရွာထဲရှိ ကိုကျော်မင်း၏ သက်ငယ်မိုး၊ ထရံကာသုံးပင် ပတ်လည်နေအိမ်မှာလည်း အုန်းပင်ပိ၍ တစ်ခြမ်းပျက်စီးသွားခဲ့သည်။

အလားတူပင် ကုန်းကြီးကျေးရွာအုပ်စု ပြည်စုတ်ကျေးရွာ ကားလမ်းအရှေ့ဘက်ရှိ ပြည်လုံးချမ်းသာ ဓမ္မာရုံတွင်မိုးထားသော သွပ်နှင့် ဒိုင်းမြားတန်း ကိုးပေခန်းနှစ်ခန်း လွင့်ပါပျက်စီးသွားခဲ့သည်ကို တွေ့ရသည်။ နောက်ဆက်တွဲ ရွာသွန်းသည့်မိုးကြောင့် ပြည်စုတ်ကျေးရွာနှင့် မှန်စီကျေးရွာကြား ကားလမ်းဘေး၌ ရောင်းချရန် ပို့ထားသော စပါးအိတ်တင်း ၄၀၀ ခန့် မိုးမိခဲ့ပြီး သရက်ခြံများ၊ နွေစပါးရိတ်သိမ်းထားသော ကောက်လှိုင်းများ မိုးမိခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# နှစ်ပေါင်း ၈၀ အတွင်း မကြုံစဖူး မိုးသက်လေပြင်းကျ ကျောင်းနှင့်အိမ်များ အမိုးလန်၊ စေတီနှစ်ဆူထီးတော်မြေခ

**မိတ္ထီလာ မေ ၇**

မိတ္ထီလာမြို့တွင် မေ ၆ ရက် ညနေက မိုးရွာလေတိုက်ရာ နှစ် ၈၀ အတွင်း မကြုံစဖူး မိုးသီးကြွေ၊ မိုးသက်လေပြင်းကျ၍ မိတ္ထီလာမြို့နယ်တောင်ဘက် ၁၀ မိုင်ကွာ အလည်ရွာကျေးရွာအုပ်စု၊ ဆပ်ပြာကျင်းကျေးရွာအုပ်စုနှင့် ကန်နီကျေးရွာအုပ်စုရှိ အလယ်တန်း၊ မူလတန်းကျောင်းများ သွပ်မိုးများလန်၊ ကျေးရွာအိမ်များ သွပ်မိုးလန်ကာ စေတီတော်နှစ်ဆူ ထီးတော်မြေခသွားပြီး တောင်သူတစ်ဦး မိုးကြိုးပစ်သံကြောင့် လန့်ကာ သေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။

မေ ၆ ရက် ညနေက မိုးသီးများကြွေကာ မိုးသက်လေပြင်းကျရောက်သဖြင့် အလည်ရွာကျေးရွာအုပ်စု သီးပင်ကုန်းကျေးရွာ အလယ်တန်းကျောင်းခွဲမှ သွပ် ၁၆၂ ချပ် အမိုးများ လန်သွားခဲ့သည်။ သီးပင်ကုန်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းအတွင်းရှိ ဉာဏ်တော် ၁၀ တောင်ရှိ အောင်တော်မူ စေတီတော်မှာ ငှက်ပျောဖူးမှ ထီးတော်မြေခခဲ့သည်။ အိမ်ခြောက်လုံး သွပ်မိုးများလန်သွားခဲ့သည်။ ကုက္ကိုကုန်းကျေးရွာတွင် အိမ်နှစ်လုံး အမိုးများလန်သွားခဲ့သည်။ သီးပင်ကုန်းကျေးရွာတွင် အိမ်သုံးလုံးနှင့် သီးပင်ကုန်းကျေးရွာ အမက (၁၇၆) မူလတန်းကျောင်းမှာ သွပ် ၂၈ ချပ် အမိုးလန်သွားခဲ့သည်။ ကန်သာကျေးရွာတွင် အိမ် ၁၅ လုံး အမိုးများလန်သွားခဲ့သည်။ ကန်နီကျေးရွာအုပ်စု ညောင်ကုန်းဘုန်းတော်ကြီးကျောင်းအတွင်းရှိ ကိုးတောင်ပြည့် ကြယ်တံခွန်စေတီမှာ ဖောင်းရစ်မှ ထီးတော်မြေခခဲ့သည်။ ကုန်းသာကျေးရွာတွင် တောင်သူ ဦးဟန်ဆင့် (၅၉ နှစ်)မှာ မိုးကြိုးပစ်သံကြားပြီး လန့်၍ သေဆုံးသွားခဲ့သည်။ ဆပ်ပြာကျင်းကျေးရွာ အမက(၇၆) မူလတန်းကျောင်းမှာ သွပ်အချပ် ၆၀ လန်သွားခဲ့သည်။ ကြာကန်ကျေးရွာ အမက (၅၈)မှာ သွပ် ၅၀ အမိုးလန်သွားခဲ့သည်။ ညောင်ကုန်းကျေးရွာတွင် အိမ်ခြေ ၃၀ ကျော်နှင့် ကန်နီကျေးရွာတွင် အိမ် ၁၀ လုံး အမိုးလန် ပျက်စီးသွားခဲ့သည်။

ဤကဲ့သို့ မကြုံစဖူး နှစ်ပေါင်း ၈၀ အတွင်း မိုးသက်လေပြင်းကျ၍ အိမ်များ၊ ကျောင်းများ၊ စေတီများ ထီးတော်မြေခရသည်မှာ ယခုအကြိမ်ဖြစ်ပွားခြင်းဖြစ်သည်ဟု အသက် ၉၀ ကျော် အဘိုးအဘွားများက ပြောသည်။ မိုးသက်လေပြင်းကျ၍ ပျက်စီးသောကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်းတို့က ချက်ချင်းသွားရောက် စစ်ဆေးခဲ့ကြသည်။

**တင်လှိုင်(မိတ္ထီလာ)**

# လေဒဏ်ခံအိမ်များ ပြန်လည်ပြုပြင်ပြီးစီး

**ကျွန်းလှ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော လူနေအိမ်အချို့နှင့် ကျောက်အိုင်အုပ်စု တပေါင်းကျေးရွာ ဆရာ၊ ဆရာမ နေအိမ်၊ ရှမ်းကုန်းအုပ်စု ဆိပ်ဖူးကျေးရွာ အလကခွဲကျောင်းဆောင် လိပ်စင်းတောင်ကျေးရွာ အုပ်စုရုပ်/သံထပ်ဆင့်လွှင့်စက်ရုံမျက်နှာကြက်တို့ကို ယခုအခါ ပြန်လည်ပြုပြင်ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါပြုပြင်ရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုဖြင့် ကုမ္ပဏီ၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီများ၊ ရာအိမ်မှူးများနှင့် ရွာသူရွာသားတို့ ပူးပေါင်းပြုပြင်ကြပြီး ကျန်ပျက်စီးသော အဆောက်အအုံများအား အမြန်ပြုပြင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## နိုင်ငံ့တာဝန်ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်

# မကွေးမြို့နယ်၌ လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် လူနေအိမ်များပြိုကျခြင်းနှင့် အမိုးလန်ပျက်စီးမှုဖြစ်

**မကွေး မေ ၇**

မကွေးမြို့နယ်တွင် မေ ၆ ရက် ညနေ ၆ နာရီမှ ၆ နာရီခွဲအထိ လေပြင်းများတိုက်ခတ်ခဲ့မှုကြောင့် ကျေးရွာတချို့မှ အိမ်များပြိုကျခြင်း၊ အမိုးလန်ခြင်းများဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထိုလေပြင်းတိုက်ခတ်မှုကြောင့် မကွေးမြို့နယ်ရှိ အင်းကုန်းကျေးရွာတွင် နေအိမ်နှစ်လုံးပြိုကျခြင်းနှင့် အိမ် ၁၂ လုံး အမိုးလန်ပျက်စီးခဲ့ပြီး မကွေးမြို့နယ် အင်းပုကျေးရွာတွင် အိမ်ခုနစ်လုံးနှင့် နွားတင်းကုတ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး မကွေးမြို့နယ် မြစ်သာစည်ကျေးရွာတွင် အိမ်နှစ်လုံးပြိုကျခြင်းနှင့် အိမ် ၁၅ လုံး အမိုးလန်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရွှေတောင်းသာ (နေ့စဉ်)
ရွှေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

အောင်ပြည့်စုံ
ဗဂိုမြို့ သစ်မြောက်ပိုင်း၊
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်းမြို့နယ်များ
ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

7Stars
09.421052736, 09.492823366, 09.799860155

**ပျောက်ဆုံးကြောင်း**

စိုင်းလုံ(ဘ)ဦးစိုင်းယီလွတ် ၁၃/ကတန (နိုင်)၁၁၈၁၄၅ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၈၅၅၉၇၁

**တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ ဈေးတန်း(၂)ရပ်ကွက်နေ ဦးစိန်ဝင်း ၅/တမန(နိုင်) ၀၂၉၃၈၄၏ သမီး မဖြိုးထက်ထက်ဝင်း(ခ)မထက်ထက်ဝင်း ၅/တမန (နိုင်)၀၅၈၀၆၇မှာ တစ်ဦးတည်းဖြစ်ကြောင်းနှင့်မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁၂-၁၉၉၄ ဖြစ်ပါသည်။ **မဖြိုးထက်ထက်ဝင်း(ခ)မထက်ထက်ဝင်း ၅/တမန(နိုင်)၀၅၈၀၆၇**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရေသန့်ဆိုင်ရာလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) မြက်ခင်းရေပေးဝေရေးလုပ်ငန်းများ
(ခ) သောက်သုံးရေရရှိရေးလုပ်ငန်းများ
(ဂ) ရေသန့်ဆိုင်ရာစက်ပစ္စည်းများဝယ်ယူခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၁-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်နေ့ရက်/အချိန်** - ၅-၆-၂၀၁၅ ရက်၊ ၁၅:၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ** - ၁၁-၆-၂၀၁၅ရက်၊ ၁၃:၀၀ နာရီ ရုံးအမှတ်(၄၀)၊ နေပြည်တော် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ဖုန်း-၀၆၇-၅၉၀၅၀၉၊ ၀၆၇-၅၉၀၄၄၃**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အဆောက်အအုံဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ဆောက်လုပ်မည့်ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ ဆောက်လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၅ ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၈-၅-၂၀၁၅ရက်

၄။ **တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်** -၂၅-၅-၂၀၁၅ ရက်

(ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့် စံချိန်စံညွှန်းများ)

၅။ Technical အောင်မြင် သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၆။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၁-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရွေးချယ်ရေးအဖွဲ့**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီး၊ ရုံးအမှတ် ၁၁၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၇၄၄၉၊ ၀၉-၅၁၆၁၉၇၁**

# မီးပျက်၍ ဖယောင်းတိုင်မီးထွန်းညှိရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ပျဉ်းမနား မေ ၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွပ် ပဲရွာသဲကျွန်း နယ်မြေ(၂)၌မေ ၅ ရက် ည ၁၁ နာရီ ၂၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွား သည်။

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် ပဲရွာသဲကျွန်း နယ်မြေ(၂) အမှတ်(၂/၂၂)နေ ဦးကျော်ဝင်း (၆၅ နှစ်) ယာဉ်နောက်လိုက်၏နေအိမ်တွင် ဇနီး ဖြစ်သူ ဒေါ်ခင်ဝင်း(၆၀ နှစ်)က နေအိမ်၌ရှိနေစဉ် မီးပျက်၍ ဖယောင်းတိုင်မီး ထွန်းညှိထားရမှာတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ရာ မီးလောင်ကျွမ်းမှုကြောင့် ဒေါ်ခင်ဝင်း၏ နေအိမ် (၄×၃) ပင်သွပ်မိုး၊ ထရံကာနေအိမ်တစ်လုံးနှင့် ၎င်းအနီးရှိနေအိမ်လေးလုံး စုစုပေါင်း ငါးလုံးမီးလောင်ကျွမ်းခဲ့သဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ ၄၅ မိနစ်တွင် မီးညွှန့်ကျိုးခဲ့ပြီး မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် အသေအပျောက်မရှိခဲ့သော်လည်း မီးလောင်စဉ် ပစ္စည်းဝင်ရောက် ကူညီသယ်ပေးသူ ခင်မောင်ထွေး(၃၉ နှစ်) ဥယျာဉ်စု ရပ်ကွက် ပျဉ်းမနားမြို့နယ်နေသူမှာ အသက်ရှူ ကြပ် ဝေဒနာ(မစိုးရိမ်ရ) ခံစားခဲ့ရသဖြင့် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

မီးလောင်ရာသို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနား မြို့နယ် တာဝန်ခံဗိုလ်မှူးကြီး မြင့်အောင်သန်း၊ မီးသတ် ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးသန့်ကျော်ကျော်၊ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးဝင်းချွန်၊ နေပြည်တော်မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးလှိုင်၊ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် ဝန်ထမ်းများ၊ ပျဉ်းမနား မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မိုးဦးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ၈၅ တပ်မှ ဗိုလ်မှူး သန်းမင်းထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့စု(၆) ပျဉ်းမနားမှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးမှူးနှင့်အဖွဲ့ဝင်များ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ မီးသတ်ရေယာဉ် ၃၀ ရောက်ရှိပြီး ဒေသခံပြည်သူများပါဝင် ပူးပေါင်း မီးငြိမ်းသတ်ခဲ့သည်။ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ လိုအပ်သည်များကို စစ်ဆေးကာ တာဝန်ရှိ သူများက ဆက်လက်အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



# အပူလွန်ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းမှုဖြစ်ပွား

**ကျိုင်းတုံ မေ ၇**

ကျိုင်းတုံမြို့တွင် မေ ၆ ရက် ည ၉ နာရီ ၄၃ မိနစ်ခန့်က စတင်ပြီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။ဖြစ်စဉ်မှာ အမှတ်(၃)ရပ်ကွက် ဈေးတန်းကြီးလမ်းရှိ တစ်ထပ်အုတ်နှင့် သစ်ညှပ်အဆောက်အအုံ၏ ပေ(၁၀×၂၀) ငါးခန်းတွဲတွင် ဒေါ်နန်းတစ်ဆိုသူ၏ အဝတ်အထည်ဆိုင်မှ လေပန်ကာဖွင့်ထားမိခဲ့ရာမှ အပူလွန်ဝိုင်ယာရှော့ခ်ဖြစ်၍ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆိုင်မှတစ်ဆင့် အခန်းချင်းကပ်လျက်ရှိသော အသားကင်များ ရောင်းချသည့် ဆိုင်နှင့် VCD/DVD အခွေငှားရောင်းသည့် ဆိုင်များသို့လည်း ကူးစက်လောင်ကျွမ်းသွားခဲ့သည်။

မီးလောင်မှုစတင်ဖြစ်ပွားစဉ် အနီးအနားရှိ ပြည်သူများက ဦးစွာ ငြိမ်းသတ်ကူညီကြပြီးနောက် မြို့နယ်မီးသတ်တပ်ဖွဲ့သို့လည်း ချက်ချင်းဖုန်းဆက်သတင်းပေးခဲ့သည်ဟု ရပ်ကွက်နေရပ်မိရပ်ဖတစ်ဦးက ပြောသည်။ ကျိုင်းတုံမီးသတ်တပ်ဖွဲ့မှလည်း သတင်းရလျှင်ရချင်းမီးငြိမ်းသတ်ယာဉ်ငါးစီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့ဖြင့် အမြန်ဆုံးလာရောက်မီးငြိမ်းသတ်ခဲ့သဖြင့် ည ၁၀ နာရီကျော်တွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကို ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **ကြည်မင်းဦး**



# မီးကြွင်း မီးကျန်မှ တစ်ဆင့်မီးလောင်မှုဖြစ်ပွား

**ဝန်းသို မေ ၇**

မေ ၅ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀က ဝန်းသိုမြို့ မြနန္ဒာရပ်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြရာ၌ ဝန်းသိုမြို့ မြနန္ဒာရပ်နေ မမြင့်မြင့်သန်း၏ နေအိမ်တွင် မီးကြွင်း မီးကျန်မှ တစ်ဆင့် မီးစတင်လောင် ကျွမ်းခဲ့ရာ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးပေါ့ဆစွာ သုံးစွဲသူ မမြင့်မြင့်သန်း (၄၂နှစ်) မြနန္ဒာရပ် စစ်ကဲကြီးရပ်ကွက် ဝန်းသိုမြို့နေသူကို ဝန်းသိုမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

**နိုင်ငံဘက်စုံ တည်ဆောက်စို့**
**မှန်မှန်ကန်ကန် အခွန်ပေးစို့**

# ကျောက်ပစ်ကုန်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လူနေအိမ်လေးလုံးမီးလောင်ဆုံးရှုံး

**မကွေး မေ ၇**

မကွေးမြို့နယ် ကျောက်ပစ်ကုန်းကျေးရွာတွင် မေ ၅ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူနေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ပစ်ကုန်းကျေးရွာနေ မိုးအောင် (၃၂နှစ်) ၏ နေအိမ် သုံးပင် နှစ်ခန်း သက်ငယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်းပေါ်တွင် ထမင်းဟင်းချက်ပြုတ်ပြီးနောက် မီးကြွင်းမီးကျန်ကို ငြိမ်းသတ်ခြင်းမရှိသဖြင့် ထိုမီးကြွင်းမီးကျန်မှတစ်ဆင့်နေအိမ်ကို မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ စစ်ဆေးချက်အရ သိရသည်။

ထိုမီးလောင်မှုကို ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ ဝိုင်းဝန်းမီးငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ထိုကျေးရွာရှိ သုံးပင်ပတ်လည် နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

# မောင်တောမြို့တွင် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မောင်တော မေ ၇**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် မေ ၅ ရက် ညနေ ၇ နာရီခွဲတွင် သုံးမိုင်နယ်ခြားစောင့်ရဲတပ်ဖွဲ့မှူး သိန်းဇော်ထူးပါ တပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် ရွှေဇားတံတားဂိတ်မှ ရဲကင်းစခန်းမှူး ဒုရဲအုပ် နောင်ထွေးနိုင်ပါ တပ်ဖွဲ့ဝင်ကိုးဦး၊ အထူးမူးယစ်ဆေးဝါး တားဆီးရေးအဖွဲ့မှ ရဲအုပ်ဇော်လင်းထွန်းပါ တပ်ဖွဲ့ဝင်လေးဦး၊ ရွှေဇားကျေးရွာအုပ်ချုပ်ရေးမှူး ဦးသောင်းထွန်းနှင့် ဆယ်အိမ်မှူး ဇာကိန်းဟူဆောင်တို့နှင့်အတူ သတင်းအရ စောင့်ဆိုင်းနေစဉ် မောင်တောမြို့မှ ရွှေဇားကျေးရွာဘက်သို့ မောင်းနှင်လာသော ISUZU Hilandeer လိုင်စင်မဲ့ အနက်ရောင်ကားကို ရွှေဇား အမက (မူလွန်) ကျောင်းရှေ့ ကားလမ်းမတွင် ရပ်တန့်စစ်ဆေးရာ ကားအလယ်ခန်းထဲတွင် အဖြူရောင်ပလတ်စတစ်အိတ်ထဲ၌ အကြည်ရောင်တိပ်ဖြင့်ပတ်စည်းထားသော အထုပ်ပေါင်း ၆၀ ကို တွေ့ရှိရပြီး ယင်းအထုပ်ကို ဖွင့်ဖောက် စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါကားကို မောင်းနှင်လာသူ ရွှေစောထွန်း (ခ)မျိုးထွန်း (၂၅နှစ်)နှင့် မိုက်ကယ်ထွန်း (၂၉နှစ်) မြို့မရပ်ကွက် (ဝိမလရွာ) နေသူတို့ နှစ်ဦးကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## နှစ်(၄၀)ပြည့် ပတ္တမြားရတု မင်္ဂလာဆုတောင်း

၈-၅-၂၀၁၅ ရက်တွင် ကျရောက်သော ဖေဖေဦးဝေလင်းအောင် အထွေထွေမန်နေဂျာ(ငြိမ်း) (မြန်မာ့သစ်လုပ်ငန်း)နှင့် မေမေ ဒေါ်ဥမ္မာစန်းလွင်(ခ)ဒေါ်ခင်မြတ်လှတို့၏ နှစ် ၄၀ပြည့် ပတ္တမြားရတုမင်္ဂလာနှစ်ပတ်လည်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် သားသမီး၊ မြေး၊ မြစ်များနှင့်အတူ ကျန်းမာပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း။

သမီး - ကျော်ထင်ဟန် (လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)-သီရိသန္တာအောင်
သား - နိုင်လင်းအောင် (ဦးစီးအရာရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)-ဂိုဂို Cabin Crew Manager (Air KBZ Ltd.)
မြေးများ - စွမ်းစွမ်း၊ ကောင်းကောင်း၊ Liam လုံးလုံး

## သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ပုံစံ(၈)ဝင် ကြိမ်သေး၊ မီးသွေး၊ သစ်စက်နှင့်ဆက်စပ်ပစ္စည်းများ လေလံတင်ရောင်းချရန် ကြေညာခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါပုံစံ(၈)ဝင် ကြိမ်သေး၊ မီးသွေး၊ သစ်စက်နှင့်ဆက်စပ်ပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀-၅-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်အနေဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | မြို့နယ် | လေလံတင်ရောင်းချမည့်ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁။ | အင်းစိန်မြို့နယ် | လွှဝိုင်း၊ ရှပ်တန်း၊ လွှခုံ၊ ပူလီကြိုး၊ ပူလီဘီး၊ မော်တာ |
| ၂။ | မော်ဘီမြို့နယ် | ကြိမ်သေး၊ လက်ဆွဲလွှ၊ မီးသွေး |

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၁-၅-၂၀၁၅ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး ဖုန်း-၀၁-၆၈၃၅၆၅ နှင့်သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာန၊ သစ်တောဦးစီးဌာနအရာရှိရုံးများသို့ ဆက်သွယ်စုံစမ်း နိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ

## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါတပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-
(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့
(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ဂ) အကျဉ်းဦးစီးဌာန
(ဃ) မီးသတ်ဦးစီးဌာန
၂။ အထက်ပါဦးစီး/ဌာနများတွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အဆိုပြုတင်ဒါ အဆိုပြုလွှာဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံနှင့်အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များအား ၆-၄-၂၀၁၅ ရက်မှ ၃၀-၄-၂၀၁၅ ရက်အတွင်း ရောင်းချခဲ့ပြီးဖြစ်ပါသည်။
၃။ အဆိုပြုတင်ဒါ အဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ ၇-၅-၂၀၁၅ ရက်မှ ၁၀-၅-၂၀၁၅ ရက်အထိ ပြည်ထဲရေးဝန်ကြီးရုံး(ရုံးအမှတ်-၁၀)ရှေ့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ မူလတန်းကြိုကျောင်းတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။
၄။ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စု အမှတ်စဉ်အလိုက် ၁၃-၅-၂၀၁၅ ရက်တွင် ၀၉:၀၀ နာရီမှ ၁၆:၀၀ နာရီအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်(ရုံးအမှတ်-၈)၊ အရိန္ဒမာခန်းမတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်း မပြုပါ)
၅။ ကုမ္ပဏီများ၏ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများကို တပ်ဖွဲ့/ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စုအလိုက် အောက်ပါရက်များတွင် ဖွင့်ဖောက်ကြေညာပေးသွားမည်ဖြစ်ပါသည်-
(က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ┐
(ခ) အကျဉ်းဦးစီးဌာန ├ ၁၄-၅-၂၀၁၅ ရက်
(ဂ) မီးသတ်ဦးစီးဌာန ┘
(ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၁၅-၅-၂၀၁၅ ရက်
၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးရုံး | ဖုန်း-၀၆၇-၄၁၂၄၃၆၊ ၀၆၇-၄၁၂၄၃၇ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၄၁၂၁၃၈၊ ၀၆၇-၄၁၂၂၅၈ |
| (ဂ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၁၂၅၂၈၊ ၀၆၇-၄၁၂၁၇၄ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ်(၁/၂၀၁၅)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(နေပြည်တော်)တွင် B.E (Civil), B.E(IT) ဘွဲ့ရများအား လစာနှုန်း(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာများ၌လည်းကောင်း၊ B.C.Sc, B.C.Tech, B.Com, B.Tech(EP) ဘွဲ့ရများအား လစာနှုန်း (၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀)ရာထူးနေရာများ၌လည်းကောင်း အလုပ်ခန့်ထားရန်အတွက် သတ်မှတ်ချက်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
၂။ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး(နေပြည်တော်)တွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများပူးတွဲ၍ ၃၁-၅-၂၀၁၅ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၅-၂၀၁၅ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) (၆)လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(င) တစ်လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(စ) တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်း ထောက်ခံစာ။
(ဆ) (၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။
၃။ သတ်မှတ်ချက်ကိုက်ညီသူများအား ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ပါမည်။
၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၀၁၇၊ ၀၆၇-၄၀၄၃၆၅ နှင့် ၀၆၇-၄၀၄၅၁၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**ဖခင်အမည်မှန်**

မင်းဘူးမြို့၊ အထက(၁) နဝမတန်း အောင်မြင်ခဲ့သော မအိအိခိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းလင်းဦး ၈/မဘန(နိုင်)၀၈၇၁၇၆ ဖြစ်ပါကြောင်း။

**ဦးထွန်းလင်းဦး**

# နှစ်ဦးတွင် နွေးထွေးစွာကြိုဆိုနေသော လွယ်ဂျယ်ပြည်သူ့ဆေးရုံကြီး



**လွယ်ဂျယ် မေ ၇**

လွယ်ဂျယ် ပြည်သူ့ဆေးရုံကြီးကို ၂၀၀၇ ခုနှစ်က တည်ဆောက်ခဲ့ပြီး အမျိုးသားလူနာဆောင်၊ အမျိုးသမီး လူနာဆောင်၊ ပြင်ပလူနာဌာနနှင့် ဆရာဝန်ရုံးခန်းစသည်ဖြင့် စနစ်တကျ တည်ဆောက်ထားပြီး ကျယ်ဝန်းလှပသော ပြည်သူ့ဆေးရုံဖြစ်သည်။ လွယ်ဂျယ်မြို့နယ်တွင် ကချင်၊ ရှမ်း၊ လီဆူ၊ ဗမာလူမျိုးအနည်းငယ် ပေါင်းစုနေထိုင်ကြပြီး အများပြည်သူ ကျန်းမာရေးအတွက် လွယ်ဂျယ်ဆေးရုံကြီးကို အားကိုးအားထားပြုလျက် ဆေးကုသမှု ခံယူကြရသည်။

၂၀၁၁-၂၀၁၂ ခုနှစ်များတွင် နယ်မြေအေးချမ်းလုံခြုံမှု နည်းပါးလာ၍ ပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန်မရှိ၊ ဆေးမရှိ၊ လူနာမရှိ ဖြစ်ခဲ့ခြင်းကြောင့် ၂၀၁၄ ခုနှစ်တွင် ဆေးရုံကြီးအား ကချင်ပြည်နယ်အစိုးရမှ ခွင့်ပြုငွေကျပ် ၂၃၅၀၀၀၀ အကုန်အကျခံ၍ ပြန်လည်မွမ်းမံပြင်ဆင်ဆောင်ရွက်ခဲ့ရာ နယ်မြေခံတပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဝင်းကျော်သူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိုးမောက်မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထက်အောင်၊ မြို့မိမြို့ဖများ ဦးစီးဦးဆောင်ပြုလျက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသဖြင့် ၂၀၁၅ ခုနှစ်တွင် ဆေးရုံသစ်ကြီးပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

ယခုအခါ ဆေးဝါးများပြည့်စုံနေပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းလှိုင်၊ အထက်တန်း သူနာပြုနှစ်ဦး၊ သူနာပြုခြောက်ဦး၊ ဆေးဝန်ထမ်း စုံလင်စွာဖြင့် လူနာများအား ဂရုစိုက် ကုသပေးနေသောကြောင့် မြို့သူမြို့သား၊ နယ်သူနယ်သားများ ဝမ်းမြောက်ဝမ်းသာရှိကြကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးအလုပ်ရုံဆွေးနွေး

**တောင်ကြီး မေ ၇**

မြန်မာနိုင်ငံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာမဟာဗျူဟာ စီမံချက်ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးစီမံကိန်း၊ စီမံကိန်းပထမအဆင့်တွေ့ရှိချက်များကို စိစစ်အတည်ပြုခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို မေ ၄ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ တောင်ကြီးဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အတွင်းရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားရာတွင် အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းယူပြီး တစ်လအကြာ ၂၀၁၁ ခုနှစ်မေလတွင် ပထမဆုံးသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ(NSPARD) ကိုချမှတ်ခဲ့၍ မဟာဗျူဟာမြောက် အရေးကြီးကဏ္ဍ ရှစ်ခုပါဝင်ပြီး အများစုမှာ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဆိုင်ရာ ကဏ္ဍများဖြစ်ကြောင်း၊ (F.A.O) မှ စီမံကိန်းအမည်ကို "မြန်မာနိုင်ငံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ မဟာဗျူဟာ စီမံကိန်းရေးဆွဲရေး၊ အကောင်အထည်ဖော်ရေးစီမံကိန်း" ဟု အမည်ပေးခဲ့ပြီး စီမံကိန်းကို ၂၀၁၄ ခုနှစ် မေလတွင် စတင်ခဲ့ကာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ လ ၂၀ ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အလုံမြို့နယ်အတွင်း တီဘီလူနာကွင်းဆင်းရှာဖွေရေး လုပ်ငန်းဆောင်ရွက်

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်မိုး ဦးဆောင်၍ အလုံမြို့နယ် ခေတ္တမြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကြည်သာမြင့်သိန်းနှင့် သူနာပြုသားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများသည် နယ်လှည့်တီဘီလူနာကွင်းဆင်းရှာဖွေရေးအဖွဲ့နှင့်အတူ မေ ၄ ရက် က အလုံမြို့နယ် ဌာနာရပ်ကွက်၊ နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမ၌ မြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ဓာတ်မှန်ရိုက်ခြင်း နှင့် တီဘီရောဂါရှာဖွေကုသရေး လုပ်ငန်းများကို ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ဌာနာရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများက ပါဝင်ကူညီဆောင်ရွက်ပေးကြပြီး အဆိုပါအဖွဲ့သည် မေ ၄ ရက်မှ ၈ ရက်အထိ အလုံမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ကွင်းဆင်းပြီး တီဘီရောဂါရှာဖွေကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ရွှေတိုင်လွင်**



# ငှက်ဖျားရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးလုပ်ငန်း အကြိုဆွေးနွေး

**မဘိမ်း မေ ၇**

လူထုအခြေပြု ငှက်ဖျားရောဂါကင်းစင်ထိန်းချုပ်နိုင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၄ ရက်က လုပ်ငန်းအကြိုညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ငွေးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေလင်းက မြို့နယ်အတွင်း ငှက်ဖျားနှင့်တီဘီရောဂါဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော CESVI ငှက်ဖျားနှင့် တီဘီတိုက်ဖျက်ရေးအဖွဲ့မှ သီပေါမြို့နယ် ညှိနှိုင်းရေးမှူး ဒေါက်တာအောင်ကျော်ထွန်းက CESVI ၏ အဓိကလုပ်ငန်းဆောင်တာများကို ရှင်းလင်းပြောကြားသည်။

ယခု မဘိမ်းမြို့နယ်ရှိ ကျေးရွာ ၄၀ တွင် လူထုအခြေပြု ငှက်ဖျားရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးတို့ကို ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ စေတနာ့ ဝန်ထမ်းများအတွက် သင်တန်းကို မေ ၂၅ရက်မှ ၂၈ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းဦး(iprd)**



ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၊ ရွှေပညာဒါန အခမဲ့ သင်တန်းဆင်းပွဲကို မေ ၅ ရက် နံနက် ၁၀ နာရီက ရွှေဘုံသာလမ်းရှိ အသင်းရုံး၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းသားတစ်ဦးကို သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။

ဘော်ဂါသွေး

**သတင်းတိုများ**

## မိုးညိုတွင် မိုးပွင့်စီမံချက် ကွင်းဆင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနရှိ ဝန်ထမ်းများသည် မိုးပွင့်အထူးစီမံချက်ကို ဧပြီလအတွင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်အတွင်းရှိ ရပ်ကွက် /ကျေးရွာအုပ်စုမှ ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ၃၄၃ ကတ် နှင့် ၁၈ နှစ်ပြည့် နိုင်ငံသား ကတ်လဲလှယ်မိတ္တူ ၁၂၂၇ ဦးတို့အား ထုတ်ပေးခဲ့သည်။ ၂၀၁၅ ခုနှစ် မေနှင့် ဇွန်လအတွင်း ကျန်ရှိနေသည့် ရပ်ကွက် ကျေးရွာအုပ်စု ၁၅ အုပ်စုတို့ကို ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ခင်လတ်(မိုးညို)**

## ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေးစခန်း (ချင်းရွှေဟော်) ၏ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ဧပြီလ၏ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို မေ ၃ ရက်က နယ်စပ်ကုန်သွယ်ရေးစခန်း၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် ဧပြီလ၏ ကုန်သွယ်မှုပမာဏ သတ်မှတ်လျာထားချက်တွင် ပို့ကုန် /သွင်းကုန် နှစ်ခုတွင် ရာခိုင်နှုန်းပြည့်မီကျော်လွန်ဆောင်ရွက်နိုင်ခဲ့ကြောင်း နှင့်နောင်လာမည့်လများတွင်လည်း ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေး ကုန်သည်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အမျိုးသမီးအိမ်တွင်းမှု သင်တန်းဖွင့်

နယ်စပ်ဒေသနေ အမျိုးသမီးလေးများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုရေး၊ အသိပညာဗဟုသုတတိုးပွားစေရေးနှင့် ဒေသပတ်ဝန်းကျင်အကျိုးပြုနိုင်သူများဖြစ်လာရေးတို့အတွက် ရည်ရွယ်လျက် ဖလမ်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေး လုပ်ငန်းပညာသင်တန်းကျောင်း၌ဖွင့်လှစ်သည့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၅) အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲကို မေ ၄ ရက် နံနက် ၁၀ နာရီက အဆိုပါ သင်တန်းခန်းမ၌ကျင်းပရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၄ ဦးတက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## စည်ပင်သာယာရေးနယ်နိမိတ် တိုးချဲ့ သတ်မှတ်ရေးညှိနှိုင်းစည်းဝေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိသော ကျေးရွာများ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်သတ်မှတ်ရေးညှိနှိုင်းအစည်းအဝေး ကိုမေ ၅ ရက်က မြို့ဟောင်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက စည်ပင်နယ်နိမိတ်တိုးချဲ့ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး ရပ်မိရပ်ဖ ဦးစိုင်းကာလိန်ဝမ်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းစံအေးတို့က ဆွေးနွေးကြသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်က မြို့နှင့်တစ်ဆက်တစ်စပ်တည်းရှိသော ကျေးရွာများ၊ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တိုးချဲ့သတ်မှတ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ နှင့်လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားပြီး ဒေသခံများ၏တင်ပြချက်အပေါ် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးကြကြောင်းသိရသည်။ **စိုင်း(သီပေါ)**

## သောက်သုံးရေလိုအပ်သောကျေးရွာများသို့ ရေများဖြန့်ဝေ

**ရေတာရှည် မေ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မေလပထမအပတ်မှစ၍ နေ့အပူချိန်များမြင့်တက်နေပြီး ကျေးလက်ဒေသအချို့၌ သောက်သုံးရေ အခက်အခဲ ကြုံတွေ့နေရသဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ရေတာရှည်မြို့မှ မြို့မိ မြို့ဖများ စေတနာရှင်များစုပေါင်း၍ မေ ၄ ရက်မှစ၍ ရေများဖြန့်ဝေပေးနေကြောင်း သိရသည်။

မေ ၄ ရက်တွင် သိုင်းဝကျေးရွာအုပ်စု အလယ်မြောင်ကျေးရွာရှိ အိမ်ထောင်စု ၄၅၃ စုအား မီးသတ်ဦးစီးဌာန၏ ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၁၆၀၀ နှင့် အမှတ် ၃၀၃၂ တပ်ရင်းမှူး ဗိုလ်မှူးကျော်သူရဦးစီးသော တပ်မတော်သားများက ၂၀ လီတာဝင်ရေသန့်ဗူးကြီး ၁၀၀ ကို ဖြန့်ဝေပေးခဲ့သည်။ မေ ၆ ရက်တွင် သိုင်းဝကျေးရွာအုပ်စု ကမ္ဘားနီကျေးရွာရှိ အိမ်ထောင်စု ၃၉၄ စုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်နှင့် ရေတာရှည်မြို့မှ စေတနာရှင်များက သောက်သုံးရေဂါလန် ၂၂၀၀ ကို ထပ်မံဖြန့်ဝေပေးခဲ့သည်။ ဆက်လက်၍ မြို့နယ်အတွင်းမှ ရေအခက်အခဲကြုံတွေ့နေရသော ကျေးရွာများဖြစ်သည့် ဂုံမင်းကွင်း၊ ကဘဲ့၊ ရေငံ၊ ဆွာမင်းလမ်း ကျေးရွာများနှင့် သစ်တောကြိုးဝိုင်းဒေသ ကျေးရွာများဖြစ်သည့် (၇)မိုင်၊ (၈)မိုင် ကျေးရွာများသို့လည်း သောက်သုံးရေများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## သစ်နှင့် သစ်စက်ဆက်စပ်ပစ္စည်းများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**ပင်လည်ဘူး မေ ၇**

ပင်လည်ဘူးမြို့နယ် ကမ်းနီကျေးရွာအုပ်စုအတွင်းရှိ ခံစားလာကာကြိုးဝိုင်း အမှတ်(၁၁၉)၌ သစ်လုံးများ၊ သစ်ခွဲသားများနှင့် သစ်ခွဲစက် ဆက်စပ်ပစ္စည်းများကို ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးသန်းနိုင်နှင့် သစ်တောဝန်ထမ်းများက မေ ၅ ရက်တွင် ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တရားမဝင်ကျွန်းသစ် ၁၅ လုံး (အလေးချိန် ၅ဒသမ၃၈၆)တန်၊ ယမနေသစ်လုံး နှစ်လုံး(အလေးချိန် ၀ ဒသမ၃၆၄)တန်၊ ကျွန်းသစ်ခွဲသား ၁၆၆ချောင်း (အလေးချိန် ၃ဒသမ ၄၈၃၆)တန်၊ စုစုပေါင်းအလေးချိန် ၉ ဒသမ၂၃၃၆ တန်၊ ကာလတန်ဖိုးကျပ် ၁၅ သိန်းကျော်ခန့်ဖြစ်ပြီး သစ်ခွဲစက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်း ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့သည့် တရားမဝင်သစ်များ၊ သစ်ခွဲသားများနှင့် သစ်စက်ဆက်စပ်ပစ္စည်းများကို ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာနတွင် ထိန်းသိမ်းထားပြီး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**



## အကောက်ခွန်မဲ့ကုန်ပစ္စည်း ကျပ်သိန်းတစ်ထောင်ကျော်ဖိုး ဖျက်ဆီး

**မြဝတီ မေ ၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်းမှ ဖမ်းဆီးရမိထားသော အကောက်ခွန်မဲ့ကုန်ပစ္စည်းမျိုးစုံ တန်ဖိုးကျပ်သိန်းတစ်ထောင်ကျော်ဖိုးကို မြဝတီကုန်သွယ်ရေးဇုန်၌ မေ ၆ ရက်က ဖျက်ဆီးပစ်ခဲ့ကြောင်း သိရသည်။

အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ဖျက်ဆီးသည့်အခမ်းအနားတွင် ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေက အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဖမ်းဆီးရမိထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် အရက်၊ ဘီယာ၊ ဘဲဥ၊ ကွမ်းစားဆေးစသည့် ပစ္စည်းအမျိုးမျိုး စုစုပေါင်းတန်ဖိုး ကျပ် ၁၁၃၆၁၀၀၀၀ ကို ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများက စက်ယန္တရားများဖြင့် ဖျက်ဆီးခဲ့သည်။

အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ဖျက်ဆီးမှုကို အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမိုးညိုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များက စောင့်ကြည့်လေ့လာခဲ့ကြောင်း သိရသည်။

**နဒီမြင့်မိုရ်(မြဝတီ)**

## ရောဝတီဘောလုံးအကယ်ဒမီက လူငယ်ဘောလုံးသမားများ ရွေးချယ်

**ဖျာပုံ မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့မှ အသက် ၁၅ နှစ်အောက် လူငယ်ဘောလုံးကစားသမား ၇၀ ကို ဧရာဝတီဘောလုံးအကယ်ဒမီနှင့် ခရိုင်အား/ကာမှ တာဝန်ရှိသူများက မေ ၅ ရက်နှင့် ၆ရက်တွင် လာရောက်ရွေးချယ်ခဲ့ကြောင်း သိရသည်။

ဖျာပုံမြို့မှ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် ဖျာပုံမြို့နှင့် ဧရာဝတီတိုင်းဒေသကြီး၏ ဘောလုံးအားကစား တိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံကိုယ်စားပြု ကစားသမားများ ပေါ်ထွက်လာစေရန်အတွက် လူငယ်မျိုးဆက်သစ်ကစားသမားများကို ဧရာဝတီဘောလုံးအကယ်ဒမီမှ ဒုတိယကျောင်းအုပ်ကြီး ဦးကိုကိုကြီး၊ နည်းပြချုပ်ဦးလင်းရောင်နှင့် အဖွဲ့၊ ခရိုင်အား/ကာမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းတို့က လာရောက်ရွေးချယ်ခြင်းဖြစ်သည်။

ရွေးချယ်ခံရသည့် ကျောင်းသားလူငယ်ဘောလုံးသမားများကို အတန်းအလိုက် ကျောင်းအပ်နှံပေးခြင်း၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ တစ်နေ့လျှင်ခြောက်ကြိမ် အာဟာရကျွေးမွေးခြင်း၊ ကျောင်းကြိုပို့ကားစီစဉ်ပေးခြင်း၊ အားကစားဝတ်စုံများဖြည့်ဆည်းပေးခြင်း၊ နံနက်ည အားကစားလေ့ကျင့်ပေးခြင်း၊ အခြားလိုအပ်ချက်များ ပံ့ပိုးပေးခြင်း၊ တစ်လလျှင် မုန့်ဖိုးကျပ် ၁၂၀၀၀ ထောက်ပံ့ပေးခြင်း၊ ကျောင်းပိတ်ရက်များတွင် အိမ်ပြန်ရန်ခရီးစရိတ်ထောက်ပံ့ပေးခြင်းများ ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(ဖျာပုံ)**




# မိုးရာသီတွင်စိုက်ပျိုးရန် ပျိုးပင်ခြောက်သောင်းကျော် ပျိုးထောင်ထား

**မော်လမြိုင်ကျွန်း မေ ၇**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းတစ်ရပ်အဖြစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခု ၂၀၁၅-၂၀၁၆ မိုးရာသီအတွင်း စိုက်ပျိုးရန် သစ်ပင်မျိုးစုံ ပျိုးပင်ပေါင်း ၆၂၅၀၀ ကို မော်လမြိုင်ကျွန်းမြို့နယ်သစ်တောဦးစီးဌာနက ပျိုးထောင်ထားပြီးဖြစ်ကြောင်းသိရသည်။

ပျိုးပင်များကို မော်လမြိုင်ကျွန်းမြို့နယ်သစ်တောဦးစီးဌာန ရုံးဝင်းအတွင်းရှိ ယာယီသစ်တောပျိုးဥယျာဉ်တွင် ပြုစုပျိုးထောင်ထားပြီး မြို့နယ်သစ်တော ဦးစီးဌာနမှူးဦးကျော်ညွန့်နှင့်ဝန်ထမ်းများက ပျိုးပင်များအား နေ့စဉ်ရေလောင်းပေါင်းသင် ပြုစုထိန်းသိမ်းလျက်ရှိကြောင်း၊ ပျိုးပင်များအဖြစ် ကျွန်း၊ ယူကလစ်၊ မဲဇလီ၊ အော်ရီရှား၊ မဟော်ဂနီနှင့် အခြားသစ်ပင်အမျိုးမျိုးကို ပြုစုပျိုးထောင်ထားကြောင်းသိရသည်။



ပျိုးပင်များကို မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲများအဖြစ် မြို့နယ်အနှံ့သို့ တစ်အိမ်ထောင်လျှင် သစ်မာပင် ၂၀၊ ကျွန်းသုံးပင် ဖြန့်ဝေကာ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တစ်ရွာ တစ်ဧက သစ်မာစိုက်ခင်းများ၊ လူထုနှင့်ဌာနဆိုင်ရာများထံ ဖြန့်ဝေစိုက်ပျိုးသွားမည့် သစ်ပင်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် အခမဲ့ဖြန့်ဝေမည့် ပျိုးပင်များကို အောင်မြင်ရှင်သန်စွာ စိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျ သစ်ပင်စိုက်ပျိုးနည်းများကိုလည်း သစ်တောဦးစီးဌာနဝန်ထမ်းများက လက်တွေ့ပြသကာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများနှင့်အတူ ပူးပေါင်းစိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို မြို့နယ်အနှံ့ကျင်းပသွားမည်ဖြစ်ပြီး ကျွန်းပင်များကို မော်လမြိုင်ကျွန်း-ဘိုကလေးကားလမ်းတစ်လျှောက်နှင့် ကျော်ဇံ-ကျိုက်ပိ ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာများတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**ပဲခူး မေ ၇**

(၆၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ မေ ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးညဏ်ဝင်းက မိန့်ခွန်းပြောကြားပြီး လုပ်သက် ၂၅နှစ်အထက် စေတနာ့ဝန်ထမ်း အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးအောင်မြင့်က ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းဒေသကြီးနယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းက မီးသတ်သင်တန်းများတွင် ပထမရရှိခဲ့ကြသည့်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း၊ ဝန်ကြီးချုပ်က ခရိုင်အဆင့် မီးသတ်စခန်းသာယာလှပရေးတွင်ဆုရရှိသော သာယာဝတီ မီးသတ်စခန်းကိုလည်းကောင်း၊ မီးသတ်စက်ကြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော သာယာဝတီခရိုင်မီးသတ်ဖွဲ့ဝင်များကိုလည်းကောင်း၊ စက်ကလေးလေ့ကျင့်ခန်းပြိုင်ပွဲတွင် ပထမရရှိသော ပဲခူးမြို့မီးသတ်အဖွဲ့ကိုလည်းကောင်း၊ အခြေခံစစ်ပညာ လက်နက်မဲ့ပြိုင်ပွဲတွင် ပထမရရှိသော သာယာဝတီခရိုင်မီးသတ်တပ်ဖွဲ့ဝင်များအားလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ ပြိုင်ပွဲများကို ပဲခူးမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းအားကစားကွင်း၌ တောင်ငူခရိုင်၊ သာယာဝတီခရိုင်နှင့် ပြည်ခရိုင် မီးသတ်ဦးစီးဌာနများက မေ ၄ ရက်တွင် ယှဉ်ပြိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**




## အမြန်ငှားမည်/ရောင်းမည်

၁၁ လမ်းနှင့် လှည်းတန်းလမ်းကြား၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းမကြီးပေါ်ရှိ နှစ်ထပ်လုံးချင်းတိုက် (ပေါ်တီကိုပါ)ငှားရန်ရှိသည်။
အကျိုးဆောင်များ ဆက်သွယ်နိုင်သည်။
ငှားရမ်းသူအတွက် လိုအပ်သည့်ပြုပြင်မှုများ ဆောင်ရွက်ပေးမည်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၁၇၀၅၅၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရန်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ လိုအပ်သည့် ပစ္စည်းအမျိုးအစား၊ ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို သက်ဆိုင်ရာမြို့နယ်ရုံးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၇-၅-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာပိတ်ရက်** | - | ၂၁-၅-၂၀၁၅ရက်၊ ၁၂း၀၀ နာရီ |
| **တင်ဒါဖွင့်မည့်ရက်** | - | ၂၁-၅-၂၀၁၅ရက်၊ ၁၃း၀၀ နာရီ |
| **ဝယ်ယူရမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ညောင်ဦးမြို့။ ဖုန်း-၀၆၁-၆၀၃၂၀ |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

## အများသိစေရန် ကြေညာခြင်း

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ၂၂ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းသွယ် ၃၊ အမှတ် ၉၉၆၊ မြေပေအကျယ်(အလျားပေ ၄၀×အနံပေ၆၀)ရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးစံပယ်မှ အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ လက်ရှိပိုင်ရှင်ဖြစ်သော ဒေါ်မိုးစံပယ်၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်မိုးစံပယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုညိုဆင့် LL.B, DBL, DIL, DML**
**အထက်တန်းရှေ့နေ(စဉ်-၃၁၃၀၈)**
**ဖုန်း-၀၉-၄၂၁၁၅၂၄၃၅၊ ၀၉-၇၉၉၅၁၀၇၄၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/4154၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**သွေးသည် အသက်**

# အိပ်မက်ဆိုးမှ နိုးထမယ့် မန်ယူ



ပရီမီယာလိဂ်ပွဲစဉ်တွေကို မေ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားပါဦးမယ်။ တန်းမဆင်းရရေး ရုန်းကန်ကြမယ့်အသင်းတွေ၊ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အားစိုက်မယ့် အသင်းတွေရဲ့ ပွဲစဉ်တွေကြောင့် ရာသီကုန် လက်ကျန်ပွဲစဉ်တွေကလည်း ရသစုံပေးစွမ်းနေဦးမှာဖြစ်ပါတယ်။

**အဲဗာတန်နှင့် ဆန်းဒါးလန်း**

မန်ယူကို သုံးဂိုးပြတ် နိုင်ပွဲရအောင် ကစားနိုင်ခဲ့တဲ့ အဲဗာတန်ရဲ့ ခြေစွမ်းကလည်း ဗီလာကို ရှုံးပွဲကြုံခဲ့ရတာကြောင့် ကျေနပ်စရာမရှိတာတော့အမှန်ပါပဲ။ အဲဗာတန်ရဲ့ နောက်ဆုံးငါးပွဲရလဒ်ကို ကြည့်ရင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်တွေကြောင့် ခြေစွမ်းအတက်အကျဖြစ်နေတဲ့ ဆန်းဒါးလန်းကို ဖိအားပေးကစားပါလိမ့်မယ်။ ပထမအကျော့ ဆန်းဒါးလန်းကွင်းမှာ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပေမယ့် အခုပွဲမှာတော့ အဲဗာတန်အမှတ်ပြည့် ယူမယ့်ပွဲဖြစ်ပါတယ်။

**ဗီလာနှင့် ဝက်စ်ဟမ်း**

ပထမအကျော့ ဂိုးမရှိသရေပွဲဖြစ်ထားလို့ ဒီပွဲမှာတော့ ပြတ်သားတဲ့ရလဒ်ကို အပြိုင်ပုံဖော်တော့မှာဖြစ်ပါတယ်။ လီဗာပူး၊ စပါး၊ အဲဗာတန်တို့လို အသင်းတွေကို အနိုင်ကစားထားတဲ့ ဗီလာတို့က ခြေစွမ်းကျဆင်းနေတဲ့ ဝက်စ်ဟမ်းကို နိုင်ပွဲရအောင် ကစားပါလိမ့်မယ်။ ဒါပေမယ့် ဘန်လေကို အနိုင်ရပြီး ရှုံးပွဲသရေပွဲ ရပ်တန့်ခဲ့တဲ့ ဝက်စ်ဟမ်းရဲ့ ခြေစွမ်းကလည်း လျှော့တွက်လို့ မရတာမို့ အခုပွဲမှာ ဗီလာနိုင်ရင်တောင် ပြတ်သားမှာ မဟုတ်ပါဘူး။

**ဟားလ်စီးတီးနှင့် ဘန်လေ**

ဘန်လေတို့က ပထမအကျော့မှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားတာမို့ အခုပွဲမှာလည်း နိုင်ပွဲရဖို့ အားထုတ်ပါလိမ့်မယ်။ ဟားလ်စီးတီးတို့က လီဗာပူး၊ ခရစ္စတယ်ပဲလေ့စ်တို့ကို နိုင်ပွဲရထားပေမယ့် အာဆင်နယ်ကိုတော့ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ ဒါပေမယ့် ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေတဲ့ ဘန်လေအတွက် ဒီပွဲကလည်း မျှော်လင့်ချက်ထားလို့မရတဲ့ အနေအထားဖြစ်ပါတယ်။

**ခရစ္စတယ်ပဲလေ့စ်နှင့် မန်ယူ**

ပထမအကျော့ မန်ယူကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ခက်ခက်ခဲခဲနိုင်ပွဲရအောင် ကြိုးစားခဲ့ရတဲ့ မန်ယူအတွက် ဒီပွဲဟာ အကြိတ်အနယ်နွှဲရမယ့်ပွဲပါပဲ။ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အားထည့်ရမယ့် မန်ယူတို့ အခုပွဲမှာ ပြန်လည်ရုန်းထဖို့ ပြင်ဆင်လာပေမယ့် ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေတာမို့ ခက်ခဲတဲ့ အနေအထားဖြစ်နေပါတယ်။ ဒါပေမယ့် မန်ယူဟာ ဒီပွဲမှာ နိုင်ပွဲကို အားကုန်ထုတ်ပြီး သိမ်းပိုက်ကာ အိပ်မက်ဆိုးက နိုးထပါလိမ့်မယ်။

**စတုတ်နှင့် စပါး**

နှစ်သင်းစလုံး ခြေစွမ်းက အားရစရာမရှိပါဘူး။ ပထမအကျော့ပွဲစဉ်မှာ စပါးတို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲကြုံထားပါတယ်။ စတုတ်တို့က အိမ်ကွင်းမှာ ရလဒ် ကောင်းအောင် ကစားတတ်ပြီး အမှတ်ရအောင် ကြိုးစားနိုင်သူတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာလည်း စပါးတို့ ကံကောင်းမှ တစ်မှတ်ရပါလိမ့်မယ်။

**နယူးကာဆယ်နှင့် ဝက်စ်ဘရွန်း**

မန်ယူကို တစ်ဂိုး-ဂိုးမရှိနဲ့ အဝေးကွင်းမှာ အနိုင်ရအောင် ကစားနိုင်ခဲ့တဲ့ ဝက်စ်ဘရွန်းရဲ့ ခြေစွမ်းက အထင်ကြီးစရာပါ။ လီဗာပူးကိုလည်း ဂိုးမရှိသရေပွဲ ရအောင် ကြိုးစားထားနိုင်တဲ့ ဝက်စ်ဘရွန်းဟာ ရှုံးပွဲတွေ ဆက်တိုက် ကြုံတွေ့နေတဲ့ နယူးကာဆယ်ကို တစ်မှတ်မှပေးမှာမဟုတ်ပါဘူး။ နယူးကာဆယ်တို့က အိမ်ကွင်းဆိုပေမယ့် ဝက်စ်ဘရွန်းတို့ကို ဂိုးမပြတ်အောင် ဟန့်တားရပါလိမ့်မယ်။

**လက်စတာနှင့် ဆောက်သမ်တန်**

ပထမအကျော့မှာ ဆောက်သမ်တန်တို့က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာ ခြေစွမ်းတက်နေတဲ့ လက်စတာတို့အတွက် အလှည့်ဖြစ်နိုင်ပါတယ်။ ဝက်စ်ဘရွန်း၊ ဆွမ်ဆီး၊ ဘန်လေနဲ့ နယူးကာဆယ်တို့ကို နိုင်ပွဲတွေရယူဖြတ်ကျော်ထားတဲ့ လက်စတာတို့က ဆောက်သမ်တန်ကို အမှတ်မပေးဘဲ အိမ်ပြန်လွှတ်ဖို့ ကြိုးစားပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**

## မက်ဆီဟာ ပါရမီထူးတဲ့ တိုက်စစ်မှူးဖြစ်ကြောင်း နည်းပြဟောင်းဂွါဒီယိုလာ ချီးကျူး

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီဟာ အလွန်တော်တဲ့ တိုက်စစ်မှူးလို့ နည်းပြဟောင်း ဂွါဒီယိုလာက ချီးကျူးပြောဆိုလိုက်ပါတယ်။ သူက စနစ်ကြောင့်လည်း မဟုတ်ဘူး။ နည်းပြကြောင့်လည်း မဟုတ်ဘူး။ သူက ပါရမီအရ ထူးချွန်နေတဲ့ ကစားသမားဖြစ်တယ်လို့ ဂွါဒီယိုလာက ချီးကျူးပြောဆိုလိုက်ပါတယ်။ သူ့ရဲ့ခြေစွမ်းကို ကျွန်တော်လေ့လာနေတာပါ။ လွန်ခဲ့တဲ့ လေးငါးလလောက်ကတည်းက သူ့ရဲ့ ခြေစွမ်းက ကျမသွားဘူး။ အမြဲတမ်း ဂိုးသွင်းနေတာ တွေ့ရတယ်လို့ ဂွါဒီယိုလာက ဆိုပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး မက်ဆီဟာ ဂီတာဖေးနဲ့ ကစားခဲ့တဲ့ပွဲမှာလည်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒီနှစ်ထဲမှာ ၅၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ နိုဝင်ဘာလအတွင်းက စပိန်လာလီဂါ သမိုင်းတစ်လျှောက် ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သူ ဖြစ်လာခဲ့ပါတယ်။ ဂွါဒီယိုလာဟာ ၂၀၀၈ ခုနှစ်မှ စတင်ကာ လေးနှစ်ကြာ ဘာစီလိုနာ နည်းပြဖြစ်ခဲ့ပြီးနောက် ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား နှစ်လုံး၊ လာလီဂါဖလားသုံးလုံးနဲ့ ကမ္ဘာ့ကလပ်ဖလား နှစ်လုံးဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။






## နည်းပြမော်ရင်ဟို ချယ်လ်ဆီးနဲ့ ထပ်မံစာချုပ်ဖွယ်ရှိ

ချယ်လ်ဆီးနည်းပြမော်ရင်ဟိုဟာ တတိယအကြိမ်မြောက် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးပေးခဲ့ပြီးနောက် စာချုပ်သစ်ထပ်မံစာချုပ်ဖွယ်ရှိနေပါတယ်။ အသက် ၅၂ နှစ်အရွယ် ချယ်လ်ဆီးနည်းပြဟာ ၂၀၁၃ ခုနှစ် ဇွန်လက စတမ်းဖို့ဒ်ဘရစ်သို့ ပြန်လာပြီး လေးနှစ်စာချုပ်ထားရာမှာ တစ်ဝက်ကျိုးသွားခဲ့ပြီဖြစ်ပါတယ်။ ဒီအတွက် ထပ်မံစာချုပ်ဖွယ်ရှိနေပါတယ်။ ခရစ္စတယ်ပဲလေ့စ်ကို နိုင်ပြီး အောင်ပွဲခံတဲ့နေ့က အသင်းပိုင်ရှင်အေဘရာမိုဗစ်ချ်ဆန္ဒရှိသလောက် ချယ်လ်ဆီးအသင်းနဲ့အတူ နေသွားမယ်လို့ မော်ရင်ဟိုက ပြောဆိုခဲ့ပါတယ်။ လာမယ့်သီတင်းပတ်အတွင်းမှာ မော်ရင်ဟိုကို ချယ်လ်ဆီးက နှစ်ရှည်စာချုပ်ဖွယ်ရှိနေပါတယ်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း မော်ရင်ဟိုဟာ ပရီမီယာလိဂ်ဖလား နှစ်လုံးဆက်တိုက် ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဒီနှစ် ဆွတ်ခူးနိုင်ခဲ့တဲ့ ဖလားဟာ တတိယအကြိမ်မြောက်ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ၂၀၀၅ ခုနှစ်က ဆွတ်ခူးနိုင်ခဲ့တဲ့ ဖလားမှာ အနှစ် ၅၀ အတွင်း ပထမဆုံး ဆွတ်ခူးနိုင်ခဲ့တဲ့ ပရီမီယာလိဂ်ဖလားဖြစ်ပါတယ်။ ဒီနှစ်မှာပဲ ချယ်လ်ဆီးတို့ လိဂ်ဖလားနှစ်လုံးနဲ့ အက်ဖ်အေဖလားတို့ကိုလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။ သို့သော်လည်း သူထွက်ခွာသွားပြီးတဲ့နောက် ချယ်လ်ဆီးတို့ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းမရှိတော့ပါဘူး။ မော်ရင်ဟိုအနေနဲ့ ချယ်လ်ဆီးနဲ့အတူ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးချင်နေတာပါ။ သူဟာ ပေါ်တိုနဲ့ ရော အင်တာမီလန်နဲ့ပါ ချန်ပီယံလိဂ်ဖလားရအောင် ကြိုးစားပေးနိုင်ခဲ့သူဖြစ်ပါတယ်။

**ကောင်းမြတ်သူ – စုစည်းသည်။**



# ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ

**ကြိုးစားတိုးပွား**

- အလုပ်ကြိုးစား တိုးပွားဥစ္စာ၊
- လိုအပ်တာသုံး အပိုမဖြုန်းနဲ့၊
- ကျင့်သုံးသေချာ စုဆောင်းပါက၊
- နောင်မှာတစ်နေ့ ချမ်းသာပေလိမ့်။

အမှတ်စဉ်(၁၁)

**သမဝါယမကဏ္ဍမှဆောင်ရွက်နေသည့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းနှင့် Hire Purchase လုပ်ငန်းများအောင်မြင်ရေးအတွက် တာဝန်ယူဆောင်ရွက်ကြသည့် သမဝါယမဦးစီးဌာနအဆင့်ဆင့်ရှိဝန်ထမ်းများ၊ သမဝါယမအသင်းအဆင့်ဆင့်ရှိအသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်မှုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းပေါင်း ( ၆၉၃ ) ကြိမ် ဖွင့်လှစ်၍ သင်တန်းသား ဦးရေ (၄၉၆၈၈) ဦးအား စွမ်းရည်မြှင့်လေ့ကျင့်ပေးခဲ့ပြီး ဖြစ်ပါသည်။**

## ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း သမဝါယမမွမ်းမံသင်တန်း ဖွင့်လှစ်ပေးနိုင်မှုအခြေအနေ

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်ခဲ့သည့်အကြိမ်အရေအတွက် | သင်တန်းသားအဆင့် | စုစုပေါင်းသင်တန်းသားဦးရေ | ဖွင့်လှစ်သည့်နေရာ |
|---|---|---|---|---|---|---|
| ၁ | အရာထမ်းများအဆင့်မြင့် သမဝါယမသင်တန်း | (၁၄)ရက် | (၁) ကြိမ် | သမဝါယမဦးစီးဌာန အဆင့်ဆင့်မှ ဦးစီးအရာရှိနှင့် ဦးစီးမှူးများ | ၄၀၃ | သမဝါယမတက္ကသိုလ်/ ကောလိပ်များ |
| ၂ | အမှုထမ်းများအဆင့်မြင့် သမဝါယမသင်တန်း | (၁၄)ရက် | (၂) ကြိမ် | ဌာနခွဲစာရေးများ | ၃၁၄ | သမဝါယမ သင်တန်းကျောင်းများ |
| ၃ | အမှုထမ်းများအခြေခံ သမဝါယမသင်တန်း | (၁၄)ရက် | (၂) ကြိမ် | အကြီးတန်းစာရေးများ | ၁၁၉ | သမဝါယမကူးသန်း ရောင်းဝယ်ရေး သင်တန်းကျောင်းများ |
| ၄ | တိုင်းဒေသကြီး/ ပြည်နယ် အသင်းအမှုဆောင် နှင့် အသင်းဝန်ထမ်းများ သမဝါယမမွမ်းမံသင်တန်း | (၁၀)ရက် | (၂) ကြိမ် | တိုင်းဒေသကြီး/ပြည်နယ် အသင်းစုချုပ်များနှင့် မြို့နယ်အသင်းစုများရှိအသင်း အမှုဆောင်များ၊အသင်းသားများ နှင့် အသင်းဝန်ထမ်းများ | ၅၀၁ | သမဝါယမတက္ကသိုလ်/ ကောလိပ်များနှင့် သမဝါယမ သင်တန်းကျောင်းများ |
| ၅ | တိုင်းဒေသကြီး/ပြည်နယ် ဌာနဝန်ထမ်းများ သမဝါယမမွမ်းမံသင်တန်း | (၃)ရက် | (၃၃) ကြိမ် | တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနအဆင့်ဆင့်ရှိ ဝန်ထမ်းများ | ၁၀၅၁ | တိုင်းဒေသကြီး/ ပြည်နယ်များ |
| ၆ | တိုင်းဒေသကြီး/ပြည်နယ် အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်းများ လုပ်ငန်းခွင်ပညာပေးသင်တန်း | (၃)ရက် | (၆၅၃) ကြိမ် | အသင်းအမှုဆောင်များ၊ အသင်းသားများနှင့် အသင်းဝန်ထမ်းများ | ၄၇၃၀၀ | တိုင်းဒေသကြီး/ ပြည်နယ်များ |
| | **စုစုပေါင်း** | | **၆၉၃ ကြိမ်** | | **၄၉၆၈၈** | |



အမှုထမ်းများ အဆင့်မြင့်သမဝါယမ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်

ဆက်လက်၍ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း သမဝါယမဦးစီးဌာန အဆင့်ဆင့်ရှိဝန်ထမ်းများ၊ သမဝါယမအသင်း အဆင့်ဆင့်ရှိအသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်မှုသင်တန်းများကို အောက်ပါအတိုင်း ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါသည်-

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ပို့ချမည့်အစီအစဉ်

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်အကြိမ်အရေအတွက် | တစ်ကြိမ်လျှင်တက်ရောက်မည့်သင်တန်းသားဦးရေ | ဖွင့်လှစ်မည့်စုစုပေါင်းအကြိမ်အရေအတွက် | စုစုပေါင်းတက်ရောက်မည့်သင်တန်းသားဦးရေ | သင်တန်းသားအရည်အချင်း | ဖွင့်လှစ်မည့်နေရာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | အရာထမ်းများအဆင့်မြင့် သမဝါယမသင်တန်း | (၁၄) ရက် | ၂ ကြိမ် | ၄၀၀ ဦး | ၂ ကြိမ် | ၈၀၀ ဦး | ဦးစီးအရာရှိများနှင့် လက်ထောက် ညွှန်ကြားရေးမှူးများ | သမဝါယမတက္ကသိုလ်/ ကောလိပ်များ | |
| ၂ | အရာထမ်းများအခြေခံ သမဝါယမသင်တန်း | (၁၄) ရက် | ၂ ကြိမ် | ၁၆၀ ဦး | ၂ ကြိမ် | ၃၂၀ ဦး | ဦးစီးမှူးများ | သမဝါယမသင်တန်း ကျောင်းများ | |
| ၃ | အမှုထမ်းများအဆင့်မြင့် သမဝါယမသင်တန်း | (၁၄) ရက် | ၃ ကြိမ် | ၁၆၀ ဦး | ၃ ကြိမ် | ၄၈၀ ဦး | ဌာနခွဲစာရေး | သမဝါယမသင်တန်း ကျောင်းများ | |
| ၄ | အမှုထမ်းများအခြေခံ သမဝါယမသင်တန်း | (၁၄) ရက် | ၃ ကြိမ် | ၆၀ ဦး | ၃ ကြိမ် | ၁၈၀ ဦး | အငယ်တန်းစာရေးများ၊ အကြီးတန်းစာရေးများ | သမဝါယမကူးသန်း ရောင်းဝယ်ရေးသင်တန်း ကျောင်းများ | |
| ၅ | ဆရာ၊ဆရာမများ သင်ကြားမှုစွမ်းရည်မြှင့်တင်မှုသင်တန်း | (၁၄) ရက် | ၂ ကြိမ် | ၅၀ ဦး | ၂ ကြိမ် | ၁၀၀ ဦး | သမဝါယမတက္ကသိုလ်/ ကောလိပ်များရှိဆရာ/ ဆရာမများ | သမဝါယမတက္ကသိုလ်များ | |
| ၆ | ဆရာ၊ဆရာမများလုပ်ငန်းခွင် အကြိုသင်တန်း | (၁၄) ရက် | ၁ ကြိမ် | ၅၀ ဦး | ၁ ကြိမ် | ၅၀ ဦး | အသစ်ခန့်မည့် နည်းပြဆရာ/ ဆရာမများ | သမဝါယမတက္ကသိုလ်များ | |
| ၇ | ကွန်ပျူတာသင်တန်း | (၁) လ | ၂ ကြိမ် | ၁၀ ဦး | ၂ ကြိမ် | ၂၀ ဦး | သမဝါယမဦးစီးဌာနရှိ ဝန်ထမ်းများ | သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး | |
| ၈ | အသင်းအမှုဆောင်နှင့်အသင်း ဝန်ထမ်းများ သမဝါယမမွမ်းမံသင်တန်း | (၅) ရက် | ၁၂ ကြိမ် | ၅၀ ဦး | ၁၈၀ ကြိမ် | ၉၀၀၀ ဦး | အခြေခံသမဝါယမ အသင်းအမှုဆောင်များ နှင့်ဝန်ထမ်းများ | တိုင်းဒေသကြီး/ပြည်နယ် မြို့နယ်သမဝါယမ ဦးစီးဌာနများ | တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် ၁၂ ကြိမ်ဖွင့်လှစ်ပါမည် |
| ၉ | သမဝါယမအသင်းများလုပ်ငန်း ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း | (၅) ရက် | ၁၂ ကြိမ် | ၅၀ ဦး | ၁၈၀ ကြိမ် | ၉၀၀၀ ဦး | အသင်းအမှုဆောင်၊ အသင်းသားများနှင့် အသင်းဝန်ထမ်းများ | တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာန | တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် ၁၂ ကြိမ်ဖွင့်လှစ်ပါမည် |
| ၁၀ | သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပပြုလုပ်သည့်ဆွေးနွေးပွဲများ | (၃) ရက် | ၆ ကြိမ် | ၁၆၀ ဦး | ၉၀ ကြိမ် | ၁၄၄၀၀ ဦး | အသင်းအမှုဆောင်၊ အသင်းသားများနှင့် အသင်းဝန်ထမ်းများ | သမဝါယမသင်တန်း ကျောင်းများ၊ သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများ | တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် ၆ ကြိမ်ဖွင့်လှစ်ပါမည် |
| | စုစုပေါင်း | | | | ၄၆၅ ကြိမ် | ၃၄၃၅၀ ဦး | | | |

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းသင်တန်း (၄၆၅) ကြိမ်၌ သင်တန်းသား (၃၄၃၅၀) ဦးတို့ကို သင်တန်းပို့ချပေးသွားမည်ဖြစ်ပါသည်။

## အသက်မွေးဝမ်းကျောင်းပညာသင်တန်း ( Vocational Training ) များအရှိန်မြှင့်တင် ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိ



နိုင်ငံတော်သမ္မတဦးသိန်းစိန် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းသို့ လာရောက်ကြည့်ရှုစဉ်

၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏လူဦးရေမှာ (၅၁) သန်းကျော်ရှိရာ သန်း (၃၀) ခန့်သည် အလုပ်လုပ်ကိုင်နိုင်သောလူဦးရေ Working Population ဖြစ်၍ ထိုအင်အားထုကြီးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်များထမ်းရွက်နေကြပါသည်။ ထိုအင်အားထုကြီးကို အရေအတွက်မှအရည်အချင်းသို့ ရောက်ရှိနိုင်ရန် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး Human Resource Development သည် လွန်စွာအရေးပါသည့်ကဏ္ဍဖြစ်၍ နိုင်ငံတော်မှ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေရန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ယွန်းပညာကောလိပ် (ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံကျောင်းနှင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (၁၃) ကျောင်းတို့က မြန်မာ့ရိုးရာယွန်းပညာများ၊ ရက်ကန်း၊ စက်ချုပ်ဒီဇိုင်းနှင့် ချည်မျှင်ဆိုင်ရာအတတ်ပညာများ၊ အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖြစ်သည့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်ထုတ်လုပ်နည်းသင်တန်း၊ စက်မောင်းစက်ပြင်သင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်း၊ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း၊ ဓါတုနှင့်ဇီဝဓါတ်ခွဲခြင်းအခြေခံနည်းပညာလွှဲပြောင်းသင်တန်း၊ အခြေခံပရိဘောဂသင်တန်းများစသည်ဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်း များစွာပို့ချပေးလျက်ရှိသည်။ ထိုသင်တန်းများသည် နိုင်ငံတွင်းရှိပြီးဖြစ်သော သယံဇာတပစ္စည်းများကို အဓိကအသုံးပြု၍ စက်မှုလက်မှုကုန်ချော များထုတ်လုပ်နိုင်ရန်၊ မြန်မာ့ရိုးရာလက်မှုအနုပညာများဖွံ့ဖြိုးတိုးတက်စေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာစေရန်၊ မိသားစုဝင်ငွေများ တိုးပွားရရှိစေရန်နှင့် စံချိန်စံညွှန်းမီသည့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်သည်ဖြစ်ရာ သင်တန်းတက်လိုသူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများနှင့် သင်တန်းကျောင်းများသို့ဆက်သွယ်၍ မိမိတက်ရောက်လိုသည့် သင်တန်းများသို့ တက်ရောက်နိုင်ကြပြီဖြစ်သည်။

### အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ပေးခဲ့သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများနှင့် ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် လျာထားဖွင့်လှစ်မည့် နည်းပညာသင်တန်းများ

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ၂၀၁၄ -၂၀၁၅ | | ၂၀၁၅ -၂၀၁၆ (လျာထားချက်) | |
|---|---|---|---|---|---|---|
| | | | ကြိမ်ရေ | ဦးရေ | ကြိမ်ရေ | ဦးရေ |
| ၁။ | သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း | ၇ ရက် | ၄၁ | ၁၀၂၀ | ၆၄ | ၁၂၈၀ |
| ၂။ | လူသုံးကုန်နှင့်အလှကုန်ထုတ်လုပ်နည်းသင်တန်း | ၇ ရက် | ၈ | ၃၂ | ၂၇ | ၅၄၀ |
| ၃။ | အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း | ၄၅ ရက် | ၂ | ၂၀ | ၅ | ၁၀၀ |
| ၄။ | ရက်ကန်းပညာရပ်ဆိုင်ရာ ကာလတိုသင်တန်း | ၁ လ/၁၀ ရက် | ၁၄ | ၂၄၂ | ၃၈ | ၇၆၀ |
| ၅။ | ဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှုသင်တန်း | ၁၅ ရက် | ၁၄ | ၃၁၅ | ၂၆ | ၅၂၀ |
| ၆။ | အခြေခံစက်ချုပ်သင်တန်း | ၄၅ ရက် | ၅ | ၁၅၀ | ၄ | ၈၀ |
| ၇။ | မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း | ၄၅ ရက် | ၉ | ၂၀၄ | ၂၂ | ၄၄၀ |
| ၈။ | အခြေခံပရိဘောဂ၊ သံချည်သံကွေးနှင့်ပန်းရံသင်တန်း | ၂၄ ရက်/၁လ | ၃ | ၈၁ | ၆ | ၁၂၀ |
| ၉။ | ဓါတုနှင့်ဇီဝဓါတ်ခွဲခြင်းအခြေခံနည်းပညာလွှဲပြောင်းသင်တန်း | ၇ ရက် | ၁ | ၅ | - | - |
| ၁၀။ | နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုသင်တန်း | ၅ ရက် | ၁ | ၁ | - | - |
| ၁၁။ | စားသုံးဆီဓါတ်ခွဲနည်းပညာသင်တန်း | ၅ ရက် | ၁ | ၂ | - | - |
| ၁၂။ | အခြေခံထွန်စက်မောင်းသင်တန်း | ၁ လ | - | - | - | - |
| ၁၃။ | စဥ့်ထည်သင်တန်း | ၁ လ | - | - | - | - |
| ၁၄။ | ယွန်းနည်းပညာဆိုင်ရာ ကာလတိုသင်တန်း | ၃ လ | - | - | ၂ | ၄၀ |
| | စုစုပေါင်း | | ၉၉ ကြိမ် | ၂၀၇၂ ဦး | ၁၉၄ ကြိမ် | ၃၈၈၀ ဦး |

### အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများပြဂရပ်




## သမဝါယမစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ( Substainable Development ) ရှိလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိ

သမဝါယမဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာန၏လုပ်ငန်းစဉ် ( ၅ ) ရပ်တွင် " လူမှုစီးပွားဘဝမြင့်မားစေရေးအထောက်အကူပြုရန်နှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှအထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ သမဝါယမအသင်းများကို ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုထိထိရောက်ရောက်ဆောင်ရွက်နိုင်သော သမဝါယမအသင်းများအဖြစ် အဆင့်မြှင့်တင်ရန်" ဟူသော လုပ်ငန်းစဉ်တစ်ရပ်ထည့်သွင်းထားရှိပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ သမဝါယမအသင်းများအဆင့်မြှင့်တင်ရာတွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု သမဝါယမအသင်းများအတွက် အခြေခံကျသောငွေကြေးအရင်းအမြစ် (Financial Sources) များတိုးတက်ရရှိစေရန် အသင်းသားများ၏အစုငွေ၊ စုဆောင်းငွေများကိုအခြေခံပြီး သမဝါယမအသင်းများအချင်းချင်း ငွေကြေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း ( Financial Network တည်ဆောက်ခြင်း )၊ China Exim Bank ချေးငွေများရယူခြင်းဖြင့် အသင်းသားစုဆောင်းငွေတိုးမြှင့်ခြင်း နည်းလမ်းများဖြင့် အသင်းများ၏ငွေကြေး အရင်းအနှီးများတိုးတက်စေလျက်ရှိသည်။ ထို့ပြင် အသင်းသားများအတွက်လိုအပ်သော လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ပံ့ပိုးပေးခြင်းလုပ်ငန်းကိုလည်း တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမ အသင်းစုများကို အခြေခံထားပြီး သက်ဆိုင်ရာဌာနများ၊ CB Bank , China Exim Bank , Daedong Co., Ltd. စသည့် ပုဂ္ဂလိကကုမ္ပဏီများ၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်အောင်မြင်လာသည်နှင့်အမျှ သမဝါယမအသင်းများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိလာပြီး၊ အသင်းများ၏ ကုန်ထုတ်ခြင်း၊ အရည်အသွေးစစ်ဆေးထုတ်ပိုးခြင်း၊ ထိုက်တန်သောဈေးရရှိအောင် ဈေးကွက်တည်ဆောက်ခြင်း၊ ဈေးကွက်သို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းစဉ် ( Production , Quality Grading , Packaging , Marketing and Selling Network ) တည်ဆောက်ခြင်းအတွက် သမဝါယမအသင်းသားများ၏ထုတ်လုပ်မှု၊ မြို့နယ်သမဝါယမအသင်းများ၏ ဝန်ဆောင်မှု၊ မြို့ကြီးများရှိ သမဝါယမအသင်းစုချုပ်များ၏ ဈေးကွက်တည်ဆောက်ရောင်းချမှု ( Wholesales Market ) တို့စုစည်းပြီး ( Retail ) ရောင်းချသူများ၊ ( Super Market ) များ၊ ဟိုတယ်များ၊ ပြည်ပတင်ပို့မှုများနှင့်ဆက်စပ်ကာ တည်ဆောက်သွားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်သည်။ အောင်မြင်နေသော အခြားနိုင်ငံများ၏ သမဝါယမများကဲ့သို့ မြန်မာနိုင်ငံသမဝါယမအသင်းများနှင့် အသင်းသားများကိုလည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ( Substainable Development ) ရှိလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**လူမှုဘဝမြှင့်တင်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**

# မဲစာရင်းတွင် မိမိအမည်ပါဝင်မှသာလျှင် မဲပေးခွင့်ရှိမည်၊ မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ/မရှိသည် အရေးကြီး

ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် အလွန်အရေးကြီးသော ရွေးကောက်ပွဲတစ်ရပ်၊ အလွန်အရေးကြီးသော နိုင်ငံရေး အချိုးအကွေ့တစ်ခုဖြစ်လာမည်ဟု နိုင်ငံရေး လှုပ်ရှားတက်ကြွသူများက သုံးသပ်ထားကြပြီး လွတ်လပ်သော၊ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာရန်အတွက်လည်း ပြည်သူအများက မျှော်လင့်ထားကြသည်။ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်သော်လည်း မဲစာရင်းတွင် မိမိအမည် ပါဝင်မှသာလျှင် မဲပေးပိုင်ခွင့်ရှိမည်ဖြစ်သည်။ မဲပေးခြင်းသည် အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း၏ အခွင့်အရေးပင်ဖြစ်သည်။ မိမိကြိုက်နှစ်သက်ရာပါတီကို မိမိသဘောဆန္ဒအလျောက် မည်သည့်ပယောဂမျှ မပါဘဲ မဲပေးခွင့်ရရှိရေးအတွက် မဲစာရင်းထုတ်ပြန်ရာတွင် မိမိအမည်ပါဝင်ခြင်း ရှိ/မရှိသည် အရေးကြီးသော အဓိကကျသည့်အချက်ပင်ဖြစ်သည်။ မွန်ပြည်နယ်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများသည် ပြီးပြည့်စုံသောမဲစာရင်းရရှိရေးနှင့် မဲစာရင်းတွင် မိမိအမည် ပါ/မပါ ပြည်သူများအချိန်မီ သိရှိနိုင်စေရေးကို အရပ်ဖက်လူမှုအဖွဲ့အစည်း CSOများနှင့် ပူးပေါင်းကာ အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် မွန်ပြည်နယ်တွင်း မဲစာရင်း ထုတ်ပြန်ရာတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများထံသို့ မြန်မာ့အလင်းမှ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

**ဦးဟိဏ်းလင်းထက်**
**ဒုတိယညွှန်ကြားရေးမှူး**
**(ပြည်နယ်ရွေးကောက်ပွဲတာဝန်ခံအရာရှိ)**
**မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး**

**မေး။ ။ မဲစာရင်းကောက်ရာမှာ ၂၀၁၀ တုန်းကနဲ့မတူဘဲ ကွန်ပျူတာစနစ်သုံးတယ်လို့ သိရပါတယ်။ ကွန်ပျူတာစနစ်နဲ့သုံးတာက ဘယ်လိုအားသာချက်ရှိပါသလဲဆရာ။**

ဖြေ။ ။ ၂၀၁၀ တုန်းကတော့ မဲစာရင်းကို Hand-writting လက်ရေးနဲ့ ပြုစုတာဖြစ်ပါတယ်။ ခု ၂၀၁၅ အတွက် မဲစာရင်းပြုစုရာမှာတော့ ကွန်ပျူတာစနစ်နဲ့သွားပါတယ်။ IFES (International Foundation for Electronal System) အဖွဲ့က နည်းပညာတွေ ကူညီပေးနေတာဖြစ်ပါတယ်။ အဲဒီလို စနစ်နဲ့သွားတာဖြစ်လို့ သတ်မှတ်တဲ့ နိုဝင်ဘာလမှာ အသက် ၁၈ နှစ်ပြည့် မပြည့်ကို ကွန်ပျူတာစနစ်သုံးပြီး အလွယ်တကူ သိနိုင်ပါတယ်။ အဲဒီကတစ်ဆင့် ပြည်ထောင်စု Sever ထဲသွားထည့်တာဖြစ်လို့ လူတစ်ယောက်တည်း နှစ်ခါ ပါနေတယ်ဆိုတာကို သိနိုင်တယ်။ အမှားအယွင်းနည်းအောင် လုပ်တဲ့စနစ်ပါ။ ပြင်ဆင်ရတာလည်း လွယ်ကူပါတယ်။ မဲစာရင်းတွေကိုလည်း ကွန်ပျူတာနဲ့ ဆက်ထိန်းထားမှာဖြစ်လို့ နောက်ရွေးကောက်ပွဲတွေအတွက်လည်း ဆက်ပြီးအသုံးပြုသွားလို့ရပါတယ်။



**ဦးဟိဏ်းလင်းထက်**
**ဒုတိယညွှန်ကြားရေးမှူး**
**(ပြည်နယ်ရွေးကောက်ပွဲတာဝန်ခံအရာရှိ)**
**မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး**

**မေး။ ။ ခုဆရာတို့ မွန်ပြည်နယ်ထဲမှာဆို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကနေ CSO တွေ၊ မီဒီယာတွေဖိတ်ကြားပြီး ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ ဆွေးနွေးပွဲတွေ ခဏခဏ လုပ်တာတွေ့ရပါတယ်။ ရည်ရွယ်ချက်ကိုသိပါရစေ။**

ဖြေ။ ။ ၂၀၁၅ ရွေးကောက်ပွဲဟာ အရေးကြီးတဲ့ ရွေးကောက်ပွဲကြီးပါ။ နိုင်ငံတကာကလည်း စောင့်ကြည့်နေတယ်။ စောင့်ကြည့်ဖို့ ဖိတ်ခေါ်ထားတဲ့ အဖွဲ့အစည်းတွေလည်းရှိတယ်။ ပြည်သူအများကလည်း လွတ်လပ်ပြီးမျှတတဲ့ ရွေးကောက်ပွဲတစ်ရပ်ဖြစ်ဖို့ မျှော်လင့်ထားကြတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်ဆိုတာ တစ်နည်းအားဖြင့် ဒိုင်လူကြီးပါ။ ဒိုင်ကိုမယုံကြည်ရင် ပွဲက ရှိမှာမဟုတ်ပါဘူး။ ပြီးတော့ မွန်ပြည်နယ်ဆိုတာကလည်း တိုင်းရင်းသားတွေနေထိုင်တဲ့ ပြည်နယ်တစ်ခု ဖြစ်တဲ့အတွက် ဘာသာစကားအတွက်လည်း အခက်အခဲဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့က အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ မီဒီယာတွေကိုဖိတ်ပြီး အကူအညီတောင်းတယ်။ သူတို့ကနေတစ်ဆင့်လည်း ရွေးကောက်ပွဲရဲ့အရေးကြီးပုံတွေကို ပြည်သူတွေ အသိပညာတွေရစေချင်တယ်။ တိုင်းရင်းသားပြည်နယ်ဖြစ်တဲ့အတွက် ယုံကြည်မှုတည်ဆောက်ရပါတယ်။ အလှမ်းဝေးနေတဲ့ တိုင်းရင်းသားတွေ ကိုယ်တိုင်ယုံကြည်၊ ကိုယ်တိုင်သိစေနိုင်ဖို့အတွက် CSO ကို အကူအညီတောင်းရတာပါ။ ပြည်သူထဲကို ထဲထဲဝင်ဝင်ဖြစ်ဖို့ အကူအညီတောင်းခြင်းဖြစ်ပါတယ်။ ပထမဆုံးအဆင့်အနေနဲ့ မဲစာရင်းကပ်မယ်။ အဲဒါကို ပြည်သူတွေက မိမိနာမည် ပါ/မပါ လာကြည့်စေချင်တယ်။ လာကြည့်ဖို့ မီဒီယာတွေ၊ CSO တွေကတစ်ဆင့် စည်းရုံးမှုတွေလုပ်ပေးဖို့ အကူအညီတောင်းတာပါ။

**မေး။ ။ မဲစာရင်းမှာ မိမိနာမည်ပါ/မပါကလည်း ဘယ်လို့အရေးကြီးတာပါလဲ ဆရာ။ ရှင်းပြပေးပါဦး။**

ဖြေ။ ။ မဲပေးပိုင်ခွင့်ဆိုတာ အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်းရဲ့ ရရှိရမယ့်အခွင့်အရေးပါ။ မဲစာရင်းလာကြည့်တယ်။ မဲစာရင်းမှာ ကိုယ့်နာမည်မပါဘူးဆိုရင် တောင်းခံခွင့်ရှိမယ်။ မှားနေရင် ပြန်ပြင်ဆင်ပေးဖို့ တောင်းဆိုနိုင်တယ်။ ပြီးတော့ ဒီကြားထဲမှာ သေဆုံးသူတွေ ရှိကောင်းရှိနိုင်တယ်။ အဲဒါကို နီးစပ်ရာ နီးစပ်ရာသိကြပြီး မဲပေးခွင့်မရှိသူ မဲစာရင်းမှာပါနေရင် ကန့်ကွက်နိုင်မယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် မဲမသမာမှုတွေကို အချိန်မီတားဆီးနိုင်မှာပါ။

**မေး။ ။ ၂၀၁၀ တုန်းကရော ခုလို CSO တွေ၊ မီဒီယာတွေ အကူအညီယူခဲ့ဖူးပါသလား။ လက်ရှိမှာရော CSO တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုက အတိုင်းအတာ ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ ။ ၂၀၁၀ မှာတုန်းကတော့ ခုလို CSO တွေ အကူအညီမယူခဲ့ဖူးပါဘူး။ လတ်တလောမှာတော့ မဲစာရင်းကပ်ရင် ပြည်သူတွေ လာကြည့်ကြဖို့ CSO တွေက ပညာပေးဖို့ တောင်းဆိုထားတာပါ။ ဘယ်လောက်အတိုင်းအတာလို့တော့ တွက်ချက်လို့မရပါဘူး။ သူတို့ရဲ့ ပူးပေါင်းပါဝင်မှုအပေါ် မူတည်ပါတယ်။ ရလဒ်ထွက်လာရင်တော့ သိရမှာပါ။

**မေး။ ။ မွန်ပြည်နယ်မှာ ပူးပေါင်းပါဝင်မယ့် CSO ဦးရေ ဘယ်လောက်ရှိပါသလဲ။ သူတို့ကို ပညာပေးမှုမှာ အကူအညီတောင်းခံတဲ့နေရာမှာ ဆရာတို့ဘက်ကလည်း ပံ့ပိုးမှုတွေရှိပါသလား။**

ဖြေ။ ။ စာရင်းပေးထားတဲ့ CSO အင်အား ၆၀ လောက်ရှိပါတယ်။ CSO တွေက အမျိုးသားရေးစိတ်ဓာတ်နဲ့ ကိုယ့်အိတ်ကစိုက်သင့် စိုက်ရမယ်ဆိုတာကို နားလည်ကြပါတယ်။ တချို့ငွေကြေးအင်အား အားနည်းတဲ့အဖွဲ့တွေကိုတော့ အခြားအကူအညီပေးနိုင်မယ့် အဖွဲ့အစည်းတွေနဲ့ ချိတ်ပေးတာတွေလုပ်ပေးပါတယ်။

**မေး။ ။ CSO တွေကို Voters Education အနေနဲ့ ပညာပေးဖို့တောင်းဆိုတဲ့အခါ အဲဒီထဲမှာ ပါတီဝင်တွေ ပါလာလို့ရှိရင် သူတို့ကို မဲဆွယ်ဖို့အခွင့်အရေးပေးသလို မဖြစ်နိုင်ဘူးလားဆရာ။**

ဖြေ။ ။ မဖြစ်နိုင်ပါဘူး။ လောလောဆယ်ကတော့ ပြည်သူတွေ မိမိအမည် ပါ/မပါ လာကြည့်ဖို့ကို ဦးစားပေး စည်းရုံးပညာပေးဖို့ အဓိက အကူအညီတောင်းထားတာပါ။ မဲစာရင်းမှာ မိမိနာမည်မပါရင် ပုံစံ (၃) နဲ့ တောင်းခံဖို့။ အချက်အလက်မှားနေရင် ပုံစံ(၄-က) နဲ့ တောင်းဆိုဖို့။ မဲပေးပိုင်ခွင့်မရှိသူပါနေရင် ပုံစံ(၄) နဲ့ ကန့်ကွက်ဖို့ ဒါတွေကို ပညာပေးစေချင်တာပါ။ တကယ်တော့ ပြည်သူတွေ မဲစာရင်းကြည့်ဖို့ပညာပေးရာမှာ ပါတီဝင်တွေကတောင် ပိုပညာပေးနိုင်ဖို့ လိုအပ်ပါသေးတယ်။ ခုဟာက ပါတီဝင်တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ မီဒီယာတွေ ပူးပေါင်းပါဝင်ပြီး နိုင်ငံရေးမှာ အတူတူသွားကြဖို့ပါ။ ပါတီဝင်တွေအနေနဲ့ နိုင်ငံရေးပါတီမှတ်ပုံတင်မှာလည်း ပါပြီးသားပါ။ သူတို့တွေ အဲဒီဘောင်တွေကို ကျော်လုပ်လို့မရပါဘူး။

အမေး/အရေး- မြတ်မွန်ထွေး
ဓာတ်ပုံ - အာကာမောင်

**မေး။ ။ ဆရာတို့ကော်မရှင်အဖွဲ့ခွဲကလည်း ဆောင်ရွက်နေဆဲ၊ ဆောင်ရွက်မယ့်ပညာပေး အစီအစဉ်တွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ကျွန်တော်တို့ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ အသိပညာပေးဆိုင်ရာတွေအတွက် သရုပ်ပြတာတွေ လုပ်တာရှိတယ်။ ဟောပြောပွဲတွေလုပ်တယ်။ ဗီနိုင်းတွေ ကပ်တယ်။ LED တွေနဲ့ ပြသတာတွေ လုပ်ပါတယ်။ မီဒီယာကနေတစ်ဆင့် ပညာပေးတာတွေလုပ်သလို ခုနောက်ထပ်လည်း ကျေးရွာ၊ ရပ်ကွက်တွေက အလှူခံမဏ္ဍပ်တွေမှာ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသီချင်းလေးတွေ ဖွင့်ပြနိုင်ဖို့ အခွေလုပ်ဖို့ စီစဉ်ထားပါတယ်။

**မေး။ ။ ဆရာ့အနေနဲ့ နောက်ထပ် ပြည်သူတွေကို အဓိကပြောချင်တာလေးရှိရင် ပြောပေးပါဦး။**

ဖြေ။ ။ မဲစာရင်းပေးကြဖို့၊ မဲစာရင်းလာကြည့်ကြဖို့ အဲဒါကို အဓိကပြောချင်ပါတယ်။ မဲစာရင်း လာကြည့်ပြီး ကိုယ့်နာမည်မပါရင် ဘာလုပ်ရမလဲကို သိစေချင်ပါတယ်။ ပြည်သူတွေအနေနဲ့ မဲစာရင်းကို ကိုယ်တိုင်ပဲဖြစ်ဖြစ်၊ မိသားစုကိုယ်စား တစ်ဦးဦးအနေနဲ့ပဲဖြစ်ဖြစ် လာကြည့်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

မွန်ပြည်နယ်သည် ခရိုင်နှစ်ခရိုင်နှင့် မြို့နယ် ၁၀ မြို့နယ်ရှိပြီး ခန့်မှန်းမဲပေးခွင့်ရှိသူဦးရေ ၁၃ သိန်းဟု ခန့်မှန်းထားသည်။ မဲဆန္ဒရှင်စာရင်းပြုစုမှုမှာ လက်ရှိတွင် ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ပြီး ပထမအသုတ် မဲဆန္ဒရှင်စာရင်းကို ဇွန်လဆန်းတွင် ထုတ်ပြန်မည်ဖြစ်သည်။ မွန်ပြည်နယ်တွင် ပြည်နယ်အဆင့် ရွေးကောက်ခံပါတီ ခြောက်ခုရှိသည်ဟုသိရပြီး မွန်လူမျိုး အခြေစိုက်ပါတီနှစ်ခုရှိကြောင်း သိရသည်။

**မြေကွက်ရောင်းမည်**
ပြင်ဦးလွင် ရပ်ကွက်ကြီး (၁၂) ရှိ ... ( 70'x 80' ) မြေကွက်အား အမြန်ရောင်းမည်။
ဈေးနှုန်း - (450) သိန်း
ဆက်သွယ်ရန် - 09-250136302

**ပြင်ဦးလွင် - မြေကွက်များရောင်းမည်**
အရှုပ်အရှင်းကင်းသည့် နေရာကောင်းသော မြေကွက်များအား ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
ဈေးနှုန်း သိန်း -(160 မှ 15,000 အတွင်း)

**လူပျောက်ကြော်ငြာ**

ရေးမြို့နေ ဦးတင်ရွှေ၏သား မောင်ဟိန်းလတ်အောင် အသက် (၃၀)သည် ၂၇-၄-၂၀၁၅ရက်တွင် ဗလီမှ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်း နံပါတ်များသို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၂၇၀၆၇၃၊ ၀၉-၄၂၅၂၆၇၈၈၆၊ ၀၉-၇၃၁၁၃၅၅၂

**အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ခြင်း**
ကယားပြည်နယ်၊လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်၊ မင်းစုရပ်ကွက်(မင်း/၁၁၇) နေ (ဦးစိန်ထွန်း)-ဒေါ်လှမေတို့၏သားသမီးဖြစ်သည့် မောင်မျိုးဇော်ထွန်း ၂/လကန(နိုင်)၀၄၃၆၄၁၊ မဝေဝေသန်း ၂/လကန(နိုင်)၀၅၂၈၃၆ တို့သည် မိမိသဘော ဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားသည်မှာ (၁၃)နှစ်ကျော်ရှိပြီး မိဘဆွေမျိုးမောင်နှမများနှင့် ဆက်သွယ်မှုမရှိသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာလိုက်သည်။
မိခင်- ဒေါ်လှမေ၊
မင်းစုရပ်ကွက်၊ လွိုင်ကော်

**ကန့်ကွက်နိုင်ပါကြောင်း**
ယာဉ်အမှတ် 8A/7342 Toyota Corolla ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖုံရှောက်ချင်(ခ)မာလာခင် ၁၃/လလန(နိုင်)၀၃၈၈၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး၊ လွိုင်လင်မြို့**

**ဖခင်အမည်မှန်**
လွိုင်ကော်မြို့၊ အထက(၂)၊ န၀မတန်း (E)အောင်မှ မောင်ဝသုန်ဦး၏ ဖခင်အမည်မှန်မှာ ဦးစောလီးနို ၂/လကန(နိုင်) ၀၅၃၇၄၁ ဖြစ်ပါကြောင်း။
**ဦးစောလီးနို**

**အမည်မှန်**
အထက(ခွဲ)ကော့ကရင်၊ အ၄မတန်း(B)မှ မသင်းမြတ်မြတ်လှိုင်နှင့် စတုတ္ထတန်းနေ မောင်ကိုကိုအောင်တို့၏ဖခင်အမည်မှန်မှာ ဦးမောင်အေး PAG-၁၈၅၂၇၀ ဖြစ်ပါကြောင်း။ **ဦးမောင်အေး**

**ပို့ကုန်လိုင်စင် ပျောက်ဆုံးကြောင်း**
San Lin International Export and Inport Co.,Ltd. ၏ ပို့ကုန်လိုင်စင်အမှတ် PBEL 1.14-15 0004 (10-01-2015) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၇၄-၂၃၂၉၀**

SEVEN ၆ ၏
မြေကွက်ရောင်း၊ဝယ်ရေး
Ph: 09-33333-511, 09-33333 514
09-33333 644

New Light of Myanmar
Student's Companion

**ကန့်ကွက်နိုင်ပါကြောင်း**
မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အမှတ်(၂) ရပ်ကွက် (B မြတ်ညီနောင်ကွက်သစ်) မြေကွက်အမှတ် ၆၂၊ ဧရိယာ ၀ ဒသမ ၀၉၈က အကျယ်ရှိမြေကွက်အား ဝမ်းတွင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၃-၈-၂၀၁၄ ရက် မှတ်ပုံတင်စာချုပ်အမှတ် ၉၆/၂၀၁၄ ဖြင့် ဒေါ်မြမြထံမှ တရားဝင်ဝယ်ယူထားသူ ဒေါ်ခင်စန်းတင့် ၉/မမန(နိုင်)၀၁၁၃၆၉မှ မြေငှားဂရန် လျှောက်ထားလာမှုအပေါ် ခိုင်လုံသောအထောက်အထားဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝမ်းတွင်းမြို့နယ်၊ ဝမ်းတွင်းမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 6H/6741 Toyota Probox UCP 51,S/W(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင် ၁၂/ဆကခ(နိုင်) ၀၀၁၃၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ချင်းပြည်နယ်အစိုးရအဖွဲ့
## ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၊ မတူပီမြို့နယ်တွင် မြို့နယ်စုပေါင်းရုံး(၁)ရုံး တည်ဆောက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရာတွင် လုပ်ငန်းအသေးစိတ်တင်သွင်းရန်ဖြစ်ပြီး တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၄-၅-၂၀၁၅ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါများကို ၃-၆-၂၀၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၀-၂၁၀၀၇၊ ၀၇၀-၂၂၃၆၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဟားခါးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ (၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းကျောက်ရှယ်စုံကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်ပစ္စည်းအမျိုးအစား၊ ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၅-၅-၂၀၁၅ ရက်မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၉-၅-၂၀၁၅ ရက် (၁၂:၀၀)နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၁၉-၅-၂၀၁၅ ရက် (၁၃:၀၀)နာရီ
**ဝယ်ယူမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန
မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့
ဖုန်း-၀၆၄-၂၃၀၈၇၊ ၀၉-၄၀၂၇၃၆၇၃၇

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့
## မော်တော်ယာဉ်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲများ၊ မြို့နယ်စည်ပင်သာယာရေးဌာနများတွင် စည်ပင်သာယာရေးလုပ်ငန်းသုံး အုပ်ချုပ်မှုယာဉ်များ ဝယ်ယူလိုပါသည်။

| စဉ် | ယာဉ်အမည် | အမျိုးအစား | အရေအတွက် |
|---|---|---|---|
| (က) | TOYOTA Hilux Vigo | Smart Cab | ၁၂ စီး |
| (ခ) | TOYOTA Hilux | Extra Cab (အနိမ့်) | ၉ စီး |

၂။ မော်တော်ယာဉ်များ၏ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် လျှောက်လွှာနှင့်အတူ ယာဉ်များထုတ်လုပ်သည့်နိုင်ငံ၊ အမည်၊ ယာဉ်ဈေးနှုန်း၊ မော်တော်ယာဉ်ဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ ပုံစံများ၊ ကုမ္ပဏီ Profile များနှင့်အတူ လျှောက်ထားနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်-

(က) တင်ဒါလျှောက်လွှာရယူနိုင်မည့်
**နေ့ရက်** - ၈-၅-၂၀၁၅ ရက် (သောကြာနေ့)
**အချိန်၊ နာရီ** - နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ
**နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

(ခ) တင်ဒါလျှောက်လွှာပိတ်မည့်
**နေ့ရက်** - ၁၄-၅-၂၀၁၅ ရက် (ကြာသပတေးနေ့)
**အချိန်၊ နာရီ** - ညနေ ၁၆:၃၀ နာရီအထိ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်
**နေ့ရက်** - ၁၅-၅-၂၀၁၅ရက် (သောကြာနေ့)
**အချိန်၊ နာရီ** - နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ
**နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

ယာဉ်ဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့် (With Holding Tax)ကို ခုနှိမ်ပြီး ကျန်ငွေအား အရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၂၃၉၁၅ သို့ဖြစ်စေ၊ တင်ဒါတင်သွင်းသူကိုယ်တိုင်လာရောက်၍ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ**

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

[illegible]

(L.L.B, DBL, DML, DIL P-WIPO(Switzerland)) [illegible]

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောဦးစီးဌာနအတွက်
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
## တင်ဒါခေါ်ယူခြင်း
### အိတ်ဖွင့်တင်ဒါအမှတ်(၂/၂၀၁၅-၂၀၁၆)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါ အရေအတွက်များအတိုင်း (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (၁) | နိုင်ငံခြားစက္ကူ A4(70gm) | (၈၀၀၀) ထုပ် |
| (၂) | နိုင်ငံခြားစက္ကူ A3(70gm) | (၁၀၀) ထုပ် |
| (၃) | တာယာဆိုဒ်စုံ(၉)မျိုး | (၂၆၅) လုံး |
| (၄) | ဘက်ထရီဆိုဒ်စုံ(၄)မျိုး | (၃၁၀) လုံး |

၂။ တင်ဒါပေးသွင်းမှုကို ၁၉-၅-၂၀၁၅ ရက်၊ ၁၆:၀၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်လက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**(၁) သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၀၁**

**(၂) သစ်တောဦးစီးဌာန**
**- အနောက်ကြို့ကုန်း**
**- ဘုရင့်နောင်လမ်း-အင်းစိန်**
**ဖုန်း-၀၁-၆၄၄၂၀၈**

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကယားပြည်နယ်)
## တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါ ဆောက်လုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြည်နယ်ရုံး - (၆)ခန်းတွဲအိမ်ရာဆောက်လုပ်ခြင်း(ပေ၁၂၀×၃၅ပေ×၁၂ပေ)
(ခ) ဒီးမော့ဆိုမြို့နယ် - (၆)ခန်းတွဲအိမ်ရာဆောက်လုပ်ခြင်း(ပေ၁၂၀×၃၅ပေ×၁၂ပေ)
(ဂ) ဖရူဆိုမြို့နယ် - (၁)ထပ်ရုံးသစ်ဆောက်လုပ်ခြင်း(ပေ၁၀၀×ပေ၃၀×၁၂ပေ)
(ဃ) ရှားတောမြို့နယ် - (၆)ခန်းတွဲအိမ်ရာဆောက်လုပ်ခြင်း(ပေ၁၂၀× ၃၅ပေ×၁၂ပေ)
(င) ဘောလခဲခရိုင် - (၆)ခန်းတွဲအိမ်ရာဆောက်လုပ်ခြင်း (ပေ၁၂၀×၃၅ပေ×၁၂ပေ)
(စ) ဘောလခဲမြို့နယ် - ရုံးအဆောက်အအုံ(ပေ၁၅၀×ပေ၃၀×၁၂ပေ)နှင့် အစည်းအဝေးခန်းမ(ပေ၄၀×ပေ၂၀×၁၂ပေ) ဆောက်လုပ်ခြင်း
(ဆ) ရွာသစ်မြို့ - (၆)ခန်းတွဲအိမ်ရာဆောက်လုပ်ခြင်း(ပေ၁၂၀×၃၅ပေ×၁၂ပေ)

၂။ **တင်ဒါရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၅ရက်မှ ၁၈-၅-၂၀၁၅ရက်အထိ
၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
**နှင့်အချိန်** - ၁၆:၀၀နာရီ

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော တင်ဒါပုံစံစည်းကမ်းချက် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်သည်-

**ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဖုန်း-၀၈၃-၂၁၀၀၇**

## ကယားပြည်နယ်၊
## သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကယားပြည်နယ်၊ ရှားတောမြို့နယ် သာသနာရေးမှူးရုံး RC တစ်ထပ်အဆောက်အအုံတစ်လုံး ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၅-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၇-၆-၂၀၁၅ ရက် (၁၆:၃၀)နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ကယားပြည်နယ် သာသနာရေးမှူးရုံး ဖုန်း-၀၈၃-၂၁၁၀၃ နှင့် လွိုင်ကော်ခရိုင်သာသနာရေးမှူးရုံး ဖုန်း-၀၈၃-၂၂၅၃၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

တကကအောင်မင်း ၂/လကန(နိုင်)၀၀၇၁၄၇ ပိုင်ဆိုင်သော ရွှေညောင်မြို့၊ မြို့ကွက်သစ်အမှတ် ၁၆၊ ဦးပိုင်အမှတ်(၁၂၅)၊ မြေပေးမိန့်အမှတ်စဉ်(၇၀၁/၂၀၀၉) မြေကွက်မှ ပုံစံ(၁၀၅)မှာ တပ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးခဲ့ပါသည်။ အသစ်ထပ်မံလျှောက်ထားမည်ဖြစ်၍ လက်ဝယ်ရရှိထားပါက အောက်ပါလိပ်စာအတိုင်း ၁၀ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**တကကအောင်မင်း**
**(ကိုယ်စားလှယ်ပါဝါရရှိသူ)**
**မမြရွှေ ၁၃/လလန(နိုင်)၀၅၀၉၅၈**
**ဖုန်း-၀၉-၄၂၈၃၃၄၃၂၉**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၄၅၄)ဧရိယာ ၀ဒသမ ၁၄၆ဧက ဦးထွန်းအောင်သင်း အမည်ပေါက်နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၄/၂၀၁၅)ဖြင့် ဝယ်ယူထားသူ ဦးဝင်းဇော်ဦး ၇/ရတန(နိုင်)၀၆၆၈၂၆ (ဘ) ဦးသိန်းဦးမှ မြေငှားစာချုပ် အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကယားပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကယားပြည်နယ်ရုံးနှင့် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၊ လွိုင်ကော်မြို့တွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁-၅-၂၀၁၅ ရက်မှစ၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကယားပြည်နယ်ရုံး၊ လွိုင်ကော်မြို့တွင် ထုတ်ယူနိုင်မည်ဖြစ်ပြီး ၃၁-၅-၂၀၁၅ ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းကြရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်ရုံး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း-၀၈၃-၂၄၀၀၉၇၊ ၀၈၃-၂၁၆၅၇ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

(၁) ကယားပြည်နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
(က) ပြည်နယ်ရုံး(ပေ၇၀×၃၆ပေ×၁၅ပေ)၊ RC(၁)ထပ်၊ သွပ်မိုး၊ ရေ၊ မီးအပါ — (၁)လုံး
(၂) ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း
(က) စက်လက်တွေ့ဆောင်(ပေ၁၂၀×ပေ၄၀×၁၅ပေ)၊ သွပ်မိုး၊ မီးအပါ (ပါဝါမီတာ) — (၁)လုံး
(ခ) ကျောင်းအုပ်နေအိမ်(ပေ၄၀×ပေ၃၀×ပေ၂၀)၊ သွပ်မိုး၊ရေ၊မီးအပါ — (၁)လုံး
(ဂ) သင်တန်းသုံး(၂)ခန်းတွဲ ရေလောင်းအိမ်သာ၊ ကွန်ကရစ် — (၂)လုံး

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**ပျောက်ဆုံး ကြောင်း**

ကျွန်တော် ဇော်မိုးနိုင် ၁၃/တကန(နိုင်)၁၉၂၄၈၁ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၁၉၁၉၉၀၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ချောက်မြို့နယ်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၃၂

ဦးဇော်လင်းအောင်ဆန်း **နှင့်** ၁။ ဦးရဲလင်း၊ ၂။ မမျိုး
**တရားလို** **တရားပြိုင်များ**

အထက်အမည်ပါ အမှုမှတရားပြိုင်များဖြစ်ကြသော ၁။ ဦးရဲလင်း၊ ၂။ မမျိုး ထိန်ကန်ကျေးရွာ၊ ထိန်ကန်ကျေးရွာအုပ်စု၊ ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလို ဦးဇော်လင်းအောင်ဆန်းက CPကြက်ပေါက်၊ ကြက်စာ၊ အစာစပ်ဆေးဖိုးစုစုပေါင်းငွေ ၂၇၂၆၀၄၄၄/-တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၂၇ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း ၁၀ရက်)နံနက် ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ဖြေရှင်း ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဧပြီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(လဲ့ရည်မွန်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ချောက်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### စစ်ကိုင်းမြို့နယ်တရားမရုံး၌
### ၂၀၁၅ ခုနှစ် တရားမကြီးအမှုအမှတ်(၆၀)

ဦးကျော် **နှင့်** ၁။ ဒေါ်မိမိခိုင်
၂။ ဦးမြင့်ဝင်း
**တရားလို** **တရားပြိုင်များ**

စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းရွာနှင့် ကျော်ဇေယျာရွာနေ ၁။ ဒေါ်မိမိခိုင် (ဘ) ဦးဟာမြစ်၊ ၂။ ဦးမြင့်ဝင်း (ဘ) ဦးကြည်မောင် (၁-တရားပြိုင် ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေဩဇာဖိုးငွေ ၂၂၃၃၀၀၀ဝိ/ကျပ်နှင့် ကြားကာလအမြတ်စွန်း ၉၇၆၉၃၅/ကျပ် စုစုပေါင်း ၃၂၀၉၉၃၅/ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၁၂ရက် (၁၃၇၇ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဧပြီ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်စံဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**စစ်ကိုင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်း(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်၊ဧရိယာ ၀ဒသမ ၀၈၂၈ဧကရှိ ဒ-၄၇၂၈ မြေကွက်အား ဦးခင်မောင်ဇော် (ဘ) ဦးအောင်သန်း ၉/လဝန(နိုင်)၀၀၄၀၉၃မှ ပိုင်ဆိုင်မှုအထောက်အထားတင်ပြ၍ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ် ပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ကန့်ကွက်မှုမရှိပါက ဦးခင်မောင်ဇော် အမည်ပေါက်မြေကွက်နေရာ(ယာယီ)ချထားသည့်လက်မှတ်မူရင်းအားပယ်ဖျက်၍ မိတ္တူမှန်ထုတ်ပေးမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကျေးဇူးအထူးတင်ရှိခြင်း

## ပါမောက္ခဒေါက်တာဦးသာလှိုင်

## မနနလ ဆေးရုံအုပ်ကြီး(ငြိမ်း)

## အငြိမ်းစားသံအမတ်ကြီး

## မော်ကွန်းဝင်ဒုတိယဆင့်

## အသက်(၉၁)နှစ်

ဖခင်ကြီး S.S.C ဆေးရုံတွင် သုံးလကျော်တိုင် တက်ရောက်ကုသခံယူစဉ် အထူးဂရုစိုက် ပြုစုကုသမှုပေးခဲ့သော ပါမောက္ခဆရာဝန်ကြီး ဒေါက်တာဦးမျိုးသွယ်နှင့် ဇနီးပါမောက္ခ ဒေါ်စန်းစန်းဝေနှင့်မိသားစုအားလည်းကောင်း၊ S.S.C ဆေးရုံမှ ပိုင်ရှင်ဆရာဝန်ကြီး ဦးဇော်ထွန်းနှင့် ဇနီးဒေါက်တာဒေါ်ငွေငွေကြည်တို့အားလည်းကောင်း၊ S.S.C ဆေးရုံကြီးမှ ပါမောက္ခ ဆရာဝန်ကြီးများနှင့် သူနာပြုအုပ်အားလည်းကောင်း၊ ကုသမှုပေးခဲ့ကြသော ဆရာဝန်များ၊ ဆရာမများနှင့်ဝန်ထမ်း မိသားစုများ၊ ဖခင်ကြီးကို အနီးကပ်ပြုစုစောင့်ရှောက်ပေးပါသော သူနာပြုဆရာ၊ ဆရာမနှင့်ဆွေမျိုးသားချင်းနှင့် မိတ်ဆွေတို့အားလည်းကောင်း၊ ဖခင်ကြီးအတွက် လိုအပ်သောသွေးအမျိုးအစားကို လှူဒါန်းပေးခဲ့ကြသော ရွှေပုစွန်မှဝန်ထမ်းမိသားစုတို့အားလည်းကောင်း၊ နေ့စဉ်ရက်ဆက် ဖခင်ကြီးအား ပြုစုစောင့်ရှောက်မေတ္တာပြခဲ့ကြသော ဖခင်ကြီး၏ မိတ်ဆွေ၊ ပါမောက္ခဆရာဝန်ကြီးများ၊ တပည့်ရင်းဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ မအားလပ်သည့်ကြားမှ ဖခင်ကြီးအတွက် ဆေးရုံပေါ်သို့ လာရောက်၍ ဘုရားဝတ်ပြုကိုးကွယ်ခြင်း၊ ပွဲတော်ပေးခြင်းတို့ကိုပြုပေးခဲ့ကြသော သင်းအုပ်ဆရာတော်ကြီးများအားလည်းကောင်း၊ နာရေးကိစ္စတွင် ကူညီပံ့ပိုးပေးခဲ့ပါသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာမှူးကြီးနှင့် ဝန်ထမ်းမိသားစုတို့အားလည်းကောင်း၊ ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုတို့အားလည်းကောင်း၊ ဈာပနဝတ်ပြုကိုးကွယ်ရာတွင် စ၊ လယ်၊ ဆုံးပါဝင်ဦးဆောင်ပေးခဲ့ကြသော ကြည့်မြင်တိုင်နှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာကြီး ဦးသာဒင်နှင့် အသင်းသားမိသားစုတို့အားလည်းကောင်း၊ ဂျပ်ဆင်နှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာကြီး ဦးအာသာကိုလေးနှင့် ဆရာကတော်အပါအဝင်၊ ဆရာကြီးဦးကျော်ညွှန့်နှင့်တကွ အသင်းသားမိသားစုတို့အားလည်းကောင်း၊ သံလျင်နှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာကြီး ဦးဆန်နီနှင့် ဆရာကတော်အပါအဝင် အသင်းသားတို့အားလည်းကောင်း၊ (M.I.C.T) ကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးကျော်ထွန်းလင်းနှင့် အသင်းသားတို့အား လည်းကောင်း၊ ဖခင်ကြီးကွယ်လွန်ချိန်မှစ၍ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးသည့်တိုင် စီစဉ်ဆောင်ရွက်မှုကိုပြုပေးပါသော ကြည့်မြင်တိုင်နှစ်ခြင်းအသင်းတော်မှ ဆရာကြီး ဦးသန်းမြင့်ထွန်းအားလည်းကောင်း၊ အထူးကျေးဇူးတင်ရှိအပ်ပါသော လိုလေသေးမရှိမေတ္တာပြ၍ အစစအရာရာလုပ်ဆောင်ပေးပါသော ရွှေပုစွန်မိသားစုနှင့်ဝန်ထမ်းအားလုံးတို့အားလည်းကောင်း၊ နာရေးကိစ္စတွင် မိသားစုနှင့် ထပ်တူထပ်မျှ ခံစားပြီး လူကိုယ်တိုင်ကြွရောက်၍သော်လည်းကောင်း၊ ဝမ်းနည်းကြောင်းဖုန်းဖြင့်သော် လည်းကောင်း၊ E-mail ဖြင့်သော်လည်းကောင်း၊ ပေးပို့ပြောကြားပေးကြသော နိုင်ငံခြားမှဆွေမျိုးမိတ်ဆွေများ အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးမိတ်ဆွေတို့အား လည်းကောင်း၊ ဝမ်းနည်းကြောင်း သတင်းစာတွင်ဖော်ပြပေးကြသော ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်မှတာဝန်မှူးနှင့်တကွ ဝန်ထမ်းမိသားစုတို့အားလည်းကောင်း၊ နာရေးသို့ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေနှင့်အလှူငွေများ၊ စားသောက်ဖွယ်ရာများအား ပေးပို့လှူဒါန်းသူများအားလည်းကောင်း၊ နာရေးကူညီမှုအသင်း(ရန်ကုန်)မှကူညီ ဆောင်ရွက်ပေးသော မိသားစုတို့အားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျန်ရစ်သူမိသားစုမှ ဝမ်းနည်းစွာဖြင့် ရင်ထဲမှလှိုက်လှိုက်လှဲလှဲမဖော်ပြနိုင်လောက်အောင် ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**နိုင်ငံတော်၏ ဖွံ့ဖြိုးရေးအလားအလာသည် ဒုတိယမျိုးဆက်လူရည်ချွန်မောင်မယ်တို့၏ စွမ်းဆောင်မှုအပေါ်မူတည်**

စာမျက်နှာ-၄

# တိုင်းရင်းသားရိုးရာအကနှင့် ကျေးလက်ရိုးရာအကများကို အလေးအနက်ထားပြီး ဖိတ်ခေါ်ဖော်ထုတ်သွားမည်




(၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၇**

တစ်မျိုးသားလုံး၏ အမျိုးသားရေး စိတ်ဓာတ် ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊ အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝရ ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားတို့၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း ပေးနိုင်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရာတွင် အနုသုခုမပညာဖြင့် ပါဝင်ဆောင်ရွက်ရေး ဟူသည့် ဦးတည်ချက်များဖြင့် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

## မြန်မာ့အသံ(ရေဒီယို)သတင်းများကို Mobile Phone တွင် အလွယ်တကူ နားဆင်နိုင်တော့မည်

**နေပြည်တော် မေ ၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Blue Ocean Operating Management Company Limited တို့ ပူးပေါင်း၍ မြန်မာ့အသံ(ရေဒီယို) သတင်းများကို Mobile Phone များတွင် အလွယ်တကူနားဆင်နိုင်မည့် Mobile Radio အစီအစဉ်ကို ၂၀၁၅ ခုနှစ် မေ ၁၅ ရက်တွင် စတင်တော့မည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ဖုန်းနံပါတ် ၀၁-၂၃၉၉၁၀၃ ကိုနှိပ်၍ Subscribe လုပ်လိုက်ရုံဖြင့် စက္ကန့် ၉၀ စာ မြန်မာ့အသံရေဒီယိုသတင်းများကို နံနက် ၈ နာရီ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီတစ်ကြိမ်၊ ည ၇ နာရီတစ်ကြိမ် စုစုပေါင်း တစ်နေ့သုံးကြိမ် နားဆင်နိုင်ကြမည်ဖြစ်သည်။

မြန်မာ့အသံရေဒီယိုသတင်းများကို ဖုန်းပေါ်မှ နားဆင်နိုင်သည့် အဆိုပါ Mobile Radio အစီအစဉ်တွင် နောက်ဆုံးရပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ၊ အားကစားသတင်းနှင့် ယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ စိတ်ဝင်စားဖွယ်ရာ သတင်းများကို နားဆင်ကြရမည်ဖြစ်သည်။

**(သတင်းစဉ်)**

## အာဆီယံအမျိုးသမီးဘောလုံးဆီမီးပွဲ ဩစတြေးလျ-မြန်မာ၊ ဗီယက်နမ်-ထိုင်းတို့တွေ့

ရန်ကုန် မေ ၇

**ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၈ ရက်(ယနေ့)တွင် ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။ ဆီမီးပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဩစတြေးလျယူ-၂၀ အသင်းနှင့်မြန်မာအသင်း၊ ညနေ ၇ နာရီတွင် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

အုပ်စုပွဲစဉ်များ အပြီးတွင် နာမည်ကြီးအသင်း လေးသင်းစလုံး တက်ရောက်နိုင်ခဲ့ပြီး အုပ်စု (က)မှ ဩစတြေးလျ ယူ-၂၀ အသင်းနှင့် ထိုင်းအသင်း၊ အုပ်စု(ခ)မှ ဗီယက်နမ်အသင်းနှင့်မြန်မာအသင်းတို့ တက်ရောက်နိုင်ခဲ့သည်။

မြန်မာအမျိုးသမီး အသင်းသည် အုပ်စုပွဲစဉ်များတွင် ပထမပွဲ၌ ဗီယက်နမ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဖိလစ်ပိုင်အသင်းကို လေးဂိုး-တစ်ဂိုး၊ မလေးရှားအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ရမှတ်ခြောက်မှတ်ဖြင့် ဆီမီးတက်ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၇ ကော်လံ ၅* ❍



သတင်း-ရဲရင့်ရှိန်း




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
R/488

မြန်မာ့အလင်း
စီးပွားအားကစား

၂၀၁၅ခုနှစ်၊ မေ ၈ ရက်၊ သောကြာနေ့။




လူမှုစီးပွား

**တောင်သူပညာပေး ကွင်းသရုပ်ပြသပြီး နွေစပါးစံကွက်ရိတ်သိမ်း**



စာ - ၄

ပြည်တွင်းရေးရာ

**ကျောက်ဆည်-မြစ်သား မြို့ချင်းဆက်လမ်းပေါ်ရှိတံတားများ သံကူကွန်ကရစ်တံတားအဖြစ်ပြီးစီး**



စာ - ၅

လူမှုစီးပွား

**ရေစကြိုမြို့နယ်ရှိ မှုရင်းစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ**



စာ - ၆



# စောင့်ကြည့်ရတော့မယ့် မန်ယူနှင့်သူ၏ ပစ်မှတ်များ

စာ - ၂












လက်ရှိကာလဟာ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီရဲ့ အဆုံးသတ်ချိန်။ ကန့်လန့်ကာချအံ့ဆဲဆဲကာလ။ အဲဒီမှာ မန်ယူနဲ့ပတ်သက်ပြီး သတင်းအချို့ ကျယ်ကျယ်ပြန့်ပြန့်ထွက်တယ်။ အထူးသဖြင့် ဗန်ဟားလ်တည်ဆောက်မယ့် အနာဂတ်မန်ယူအသင်းသစ်အကြောင်း။ တစ်နည်းထပ်ပြောရရင် လာမယ့် နွေရာသီအပြောင်းအရွှေ့ကာလမှာ ဗန်ဟားလ်ခေါ်ယူဖို့ရည်ရွယ်ထားတဲ့သူတွေနဲ့ မန်ယူရဲ့ဖြစ်လာနိုင်ဖွယ်ရာများ။ အဲဒီအထဲမှာ စပါးဂိုးသမား လောရစ်ပါတယ်။ ဒေါ့မွန်ရဲ့ဗဟိုခံစစ်မှူး ဟမ်းမဲလ်ပါတယ်။ ဆောက်သမ်တန်ခံစစ်မှူး ကလိုင်း။ ပြီးတော့ ရီးရဲတောင်ပံကစားသမား ဘေးလ်။ အိုင်ဟိုဗင့်တောင်ပံကစားသမား ဒီပေးတို့လည်းပါသလို ဂန်ဒိုဂန်၊ ကာဗာနီတို့လို ထိပ်တန်းကစားသမားတွေလည်း ပါဝင်နေတော့။ ဗန်ဟားလ်ရဲ့ရည်ရွယ်မှု၊ ပြီးတော့ ဖြစ်နိုင်မဖြစ်နိုင်နဲ့ မန်ယူရဲ့ အနာဂတ်လားရာ။ အဲဒါကိုအားလုံးက လက်ရှိရာသီအဆုံးသတ်ကာလထက် ပိုစိတ်ဝင်စားကုန်ကြတယ်။




# စောင့်ကြည့်ရတော့မယ့် မန်ယူနှင့် သူ၏ပစ်မှတ်များ

ဝေမိုးဆက်

အထူးသဖြင့်။ မန်ယူမှာက ငွေရေးကြေးရေးပိုင်းမှာ ပြဿနာမရှိဘူး။ စပွန်ဆာစာချုပ်တွေက ရတဲ့ဝင်ငွေကချည်း အတော်လေးများတယ်။ Chevrolet နဲ့ ချုပ်ဆိုထားတဲ့ ဂျာစီစပွန်ဆာ စာချုပ်ဆိုရင် စံချိန်တင် စာချုပ်တစ်ရပ်ဖြစ်သလို ရုပ်သံဝင်ငွေ၊ ကွင်းဝင်ကြေးတွေအရလည်း မန်ယူရတဲ့ဝင်ငွေပမာဏက ထိပ်တန်းအဆင့်ဆိုတော့။ မန်ယူဟာ အပြောင်းအရွှေ့ ဈေးကွက်တစ်ခုမှာ အနိမ့်ဆုံး ပေါင်သန်း ၂၀၀ နဲ့ အထက်သုံးနိုင်တဲ့ အနေအထားရှိတဲ့အခါ။ အဲဒီ မန်ယူရဲ့ငွေသုံးနိုင်အား။ ပြီးတော့ လက်ရှိမန်ယူရည်ရွယ်နေတဲ့ ကစားသမားတွေရဲ့ မတည်ငြိမ်တဲ့ အခြေအနေကို ပေါင်းကြည့်ပြီး မန်ယူရဲ့ အနာဂတ်အသင်းသစ်ကို အားလုံးက စိတ်ဝင်စားကုန်ကြတယ်။

လက်ရှိမှာ မန်ယူရည်ရွယ်နေတဲ့ ကစားသမားတွေအနက် ဘေးလ်က အစ မတည်ငြိမ်ဘူး။ အထူးသဖြင့် ဘေးလ်ဟာ ရီးရဲမှာ ရော်နယ်ဒိုရဲ့ လောင်းရိပ်အောက်ရောက်တယ်။ သူ့ရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ ကစားဟန်နဲ့ လတ်တလော ခြေစွမ်းမပြနိုင်မှုတွေအရလည်း ရီးရဲပရိသတ်ရဲ့ ချစ်ခင်နှစ်သက်မှုကို မရဘူး။ ဘေးလ်အနေနဲ့ ရီးရဲမှာ ဆက်ရှိရေးဆိုတာက သေချာရေရာမှု လုံးဝမရှိတဲ့အခါ ထိုက်တန်တဲ့ ပြောင်းရွှေ့ကြေးတစ်ခုနဲ့သာ ကမ်းလှမ်းရင် ဘေးလ်ကိုရနိုင်ခြေရှိပါတယ်လို့ တွက်ဆကြသလို ဟမ်းမဲလ်၊ ဂန်ဒိုဂန်၊ ဒီပေး၊ ကလိုင်း၊ လောရစ်၊ ကာဗာနီတို့ရဲ့ လက်ရှိအခြေအနေတွေအရလည်း ခေါ်ယူရနိုင်လောက်တဲ့ အခွင့်အလမ်းတွေရှိတဲ့အခါ မန်ယူရဲ့အခြေအနေက ပိုစိတ်ဝင်စားဖို့ကောင်းသွားတယ်။

အထူးသဖြင့် ဒီရာသီမှာ ဒေါ့မွန်ဟာ ဂျာမနီပြည်တွင်းပွဲတွေအတွင်း အတော်ကလေး ယိမ်းယိုင်မှုတွေဖြစ်တယ်။ ဂျာမန်ပိုကယ်ဖလားမှာ ဗိုလ်လုပွဲအထိ တက်နိုင်မှုရှိထားပေမယ့် ဥရောပဝင်ခွင့်ရဖို့က မသေချာဘူး။ ဘွန်ဒက်စ်လီဂါရဲ့ စည်းမျဉ်းအရ အဲဒီပိုကယ်ဖလားမှာ ဗိုလ်စွဲမှသာ ယူရိုပါလိဂ် ဝင်ခွင့်ရမှာဖြစ်ပြီး တကယ့်လို့ အဲဒီဗိုလ်စွဲတဲ့အသင်းဟာ ဘွန်ဒက်စ်လီဂါမှာ ချန်ပီယံလိဂ် ဝင်ခွင့်ရပြီးသား အသင်းဆိုရင်လည်း ဒုတိယနေရာကအသင်းက ယူရိုပါလိဂ်ဝင်ခွင့်ရမှာမဟုတ်ဘူး။ ပြောချင်တာက။ ဒေါ့မွန်ဟာ ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ ချန်ပီယံလိဂ်ဝင်ခွင့်မမျှော်လင့်နိုင်တော့သလို ယူရိုပါလိဂ်ဝင်ခွင့်ရဖို့တောင် မသေချာဘူးဆိုတဲ့ အခြေအနေတွေအရ အဓိကကစားသမားကို ဆက်ထိန်းဖို့ အတော်ခက်တယ်။ ချန်ပီယံလိဂ် ဝင်ခွင့်မရရှိမှုဟာ ဟမ်းမဲလ်၊ ဂန်ဒိုဂန်တို့လို ထိပ်တန်းကစားသမားတွေကို အသင်းမှာ ဆက်ထားနိုင်ဖို့ သိပ်ခက်တယ်။ ဂန်ဒိုဂန်ဆိုရင် ဒေါ့မွန်နဲ့စာချုပ်သစ်ထပ်ချုပ်မှာ မဟုတ်ဘူးလို့တောင် အတိအလင်းဆိုထားတော့ ထိုက်တန်တဲ့ပြောင်းရွှေ့ကြေးသာ ပေးနိုင်ရင် ဒီနှစ်ဦးစလုံးကိုပါ ရနိုင်ခြေရှိတယ်။

ချန်ပီယံလိဂ် ဝင်ခွင့်ဆိုတာဟာ ဘောလုံးသမားတွေအတွက် သိပ်ကို အရေးပါတယ်။ ဘောလုံးသမားတိုင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပါဝင်ကစားခွင့်ကို မွတ်သိပ်စွာတောင်းတတတ်ကြသလို ထိပ်တန်းကစားသမားအများစုကလည်း ချန်ပီယံလိဂ်ဝင်ခွင့်မရတဲ့အသင်းမှာ မကစားလိုကြဘူး။ စပါးဂိုးသမား လောရစ်တောင် စပါးရဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး ခက်ခဲသွားမှုနဲ့အတူ အသင်းကထွက်ခွာမယ့် အရိပ်လက္ခဏာတွေပြနေတော့ သူ့ကိုလည်း စနစ်တကျချဉ်းကပ်ရင် ရနိုင်လောက်သူအဖြစ် တွက်ကြတယ်။ ဒါ့အပြင် ကာဗာနီကလည်း ပီအက်စ်ဂျီမှာထင်သလောက် အထိုင်မကျဘူး။ မိုဗစ်ရဲ့ လောင်းရိပ်မိနေတယ်။ ဒီပေးကျတော့ အိုင်ဟိုဗင့်မှာ ပုံမှန်ခြေစွမ်းပြနေနိုင်ပေမယ့် စိန်ခေါ်မှုအသစ်ကို ရင်ဆိုင်ချင်သူ။ ဥရောပရဲ့ အသင်းကြီးတစ်သင်းသင်းမှာ ပါဝင်ကစားချင်သူ။ ပြီးတော့ သူနဲ့ ဗန်ဟားလ်က ဟော်လန်အသင်းမှာ လက်တွဲခဲ့ပြီးသား။ ဒီတော့ မန်ယူရဲ့ပစ်မှတ်ထားမှုနဲ့ သူပစ်မှတ်ထားတဲ့ ကစားသမားတွေရဲ့ ပစ္စက္ခအခြေအနေ။ ပြီးတော့ မန်ယူရဲ့ငွေသုံးနိုင်အား။ အဲ့ဒါတွေကို ပေါင်းကြည့်တော့ မန်ယူရဲ့ဖြစ်တည်လာနိုင်တဲ့ အနာဂတ်လက်သစ်ဟာ စိတ်ဝင်စားဖို့ကောင်းတာသေချာတယ်။

ဒါပေမယ့် ဥရောပဘောလုံးလောကမှာက မန်ယူတစ်သင်းတည်း ငွေသုံးနိုင်တာမျိုးမဟုတ်ဘူး။ ငွေသုံးနိုင်တဲ့အသင်း အတော်များများရှိတယ်။ အဲဒီအထဲမှာ ချယ်လ်ဆီး၊ မန်စီးတီး၊ ပီအက်စ်ဂျီ၊ ဘိုင်ယန်၊ ရီးရဲတို့ပါတယ်။ ပြောချင်တာက အဲဒီအသင်းတွေရဲ့ ဈေးကွက်ဝင်လုနိုင်အားပဲ။ အထူးသဖြင့် ဘေးလ်ကို ချယ်လ်ဆီးနဲ့ မန်စီးတီးနှစ်သင်းစလုံးက လိုချင်တယ်။ ဒီတော့ သူတို့ကလည်း မန်ယူနဲ့အပြိုင် ချဉ်းကပ်မှာပဲ။ ပိုဆိုးတာက ချယ်လ်ဆီးရဲ့ ဟာဇတ်ဆို ရီးရဲကလည်း သဘောကျတယ်။ ဒီတော့ ဘေးလ်ကိုချယ်လ်ဆီးက ကြားဖြတ်ရမသွားဘူးလို့ ပြောနိုင်မလား။ ဒီအတိုင်းပဲ ဂန်ဒိုဂန်ကို ဘိုင်ယန်က စိတ်ဝင်စားတယ်။ ဂေါ့ဇီ၊ လီဝမ်ဒေါ်စကီးတို့ကိုလည်း ဒေါ့မွန်ကနေပဲ ဘိုင်ယန်ကခေါ်ခဲ့တာ။ ပြီးတော့ ဂန်ဒိုဂန်ကိုယ်တိုင်ကလည်း သူနဲ့အသားကျပြီးသား ဘွန်ဒက်စ်လီဂါကို မရွေးဘူးလို့ မပြောနိုင်သလို အဲဒီ ဂန်ဒိုဂန်ကို အာဆင်နယ်ကလည်း စိတ်ဝင်စားတယ်။ ဒါ့အပြင် ဒီပေးကိုလည်း ပီအက်စ်ဂျီအပြင် လီဗာပူးကလည်း လိုက်နေသလို ကာဗာနီကိုလည်း ချယ်လ်ဆီး၊ အာဆင်နယ်တို့ကလည်း လိုချင်နေတဲ့အပြင် အဲဒီအသင်းတွေဟာ လက်ရှိမှာ မန်ယူထက်လည်း ပိုတည်ငြိမ်နေကြတယ်ဆိုတော့။

မန်ယူနဲ့ဗန်ဟားလ်ရဲ့ လက်ရှိပစ်မှတ်ထားမှုများ။ အဲဒါဟာ မန်ယူရဲ့ ငွေသုံးနိုင်အား တစ်ခုတည်းနဲ့တော့ အကောင်အထည်ဖော်ဖို့ ခက်ပြီမို့ ပါးပါးနပ်နပ်နဲ့ ချဉ်းကပ်နိုင်ဖို့လိုပါတယ်လို့ လက်ခံယုံကြည်ကြပါတယ်။

# လီဗာပူးတိုက်စစ်မှူး လမ်းဘတ်ကိုခေါ်ယူရန် ချယ်လ်ဆီး စိတ်ဝင်စားနေ

*ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလအတွင်းတွင် လီဗာပူးအသင်း တိုက်စစ်မှူး ရစ်ကီလမ်းဘတ်အား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည်ဟု ဆိုသည်။*

*ချယ်လ်ဆီးအသင်းတာဝန်ရှိသူများက အသင်း၏ တတိယ ဦးစားပေးတိုက်စစ်မှူးဖြစ်သူ ဒီဒီယာဒရော့ဘာ၏နေရာတွင် အင်္ဂလန် တိုက်စစ်မှူး လမ်းဘတ်နှင့်အစားထိုးရန် ရည်မှန်းထားခြင်းဖြစ်သည်။ အသက် ၃၇ နှစ်အရွယ်ရှိ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာနှင့် ချယ်လ်ဆီးအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ပြီးဆုံးမည်ဖြစ်သည်။ တိုက်စစ်မှူး ဒရော့ဘာက ချယ်လ်ဆီးတွင် ဆက်လက်ကစားသွားရန် ဆန္ဒရှိနေသော်လည်း ချယ်လ်ဆီးအသင်းမန်နေဂျာ မော်ရင်ညိုကမူ တိုက်စစ်မှူး ဒရော့ဘာ၏ အနာဂတ်နှင့်ပတ်သက်၍ မှတ်ချက်ပေးခြင်းမရှိသေးပေ။*

*အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး လမ်းဘတ်သည် ဆောက်သမ်တန်အသင်းတွင် ခြေစွမ်းပြကစားနိုင်မှုများကြောင့် ၂၀၁၄ ခုနှစ် ဇွန်လအစောပိုင်းတွင် လီဗာပူးအသင်း၏ ပြောင်းရွှေ့ကြေး ပေါင် ၄ သန်းဖြင့် ခေါ်ယူခြင်း ခံခဲ့ရသူဖြစ်သည်။ သို့သော်လည်း လီဗာပူးအသင်းနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုထားသူ တိုက်စစ်မှူးလမ်းဘတ်သည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူး၌ ခြေစွမ်းပြကစားနိုင်ရန် ရုန်းကန်နေရပြီး လီဗာပူးအတွက် ပရီမီယာလိဂ်ပွဲပေါင်း ၂၂ ပွဲ ပါဝင်ကစားခွင့်ရရှိထားသော်လည်း နှစ်ဂိုးသာသွင်းယူထားနိုင်ခဲ့သည်။*

*ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူး ဒရော့ဘာ၏နေရာတွင် အစားထိုးရန်အတွက် စပါးအသင်းတိုက်စစ်မှူး အဒီဘာယောကိုလည်း စောင့်ကြည့်လျက်ရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ တိုက်စစ်မှူး အဒီဘာယော(၃၁နှစ်)သည် မိုနာကို၊ အာဆင်နယ်၊ မန်စီးတီး၊ ရီးရဲမက်ဒရစ် စသည့် ဥရောပထိပ်တန်းကလပ်များတွင် ပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။*



**ပဲခူးတိုင်းဒေသကြီး**

# ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရေဘေးကာကွယ်ရေးနှင့် စိုက်ပျိုးရေးအတွက် အကျိုးပြုမည့် ရေနုတ်မြောင်းကြီးများ

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ဒိုက်ဦးမြို့သည် စိုက်ပျိုးရေးမြို့နယ်ဖြစ်သည်။ မိုးစပါး၊ နွေစပါးအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်း၊ မြေပဲ၊ ဖရဲ၊ ပြောင်း၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ ခရမ်းချို စသည့်ဆောင်းသီးနှံများကို ဒိုက်ဦးသားတို့ အားထားစိုက်ပျိုးကြသည်။ မြစ်ချောင်းအင်းအိုင်ပေါများသော မြို့နယ်လည်းဖြစ်သည့်အတွက် စပါးစိုက်ခင်းများမှာ ရေမရရှိရန် ပူပန်စရာမလိုသည့် မြို့နယ်လည်းဖြစ်သည်။

အဆိုပါမြို့နယ်အတွင်းရှိ ချောင်းမြောင်းရေလျှံမှုကား နှစ်အများစု မိုးရာသီ၌ ဖြစ်ပေါ်လေ့ရှိသည်။ အထူးသဖြင့် နှစ်စဉ် ဇူလိုင်လနှင့် ဩဂုတ်လများ၌ မြို့နယ်အတွင်းရှိ ချောင်းမြောင်းများရေလျှံပြီး ဒိုက်ဦးမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာရပ်ကွက်၌ ရေနစ်မြုပ်လေ့ရှိသည်မှာ အချိန်ကာလကြာရှည်ခဲ့ပေပြီ။ မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ ပဲခူးရိုးမတောင်ပေါ်မှ စီးဆင်းလာသော တောင်ကျချောင်းရေများကြောင့် သဲနုန်းပို့ချမှု ဖြစ်ပေါ်လာပြီး တဖြည်းဖြည်းတိမ်ကောလာကာ ရေစီးရေလာမကောင်းတော့ဘဲ မူလအကျယ်အတိုင်း စီးဆင်းမှုမရှိတော့သဖြင့် ချောင်းမြောင်းရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။


ဂုန်ညင်းတန်းချောင်းအား စက်ယန္တရားကြီးများဖြင့် တူးဖော်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် ချောင်း၊ မြောင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ်မှစတင်ကာ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် ဘဏ္ဍာရေးနှစ်အလိုက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက ယင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကာကွယ်ရန် စီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

တူးဖော်ခဲ့သည့် ရေနုတ်မြောင်းများမှာ ကောလိယရေနုတ်မြောင်း အရှည် ၁၃ ဒသမ ၅ မိုင်၊ အခြေအကျယ်ပေ ၉၀၊ အနက် ၈ ပေ၊ ခမုံ-မြစ်ကျိုးဖြတ်ရေနုတ်မြောင်း အရှည် ၉ ဒသမ ၅ မိုင်၊ အရှည်အကျယ်ပေ ၉၀၊ အနက် ၈ ပေနှင့် ဘောနီရေနုတ်မြောင်း အရှည် ၉ ဒသမ ၇၅ မိုင်၊ အခြေအကျယ်ပေ ၈၀၊ အနက် ၁၀ ဒသမ ၅ ပေတို့ကို စက်ယန္တရားကြီးများဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များအတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆) မှ ကြိုးပမ်းတူးဖော်ပေးထားပြီးဖြစ်သည်။

ထို့အပြင် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို အဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ နှစ်ကာလကြာရှည်စွာ တိမ်ကောပြီး မူလအကျယ်အတိုင်း စီးဆင်းနိုင်မှုမရှိတော့သည့် ချောင်းကောမြောင်းကော ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်ကတည်းက စတင်ကာ ကတုတ်ချောင်းပြန်လည်တူးဖော်ခြင်း အလျား ၇ ဒသမ ၀၁ မိုင်၊ အခြေ အကျယ်ပေ ၇၀၊ ပျမ်းမျှအနက် ၄ ဒသမ ၅ ပေ၊ ရေငန်ချောင်း ပြန်လည်တူးဖော်ခြင်း အလျား ၆ ဒသမ ၄၃ မိုင်၊ အခြေအကျယ်ပေ ၃၀၊ ပျမ်းမျှအနက် ၄ ဒသမ ၅ ပေနှင့် ဒရယ်မီးချောင်းပြန်လည်တူးဖော်ခြင်း အလျား ၉ ဒသမ ၄၈ မိုင်၊ အခြေအကျယ် ပေ ၅၀၊ ပျမ်းမျှအနက် ၅ ဒသမ ၅ ပေစသည်တို့အား ရေကြီးမှုကိုကာကွယ်နိုင်ရန် တူးဖော် ဆောင်ရွက်ပေးခဲ့သည်။

ထို့မှုမက ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရေကြီးနစ်မြုပ်ခြင်းကို ကာကွယ်နိုင်ရန်ထပ်မံပြီး ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန(ပဲခူးတိုင်းဒေသကြီး)က အနီးကပ်ကြီးကြပ်ကာ အဆိုပါမြို့နယ်အတွင်း ၁၀၃ ချောင်း ပြန်လည်တူးဖော်ခြင်း အလျား ၇ ဒသမ ၀၅ မိုင်၊ အခြေအကျယ် ၂၅ပေ၊ ပျမ်းမျှအနက် လေးပေ၊ ဂုန်ညင်းတန်းချောင်း ပြန်လည်တူးဖော်ခြင်း အလျား ၈ ဒသမ ၈၄ မိုင်၊ အခြေအကျယ်ပေ ၇၀၊ ပျမ်းမျှအနက် ငါးပေနှင့် အကြောင်ချောင်း ပြန်လည်တူးဖော်ခြင်း အလျား ၄ ဒသမ၅၃ မိုင်၊ အခြေအကျယ် ၂၅ ပေ၊ ပျမ်းမျှအနက် ၅ ပေလုပ်ငန်းအားလုံးကို မိုးမကျမီ မေလအတွင်း အပြီးဖောက်လုပ်တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတူးဖော်နေဆဲ ချောင်းမြောင်းများ တူးဖော်ပြီးစီးခဲ့ပါက ယင်းဒေသများအတွင်း ချောင်း၊ မြောင်းနှင့် ရေနုတ်မြောင်းကိုးမြောင်း၊ စုစုပေါင်း အလျား ၇၅ မိုင်ကျော်ခန့် တူးဖော်ပေးထားပြီဖြစ်ရာ ရေကြီးနစ်မြုပ်ခြင်းကို ကာကွယ်ပေးရန် ဆောင်ရွက်ထားခြင်းပင်ဖြစ်သည်။ ဒေသခံပြည်သူများအတွက် ဝမ်းမြောက်ဝမ်းသာရမည့် ဆောင်ရွက်ချက်များပင်ဖြစ်သည်။

အမရရွာမှ တောင်သူ ဦးကြည်ဝင်းကလည်း နိုင်ငံတော်က "အခုလိုတိမ်ကောနေတဲ့ချောင်းမြောင်းတွေကို ဖောက်ပေးတာဟာ အိပ်မက်တောင်မမက်ခဲ့ဖူးပါဘူး။ ချောင်းမြောင်းတွေဖောက်ပြီးရင်တော့ ကျွန်တော်တို့လယ်မြေတွေ ရေကြီးနစ်မြုပ်မှုမရှိတော့တဲ့အပြင် ချောင်းမြောင်းတွေတူးရင်း ကုန်ထုတ်လမ်းပါဖောက်လုပ်ပေးလို့ သွားရေးလာရေးအဆင်ပြေပြီး ကျေးရွာချင်းဆက်လို့ ရပြီဗျာ။ ချောင်းမြောင်းတွေတူးပေးတော့ မိုးရာသီမှာ ပဲ့ထောင်တွေရေလမ်းကြောင်း သတ်သတ်မှတ်မှတ်သွားနိုင်ပြီ သားရွှေအိုးထမ်းလာတဲ့ ကိန်းဆိုက်သလိုပါပဲဗျာ" ဟု ဝမ်းသာအားရ ကျေကျေနပ်နပ်ကြီး ပြောပြသည်ကို နားထောင်ခဲ့ရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ဒိုက်ဦးမြို့နယ်ဒေသရှိ ကျေးရွာရပ်ကွက်များ၊ လယ်မြေဧရိယာများ၊ ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် စီမံကိန်းတစ်ရပ်အနေဖြင့် တိမ်ကောနေသော ချောင်း၊ မြောင်း၊ ရေနုတ်မြောင်းများအား လက်ယှက်ထိုးတူးဖော်ဆောင်ရွက်ပေးရာ စုစုပေါင်း အကျိုးပြုဧရိယာ ၇၄၀၀၀ကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းများမှာ တောင်သူလယ်သမားများ၏ အကျိုးကို ရှေးရှုဆောင်ရွက်ပေးခြင်းဖြစ်ပြီး နိုင်ငံတော်က တောင်သူလယ်သမားများအပေါ် ထားရှိသော ကြီးမားသည့် စေတနာတစ်ရပ်ပင် ဖြစ်ပါကြောင်း။

**ပိန်းဇလုပ်သိန်းညွန့်**

## အလံတစ်ရာလေသာ အမကကျောင်း၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်



မြန်မာနိုင်ငံ၏ ပညာရေးအခန်းကဏ္ဍ တိုးတက်ပြောင်းလဲလာစေရန် နိုင်ငံတော်က ပညာရေးအသုံးစရိတ်ထောက်ပံ့ငွေများဖြင့် ပညာရေးအတွက် လိုအပ်သော ကျောင်းဆောင်သစ်များ တည်ဆောက်ပေးလျက်ရှိရာ သထုံမြို့နယ် ဇရစ်ချောင်းကျေးရွာအုပ်စု လေသာကုန်းရပ်ကွက် အလံတစ်ရာလေသာအခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၆ ရက်နံနက် ၁၀ နာရီက ကျင်းပသည်။ အခမ်းအနားတွင် မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ သထုံမြို့နယ် ဒုတိယပညာရေးမှူး ဦးအောင်ဆန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀၊ အာရ်စီကွန်ကရစ်တစ်ထပ် အဆောက်အအုံဖြစ်ပြီး စာသင်ခန်းသုံးခန်းပါဝင်သည်။ Good day and Zaw ကုမ္ပဏီမှ ကိုဟိန်းသူဇော်က စာသင်ကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီချိုက လက်ခံယူပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဒေါ်သန်းလှက ကျေးဇူးတင်စကားပြောကြားသည်။ အလားတူ နံနက် ၉ နာရီတွင် သထုံမြို့နယ် လိပ်အင်းရပ်ကွက် အမက သုဝဏ္ဏကျောင်း၌ လည်း ပေ ၆၀၊ ပေ ၃၀ ရှိ ကျောင်းဆောင် သစ်တစ်ဆောင်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# တောင်သူပညာပေးကွင်းသရုပ်ပြသပြီး နွေစပါးစံကွက်ရိတ်သိမ်း

**မွန်ပြည်နယ်**

သထုံမြို့နယ်အတွင်းရှိ နွေစပါးစိုက်တောင်သူများ လေ့လာသိရှိနိုင်ရန်အတွက် ပညာပေးကွင်းသရုပ်ပြသခြင်းနှင့် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီးဖြင့် စံကွက်ရိတ်သိမ်းခြင်းတို့ကို မေ ၆ ရက်က ဂေါ့ကျေးရွာ ဦးပိုင်အမှတ် (၂၄) ကွင်း အမှတ်(၆၆၈)ရှိ တောင်သူ ဦးစိန်မောင်း၏ ပုလဲသွယ်စပ်မျိုးစပါး နွေစပါးစံပြစိုက်ခင်းတွင် ပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်ခိုင်၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်လေ့လာခဲ့ကြပြီး နွေစပါးများအား ခေတ်မီစက်ဖြင့် ရိတ်သိမ်းခြွေလှေ့ရာ စံအထွက်နှုန်းအဖြစ် တစ်ဧကလျှင် ၁၅၀ ဒသမ ၃၉တင်း ထွက်ရှိခဲ့သည်။ သထုံမြို့နယ်တွင် ယခုနှစ် အတွက် နွေစပါးစိုက်ပျိုးရန် ၇၅၃၈ဧကကို လျာထားခဲ့ပြီး ၇၅၀၃ ဧကကို စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။



သက်ဦး(သထုံ)

# နွေရာသီရေရှားပါးသည့်ကျေးရွာများသို့ ရေများဖြန့်ဝေလှူဒါန်း

**ကယားပြည်နယ်**



မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုဘဝမြင့်တင်စေရေးအတွက် ရည်ရွယ်ပြီး ကျေးလက်ဒေသရေပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ နွေရာသီရေရှားပါးသောကျေးရွာများဖြစ်သည့် ဆိုလဖဲခို၊ လော်ခိုသာ၊ ထီးလယ်ကုန်းကျေးရွာများသို့ မေ ၄ ရက်တွင် ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ရုံးအဖွဲ့ဝန်ထမ်းများက ရေရှားပါးသောကျေးရွာများသို့ ရေများသွားရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ နွေရာသီရေရှားပါးသော ကျေးရွာဖြစ်သည့် ဆိုလဖဲခိုကျေးရွာတွင် အိမ်ခြေ ၅၂ အိမ်၊ လူဦးရေ ၁၄၃ ဦး၊ လော်ခိုသာကျေးရွာတွင် အိမ်ခြေ ၂၅ အိမ်၊ လူဦးရေ ၁၄၁ ဦးနှင့် ထီးလယ်ကုန်းကျေးရွာတွင် အိမ်ခြေ ၂၀၊ လူဦးရေ ၁၄၁ ဦးတို့အား တစ်ရွာလျှင် ရေဂါလန် ၄၀၀၀ နှုန်းဖြင့် စုစုပေါင်းရေဂါလန် ၁၂၀၀၀ ရေပေးဝေခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

**ဓနု(ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ)**

# ပါရမီရှင်ယဉ်ကျေးမှုလိမ္မာသင်တန်းဆင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုတ်တွင်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ မေ ၅ ရက်က ပါရမီရှင်ဗုဒ္ဓဘာသာသင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပခဲ့သည်။

သင်တန်းကို အုတ်တွင်းကျောင်းပဓာနနာယကဆရာတော် ဘဒ္ဒန္တသိရိန္ဒနှင့် တပည့်သံဃာတော်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများက ဦးဆောင်ဖွင့်လှစ်ခြင်းဖြစ်ပြီး အုတ်တွင်းကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများမှကလေးငယ် ၃၀၀ ကျော် တက်ရောက်၍ ၁၅ ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**

# ကျောက်ကြီးချောင်း လူကူးတံတား ကိုယ့်အားကိုယ်ကိုး တည်ဆောက်

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက် ရွှေပေါက်ကံအပိုင်းနှင့် ကျောက်ကြီးမြို့နယ် အင်းနက်ကျေးရွာအုပ်စု ကျောက်ခဲကြီးကျေးရွာ ဆက်သွယ်သည့် ကျောက်ကြီးချောင်း လူကူးတံတားကို မတ်လတတိယပတ်မှ စ၍ နယ်မြေခံပြည်သူများက ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိသည်။

"အစက သစ်သားတံတားပါ။ ခိုင်ခံ့မှုရော ရေရှည်တည်တံ့မှုပါ မရှိလို့ ကွန်ကရစ်တံတားဆောက်ခဲ့ရတာပါ။ လူသွားလမ်းတံတားပါပဲ။ အကျယ်သုံးပေနဲ့ တံတားအရှည်က ပေ ၄၂၀ ရှိပါတယ်။ ချောင်းအလယ်ကွန်ကရစ်တိုင်နှစ်တိုင်စိုက်ထူပြီး သံပေါင်တပ်ဆင်ဖို့ ဆောင်ရွက်နေပါတယ်။ ကုန်ကျငွေ သိန်း ၁၀၀ လောက်ခန့်မှန်းထားပါတယ်" ဟု တံတားတည်ဆောက်ရေးအဖွဲ့ အကျိုးဆောင် ဦးစိန်သန်းက ရှင်းပြသည်။

"မြန်မာလူမျိုးတွေက တံတားဆောက်၊ လမ်းခင်းတဲ့ကုသိုလ်ကို အလွန်ရယူချင်ကြပါတယ်။ လူထုအားနဲ့လုပ်ခဲ့တဲ့ အုတ်ခင်းလမ်းကလေးတွေ ကျောက်ကြီးမြို့နယ်ထဲက ကျေးရွာတွေမှာ ရှိနေသေးတယ်။ အခုလူထုအားနဲ့ ဆောက်တဲ့ ကွန်ကရစ်တံတားကလည်း ရှေးကကောင်းမွေကို ဆက်ခံခြင်းလို့ပဲပြောရပါမယ်" ဟု ရွှေပေါက်ကံ ဗောဓိကုန်း သာသနာပြုစခန်းမှ အရှင်အဂ္ဂေါသာရက မိန့်မြွက်တော်မူသည်။

ကျောက်ကြီးချောင်းကူးတံတားကို အများပြည်သူတို့၏ အင်အားဖြင့် မိုးရာသီအမီ အပြီးတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပြီး တံတားတည်ဆောက်ပြီးစီးသွားပါက တံတားအရှေ့ဘက်ကမ်း ရွှေပေါက်ကံအပိုင်းနှင့် စပ်လဲကျေးရွာ၊ အနောက်ဘက်ကမ်း ကျောက်ခဲကြီးကျေးရွာနှင့် ပဲခူးရပ်ကွက် လမ်းပန်းဆက်သွယ်မှုတို့ ပိုမိုအဆင်ပြေသွားမည်ဟု သိရသည်။

**သန်းထွန်း(ကျောက်ကြီး)**

# ကျောက်ဆည်-မြစ်သား မြို့ချင်းဆက်လမ်းပေါ်ရှိတံတားများ သံကူကွန်ကရစ်တံတားအဖြစ်ပြီးစီး




ကျောက်ဆည်မြို့နှင့် မြစ်သားမြို့တို့ကို ဆက်သွယ်ထားသည့် တံစိုး-မင်းစု-မြစ်သား လမ်းပေါ်ရှိ တံတားများအား သစ်သားတံတားမှ သံကူကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိနေသော တံတားငါးစင်းအား တိုင်းဒေသကြီးပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တည်ဆောက်ခဲ့ရာ ပြီးစီးပြီဖြစ်သဖြင့် လမ်းအသုံးပြုသူများအနေဖြင့် အဆင်ပြေချော မွေ့ကာ ကျေးရွာများမှ လယ်ယာထွက်ကုန်နှင့် ကျောက်ဆည်မြို့နှင့် မြစ်သားမြို့တို့ ကုန်စည် စီးဆင်းမှု လျင်မြန်လွယ်ကူလာကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ရုံးအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မိုင်တိုင် (၁/၅)နှင့် (၁/၆)ကြားရှိ ကွမ်းဆေးမြောင်းကို ဖြတ်သည့် တံတားအမှတ် (၂/၂)ငွေကျပ်သန်း ၁၉ ဒသမ ၂ သန်းဖြင့် အရှည် ပေ ၃၀၊ အကျယ် ၂၄ ပေအဖြစ်လည်းကောင်း၊ မိုင်တိုင်(၅/၁) နှင့် (၅/၂)ကြားရှိ နွားတက်မြောင်း(ခွဲ)ကို ဖြတ်သည့် တံတားအမှတ်(၁/၆)အား ငွေကျပ် ၁၄ ဒသမ ၆၂၅သန်းဖြင့် အရှည် ၁၅ ပေ၊ အကျယ် ၂၄ ပေအဖြစ် လည်းကောင်း၊ မိုင်တိုင်(၆/၀)နှင့် (၆/၁)ကြားရှိ စိုက်ပျိုးရေထုတ်မြောင်းဖြတ်သည့် တံတားအမှတ် ၁/၇အား ငွေကျပ် ကိုးသန်းဖြင့် လည်းကောင်း၊ မိုင်တိုင် (၇/၀)နှင့် (၇/၁)ကြားရှိ ခွေးရိုးမြောင်းဖြတ်သည့် တံတားအမှတ် (၁/၈)အား ငွေကျပ်သန်း ၁၄ ဒသမ ၆၃ သန်းဖြင့် အရှည် ၁၅ပေ၊ အကျယ် ၂၄ ပေ အဖြစ်လည်းကောင်း၊ မိုင်တိုင် (၈/၆) နှင့် (၈/၇)ကြားရှိ ထုံးကလေးမြောင်း ဖြတ်သည့် တံတား အမှတ် (၈/၉)အား ငွေကျပ်သန်း ၂၉ ဒသမ ၂ သန်းဖြင့် အရှည် ပေ ၃၀၊ အကျယ် ၂၄ ပေအဖြစ်လည်းကောင်း တံတားငါးစင်းအား ငွေကျပ်သန်းပေါင်း ၉၆ ဒသမ ၆၅၅ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

ကျောက်ဆည်-မြစ်သားမြို့ချင်းဆက် လမ်းပေါ်ရှိ တံတားများသည် ယခင်က အများစုမှာ သစ်သားတံတားအဖြစ်သာ ရှိပြီး နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ယိုယွင်းပျက်စီးကာ သွားလာရေး ခက်ခဲခဲ့မှုကို "အရင်တုန်းက သစ်သားတံတားတွေက မငြိမ်ဘူး၊ ဆိုင်ကယ်ဆိုရင် ကြမ်းခင်းကြားထဲကျသွားရင် လဲတာပဲ၊ ခဏ ခဏ လဲကျတာ၊ ကျွန်မလည်း လဲဖူးတယ်၊ ကားဆိုလည်း ကုန်နဲ့ဆို ထိန်းမောင်းနေကြရတာ၊ အခုလို ကွန်ကရစ်တံတားတွေ ဆောက်လိုက်တော့ စိတ်အေးလက်အေးသွားလာနိုင်ပြီး ကုန်စည်တွေလည်း လွယ်ကူစွာပဲ စီးဆင်းနိုင်တော့မှာပါ"ဟု ကျောက်ဆည်မြို့မှ မြစ်သားမြို့သို့ နေ့စဉ်သွားရောက် ရုံးတက်နေသည့် ဝန်ထမ်းတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ကျောက်ဆည်-မြစ်သား မြို့ချင်းဆက်လမ်းပေါ်ရှိ တံတားများသည် ယခင်က အများစုမှာ သစ်သားတံတားအဖြစ်သာရှိပြီး နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ယိုယွင်းပျက်စီးကာ သွားလာရေး ခက်ခဲခဲ့။**

ကျောက်ဆည်-မြစ်သား မြို့ချင်းဆက် လမ်းသည် ၁၂ ဒသမ ၂ မိုင်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ၁၀ ဒသမ ၆ မိုင် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျောက်ဆည်မြို့နယ်ဘက်ခြမ်းသည် မိုင်တိုင် ၁/၄ မှ ၉/၁၀ အထိရှိကာ အဆိုပါလမ်းပိုင်းတွင် သံကူကွန်ကရစ်တံတား ၄၁ စင်းနှင့် ရေပြွန် ၂၀ ခုထိရှိကြောင်း လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ရုံးမှ ဦးစီးအရာရှိ ဦးကျော်မင်းဦး၏ ပြောကြားချက်အရ သိရသည်။

■ ထွန်းထွန်းနိုင်(ကျောက်ဆည်) ■

## အများပြည်သူသိရှိရန်အသိပေးကြော်ငြာချက်




၂၀၁၅-ခုနှစ်၊ ဧပြီလ(၂၆)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ဧပြီလ(၂၇)ရက်နေ့ထုတ် ကြေးမုံသတင်းစာတို့တွင် စားသုံးရန်မသင့်သောအစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန်အသိပေးကြော်ငြာချက်ပါ ငါးပိထောင်းဘူး"တုံတုံ"ဟု ဖော်ပြထားချက်သည် ကျွန်တော်များပဲခူးမြို့၊ ဓနသောအမှန်စုံဆိုင်မှထုတ်လုပ်ဖြန့်ချိရောင်းချနေသော ရသာစုံ "တုံတုံ" (ပဲခူး) ပုဇွန်ငါးပိထောင်း မဟုတ်ပါကြောင်း။ သတင်းစာကြော်ငြာချက်ပါငါးပိထောင်းသည် ကျွန်တော်များအမှတ်တံဆိပ်ကိုတုပပြုလုပ်ရောင်းချသော ထုတ်လုပ်သော လုပ်ငန်းလိပ်စာဖော်ပြပါရှိခြင်းမရှိပဲ ကျွန်တော်များ၏"တုံတုံ"အမှတ်တံဆိပ် ငါးပိထောင်း၏ "ပဲခူး"နေရာတွင်"မေ"ဟုဖော်ပြထားသော ဆင်တူရိုးများအတုအပဖြစ်ပါသဖြင့်ကျွန်တော်များ၏ မူရင်း"တုံတုံ"(ပဲခူး)ပုဇွန်ငါးပိထောင်းအား ယုံကြည်စိတ်ချစွာဝယ်ယူအားပေးနိုင်ပါကြောင်းနှင့် အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်လက်မှတ် သ-၂/၀၉၀၀၂/ထလအရ ထုတ်လုပ်သောပုဇွန်ငါးပိထောင်းဖြစ်ပါကြောင်း စားသုံးသူ ရပ်ရှင်လူမိတ်ပြည်သူအပေါင်းအား လေးစားစွာဖြင့်အသိပေးကြော်ငြာအပ်ပါသည်။

မကွေးတိုင်းဒေသကြီး

# ရေစကြိုမြို့နယ်ရှိ မူရင်းစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ချင်းတွင်းမြစ်ရေသည် ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းမှ ဖြတ်သန်းစီးဆင်းလျက်ရှိရာ မြစ်ကမ်းဘေးဝဲယာရှိ နုန်းတင်မြေနုကျွန်းများကို လယ်ယာမြေပိုင်ဆိုင်ခြင်းမရှိသောတောင်သူများအား ကျေးရွာရပ်ကွက်ပိုင်မြေဧရိယာအလိုက် မဲစနစ်ဖြင့် ခွဲဝေပေးလေ့ရှိသည်ဟုသိရသည်။ ထိုသို့ မဲစနစ်ဖြင့် ခွဲဝေပေးရာတွင် မြစ်ကမ်းစပ်ရှိ နုန်းတင်မြေနုမြေများအားရရှိကြသော တောင်သူများသည် ရပ်ကွက် ကျေးရွာများမှ သတ်မှတ်ပေးထားသော ကျွန်းမြေဧရိယာအပြင် မြစ်ထဲထိ ပိုင်ဆိုင်နိုင်ကြသည်ဟုသိရသည်။ သတ်မှတ်ထားသောကျွန်းပြင်ဧရိယာနှင့် မြစ်ကမ်းကြားရှိ မြေများမှာ နုန်းပြင်မြေများဖြစ်၍ နုန်းပြင်လေးလက်မခန့်သာ အထူရှိတတ်ပြီး နုန်းပြင်အောက်တွင် သဲများသာရှိသဖြင့် မူရင်းစပါးမှလွဲ၍ အခြားအပင်များစိုက်ပျိုးပါက အောင်မြင် ဖြစ်ထွန်းနိုင်ခြင်းမရှိဟု သိရသည်။ ထို့ကြောင့် မြစ်ကမ်းစပ်ရှိနုန်းတင်မြေနုမြေများအား ခွဲဝေရရှိကြသည့် တောင်သူများသည် နုန်းတင်မြေနုမြေများတွင် ပဲအမျိုးမျိုးကို စိုက်ပျိုးကြပြီး နုန်းပြင်မြေတွင် မူရင်းစပါးများကို စိုက်ပျိုးကြသည်ဟုသိရသည်။

ရှေးယခင်ကတောင်သူများသည် နုန်းပြင်မြေများတွင် မူရင်းစပါးပင်များကို စိုက်ပျိုးကြရာ၌ အနီရောင်ရှိ၍ကြမ်းတမ်းသော ဒေသခေါ် မယ်ဝက်ကြီးဟူသည့် စပါးမျိုးများကို စိုက်ပျိုးခဲ့ကြသော်လည်း ယခုအခါတွင်မူ ဈေးကွက်ဝင်ကာ စားသုံးသူကြိုက်နှစ်သက်သော ဂျပန်စပါးမျိုး၊ မနောသုခစပါးမျိုးစသည့် စပါးမျိုးများကို စိုက်ပျိုးလာကြသည်ဟု သိရသည်။ထိုကဲ့သို့ မြစ်ကမ်းစပ်နုန်းပြင်တွင် စပါးပင်များအားစိုက်ပျိုးကြရာတွင် နုန်းမာစိုက်ပျိုးခြင်းနှင့် နုန်းပျော့စိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးကွဲပြားသည်ဟုသိရသည်။ နုန်းမာစိုက်ပျိုးခြင်းဟူသည်မှာ နတ်တော်လဆန်းခန့်တွင် မြစ်ရေကျပြီးမြစ်ကမ်းစပ်၌ ပေါ်ထွန်းလာသော နုန်းပြင်ကို ရေခြောက်သွေ့၍ ပပ်ကြားအက်ချိန်ထိစောင့်ပြီး ပပ်ကြားအက်များကို ဖနောင့်ဖြင့်နင်းကာ မြေသိပ်မြေမာရရှိချိန်တွင် စိုက်ပျိုးခြင်းကိုခေါ်သည်ဟုသိရသည်။ နုန်းပျော့စိုက်ပျိုးခြင်းဆိုသည်မှာ မြစ်ရေကျချိန်တွင် မြစ်ကမ်းစပ်နုန်းပြင်တွင် ရေစပ်စပ်ရှိချိန်၌ စိုက်ပျိုးခြင်းဖြစ်သည်ဟုသိရပြီး နုန်းပျော့စိုက်ပျိုးသူ တောင်သူတစ်ဦးအားမေးမြန်းကြည့်ရာတွင် "ဦးက တောင်သူလုပ်သက် ၄၅ နှစ်ရှိပါပြီ။ အခုလောလောဆယ် အမှတ် (၁) ရပ်ကွက်က မဲစနစ်နဲ့ခွဲဝေပေးတဲ့ နုန်းတင်မြေနုမှာ ဂျပန်စပါးမျိုးကို စိုက်ပျိုးထားပါတယ်။ နုန်းပျော့စိုက်ပျိုးခြင်းနဲ့စိုက်ပါတယ်။ နုန်းပျော့စိုက်တယ်ဆိုတာက နတ်တော်လဆန်းလောက် မြစ်ရေကျတဲ့အချိန်မှာ စပါးစိုက်မယ့် နုန်းပြင်ပေါ် မြစ်ရေရှိနေတဲ့အချိန်မှာ အဲဒီမြစ်ရေထဲကို စပါးပျိုးသက် တစ်လကျော်ကျော်ရှိတဲ့ ပျိုးပင်တွေကိုစိုက်ပျိုးတာဖြစ်ပါတယ်။ မြစ်ရေပေါ်မှ စပါးပင်အညွှန့် လက်တစ်ညှိုးလောက်ပေါ်နေရင်စပါးပင်ရှင်သန်နိုင်ပါတယ် မြစ်ရေက တစ်နေ့ထက်တစ်နေ့ မြစ်ထဲကိုရေလျော့သွားသလို စပါးပင်တွေကို စပါးရှင်သန်နိုင်တဲ့အနက်ရှိတဲ့ဘက် မြစ်ဘက်ကိုဦးတည်ပြီးတော့ တဖြည်းဖြည်းတိုးတိုးစိုက်ပါတယ်။ စိုက်ခင်းအပေါ်ပိုင်းကို ကန်သင်းဆယ်ပြီးတော့ ရေသွင်းပေးထားပါတယ်။ စိုက်ခင်းအောက်ဘက်က မြစ်ရေကုန်သွားပြီး စိုက်ခင်းထဲရေလိုတဲ့အချိန်မှာ အပေါ်ပိုင်းစိုက်ခင်းက ရေလျှောင်ထားတဲ့အထဲကနေ ရေလိုတဲ့အောက်ပိုင်း စိုက်ခင်းကို ရေလွှတ်ပေးတဲ့နည်းနဲ့ စိုက်ပျိုးပါတယ်။ နုန်းပြင်မြေမှာ စိုက်တာမို့လို့ နဂိုသဘာဝမြေဆီသြဇာက ကောင်းတာကြောင့် ဓာတ်မြေသြဇာကျွေးစရာမလိုပါဘူး၊ ပိုးသတ်ဆေးလည်းမဖျန်းရပါဘူး၊ နုန်းပြင်မြေက မြေသားအထူ လေးလက်မခန့်သာရှိတဲ့အတွက် စိုက်ခင်းထဲကို ရေကြာကြာမနေတော့ ရေကိုတစ်ရက်ခြားတစ်ကြိမ်နှုန်းနဲ့ ရေသွင်းပေးရပါတယ်။တခြားသွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေသြဇာတို့၊ ပိုးသတ်ဆေးတို့ကို သုံးစရာမလိုဘူး၊ သွင်းအားစုဖိုးကုန်ကျစရိတ် မရှိပါဘူး၊ မူရင်းစပါးစိုက်ခင်းတစ်ဧက တင်း ၁၀၀ နီးပါးထွက်လေ့ရှိတဲ့အတွက် ကုန်ကျစရိတ်နည်းပါးပြီး အထွက်နှုန်းကောင်းပါတယ်" ဟု တောင်သူ ဦးတင်ဝင်းက ပြောသည်။

**အိမ့်မွန်ဆွေ(ရေစကြို)**




ပဲခူးမြို့၊ဈေးပိုင်းရပ်ကွက်၊မြို့မကျောင်းလမ်း၊အမှတ်(၉)နေ ကျွန်တော် ဦးခင်မောင်သိန်းက ဥာဏ်ကြေညာချက်တွင်ကပ်နှိပ်ဖော်ပြထားသော ရသာစုံ "တုံတုံ" (ပဲခူး)ပုဇွန် ငါးပိထောင်းအမှတ်တံဆိပ်ကို ပဲခူးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ၂၀၀၄-ခုနှစ်၊ စာချုပ်အမှတ်(၉၉)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

ယခုအခါ ရသာစုံ"တုံတုံ"(မေ)ပုဇွန် ငါးပိထောင်းဟူ၍ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်ထည့်သွင်းထားခြင်းမရှိဘဲ အရည်အသွေးပြည့်မီခြင်းမရှိသည့် ငါးပိထောင်းဗူးများကို ဈေးကွက်အတွင်းဖြန့်ချီ ရောက်ရှိရောင်းချနေကြောင်းအခိုင်အမာတွေ့ရှိနေရပါသည်။

ကျွန်တော်များထုတ်လုပ်ဖြန့်ချိလျက်ရှိသောပုဇွန်ငါးပိထောင်းဗူးများမှာ ရသာစုံ "တုံတုံ"(ပဲခူး) ပုဇွန် ငါးပိထောင်းအမှတ်တံဆိပ်ဖြင့် နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်ပါအတိအကျဖော်ပြလျက် နိုင်ငံတော်မှထုတ်ပြန်သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများအတိုင်း အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ရသာစုံ "တုံတုံ" (ပဲခူး)ပုဇွန်ငါးပိထောင်းအမှတ်တံဆိပ်ကို ဆင်တူရိုးမှား၊ အတုအပထုတ်လုပ်နေခြင်းအား ဆက်လက်ဆောင်ရွက်ခြင်းမပြုကြပါရန်နှင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**နိုင်ငံ တစ်ဝန်း စိမ်းလန်းဖို့ သစ်တော သစ်ပင် စိုက်ပျိုးစို့**

ကချင်ပြည်နယ်

## ဒေါ့ဖုန်းယန်မြို့၌ စက်ချုပ်သင်တန်းဖွင့်

ဒေသခံတိုင်းရင်းသူလေးများ သက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန်ရည်ရွယ်၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၂၃/၂၀၁၅) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၁၄/၂၀၁၅) သင်တန်းဖွင့်ပွဲကို မေ ၄ ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိုးမောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလက အမှာစကားပြောကြားပြီး သင်တန်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးက အားပေးစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

# ဖီဖာဥက္ကဋ္ဌသစ် ရွေးကောက်ပွဲမှ နုတ်ထွက်မည်မဟုတ်ဟု ဂျော်ဒန်မင်းသား အလီဘင်အယ်လ်ဟူစိန် အတည်ပြု



ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌရာထူးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဂျော်ဒန်မင်းသား အလီဘင်အယ်လ်ဟူစိန်က အတည်ပြုပြောဆိုခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၃၉ နှစ်အရွယ်ရှိ အလီဘင်ဟူစိန်သည် ဖီဖာရွေးကောက်ပွဲဝင်ရန် စီစဉ်ထားမှုမှ နုတ်ထွက်မည်ဟု အစောပိုင်းက သတင်းများထွက်ပေါ်လာခဲ့ခြင်းကြောင့် ယခုကဲ့သို့ ပြောဆိုလိုက်ခြင်းဖြစ်သည်။ ဖီဖာဥက္ကဋ္ဌသစ် ရွေးကောက်ပွဲအား လာမည့် မေလ ၂၉ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ကျင်းပမည့် (၆၅)ကြိမ်မြောက် ဖီဖာကွန်ဂရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

မင်းသား အလီဘင်အယ်လ်ဟူစိန်သည် ဖီဖာဥက္ကဋ္ဌရာထူးအတွက် လက်ရှိဥက္ကဋ္ဌ ဆပ်ဘလတ္တာ၊ ဟော်လန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မိုက်ခဲလ်ဗန်ပါရက်ချ်၊ နာမည်ကျော် ပေါ်တူဂီကွင်းလယ်ကစားသမားဟောင်း လူးဝစ်ဖီဂိုတို့နှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

ဖီဖာဥက္ကဋ္ဌသစ်ရွေးကောက်ပွဲ၌ မင်းသားအလီဘင်အယ်လ်ဟူစိန် ပါဝင်ယှဉ်ပြိုင်ရေးနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်တွင် "ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက အင်တာနက်လူမှုရေးဝက်ဘ်ဆိုက်တွေမှာ မင်းသား အလီဘင်အယ်လ်ဟူစိန်ဟာ ဖီဖာလက်ရှိဥက္ကဋ္ဌ ဆပ်ဘလတ္တာကိုယှဉ်ပြိုင်မယ့် အခြားဥက္ကဋ္ဌလောင်းတစ်ဦးကိုသာ ထောက်ခံပြီး သူကိုယ်တိုင်ကတော့ ဖီဖာဥက္ကဋ္ဌသစ်ရွေးကောက်ပွဲဝင်ဖို့ စီစဉ်ထားမှုက နေနုတ်ထွက်ဖို့စဉ်းစားနေတယ်လို့ ဖော်ပြခဲ့ကြပါတယ်။ ဒါပေမယ့် အလီဘင်အယ်လ်ဟူစိန်ကိုယ်တိုင်ကတော့ ဖီဖာဥက္ကဋ္ဌသစ်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်တယ်လို့ ပြီးခဲ့တဲ့တနင်္လာနေ့မှာ အခိုင်အမာပြောဆိုခဲ့ပါတယ်။ သူဟာ အခြားနိုင်ငံအချို့က ဘောလုံးအဖွဲ့ချုပ်တွေဆီ သွားရောက်လည်ပတ်ခဲ့ချိန်မှာ အဲဒီဘောလုံးအဖွဲ့ ချုပ်တွေဆီက ထောက်ခံမှုနဲ့ အပြုသဘောဆောင်တဲ့ တုံ့ပြန်မှုတွေရရှိခဲ့ပါတယ်" ဟု ဖော်ပြထားသည်။

အလီဘင်အယ်လ်ဟူစိန်သည် ဂျော်ဒန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဖီဖာဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသူဖြစ်သည်။

ဖီဖာလက်ရှိဥက္ကဋ္ဌ ဆပ်ဘလတ္တာ (၇၉နှစ်)သည် ၁၉၉၈ ခုနှစ်ကတည်းက ဖီဖာဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး လက်ရှိအချိန်၌ ဖီဖာအတွင်း အကျင့်ပျက်ခြစားမှုများကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

# စံချိန်များနဲ့ ဂန္ထဝင်တွင်နေမယ့် ချယ်လ်ဆီးကပ္ပတိန် တယ်ရီ

အောင်ဇ




လွန်ခဲ့တဲ့ နှစ်နှစ်ကြာက ချယ်လ်ဆီးအသင်းကို မန်နေဂျာ ဘင်နီတက်ဇ် ကိုင်တွယ်ခဲ့စဉ်က ပြောခဲ့တဲ့စကားတစ်ခွန်းရှိတယ်။ အဲဒါကတော့ ချယ်လ်ဆီးအသင်းရဲ့ ကပ္ပတိန် တယ်ရီကို တစ်ပတ်အတွင်း နှစ်ပွဲပါဝင်ကစားနိုင်တဲ့ ကစားသမားတစ်ဦး မဟုတ်ဘူးဆိုတာပါပဲ။ အဲဒီအချိန်မှာ တယ်ရီကလည်း ဒူးဒဏ်ရာနဲ့ ရုန်းကန်နေရတဲ့အချိန်ဆိုတော့ ကြံ့ခိုင်မှုရရှိဖို့အတွက် အတော်ကလေးကို ရုန်းကန်နေခဲ့ရပါတယ်။ ဒါကြောင့်လည်း ဘင်နီတက်ဇ်ဟာ တယ်ရီရဲ့ကြံ့ခိုင်မှုနဲ့ ခြေစွမ်းတွေကို သံသယရှိခဲ့ပြီး အသင်းမှာပုံမှန်ထည့်သွင်းကစားစေခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့်လည်း အဲဒီ ၂၀၁၂-၁၃ ရာသီမှာဆိုရင် တယ်ရီဟာ ပရီမီယာလိဂ်ပွဲထွက်ခွင့် ၁၄ ပွဲပဲရရှိခဲ့ပါတယ်။

ဒါပေမယ့် မန်နေဂျာလောကမှာ အောင်မြင်မှုတွေရရှိနေခဲ့တဲ့ ဘင်နီတက်ဇ်ရဲ့ မှတ်ချက်ချပြောဆိုမှုတွေကတော့ မှားသွားပြီလို့ဆိုရတော့မှာပါ။ ဘင်နီတက်ဇ်အနေနဲ့ တယ်ရီရဲ့အရည်အသွေးနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က ပြောဆိုခဲ့ပေမယ့် လက်ရှိအချိန်မှာ အသက် ၃၄ နှစ်ရှိနေပြီဖြစ်တဲ့ တယ်ရီရဲ့ကြံ့ခိုင်မှုနဲ့ ခြေစွမ်းတွေကတော့ အကောင်းဆုံးရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာတော့ တယ်ရီဟာ အသင်းနဲ့အတူ ပရီမီယာလိဂ် ၃၅ ပွဲလုံး ဝင်ကစားထားခဲ့ပြီး မကြာသေးခင်ကပင် ပရီမီယာလိဂ်ဆုဖလားကိုလည်း ရယူထားနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ တယ်ရီရဲ့ အသင်းရဲ့ပြိုင်ပွဲစုံမှာ ပါဝင်ကစားခဲ့တဲ့ ပွဲစုစုပေါင်းကို ကြည့်မယ်ဆိုရင်လည်း ၄၆ ပွဲရှိတာကြောင့် တစ်ချိန်က ဘင်နီတက်ဇ်ရဲ့ မှတ်ချက်ချပြောဆိုမှုတွေဟာ ရယ်စရာအဖြစ်ရှိနေခဲ့ပြီလည်း ဖြစ်ပါတယ်။ တယ်ရီအတွက်တော့ ဒီရာသီဟာ သူ့ကစားသမားဘဝအတွက် အကောင်းဆုံးရာသီတစ်ခုလည်းဖြစ်ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးအသင်းကစားရမယ့် လက်ကျန်သုံးပွဲစလုံးမှာသာ တယ်ရီအနေနဲ့ ပါဝင်ကစားခဲ့မယ်ဆိုရင်တော့ သူ ၂၀၁၀ ပြည့်နှစ်ကတင်ထားတဲ့ ၃၇ ပွဲကစားနိုင်ခဲ့တဲ့ စံချိန်ကိုလည်း ဖြတ်ကျော်နိုင်မှာဖြစ်ပါတယ်။

တကယ်တော့ ချယ်လ်ဆီးအသင်းရဲ့ အောင်မြင်မှုတွေကိုကြည့်မယ်ဆိုရင်လည်း တယ်ရီရဲ့ ခြေစွမ်းပြကစားနိုင်မှုတွေ အသင်းရဲ့ အဓိကအခန်းကဏ္ဍမှာ ပါဝင်တာကို တွေ့ရမှာပါ။ ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်ဆုဖလားရရှိခဲ့တဲ့ ၂၀၀၄-၀၅၊ ၂၀၀၅-၀၆ တို့မှာဆိုရင် တယ်ရီရဲ့ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်မှာ ပါဝင်ကစားခဲ့တဲ့ပွဲတွေဟာ ၃၆ ပွဲအထိ ရှိတာကိုတွေ့ရမှာပါ။ ဒါ့အပြင် ပရီမီယာလိဂ်ဆုဖလား ထပ်မံရရှိခဲ့တဲ့ ၂၀၀၉-၁၀ ရာသီမှာဆိုရင်လည်း တယ်ရီဟာ အသင်းမှာ ပရီမီယာလိဂ် ၃၇ ပွဲအထိ ပါဝင်ကစားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း တယ်ရီရဲ့ ချယ်လ်ဆီးအသင်းမှာ ပုံမှန်ကစားခွင့်ရရှိနေခြင်းဟာ အသင်းရဲ့ ဆုဖလားမျှော်လင့်ချက်တွေကိုလည်း ပိုမိုတောက်ပြောင်စေတယ်လို့ ပြောရမှာပါ။

ဒါတင်မကပါဘူး။ ချယ်လ်ဆီးအသင်း ကပ္ပတိန် တယ်ရီဟာ ပြီးခဲ့တဲ့ရက်ပိုင်းက ကစားခဲ့တဲ့ လက်စတာအသင်းနဲ့ပွဲမှာလည်း ဂိုးသွင်းယူပေးခဲ့ပါတယ်။ အဲဒီဂိုးဟာ ဒီရာသီမှာတော့ တယ်ရီရဲ့ လေးဂိုးမြောက် ပရီမီယာလိဂ်သွင်းဂိုးလို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း တယ်ရီဟာ ပရီမီယာလိဂ်ရဲ့ အမြဲတမ်းဂိုးသွင်းအများဆုံး ခံစစ်မှူးအဖြစ် စံချိန်တင်ထားတဲ့ အမ်စ်ဝက်သ်ရဲ့ ၃၈ ဂိုး စံချိန်နဲ့ အတူတူရှိနေပြီဖြစ်ပါတယ်။ တကယ်တော့ အမ်စ်ဝက်ဘ်ဟာ ယခုလို စံချိန်တင်ရခြင်းမှာ ပယ်နယ်တီဂိုးများကြောင့်ဖြစ်ပေမယ့် တယ်ရီရဲ့ သွင်းဂိုးတော်တော်များကတော့ သူ့ရဲ့နာမည်ကျော် ခေါင်းတိုက်ဂိုးတွေကြောင့် ဖြစ်ပါတယ်။

တယ်ရီရဲ့နောက်မှာ စံချိန်တင်ထားတဲ့ ခံစစ်မှူးတွေကတော့ အီလန်ဟတ် ၂၈ ဂိုး၊ လေတန်ဘိန်းစ် ၂၆ ဂိုးနဲ့ သူ့ရဲ့ကစားဖော်ဟောင်းဖြစ်တဲ့ ဂါးလ်လက်စ် ၂၅ ဂိုးတို့ပဲဖြစ်ပါတယ်။ ဒါ့အပြင် တယ်ရီဟာ မကြာသေးခင်ကပင် ချယ်လ်ဆီးအသင်းနဲ့ တစ်နှစ် စာချုပ်သစ် ထပ်မံချုပ်ဆိုထားတာကြောင့် လာမယ့်ရာသီအထိ အသင်းမှာ ဆက်လက်ရှိနေမှာဖြစ်ပါတယ်။ ဒါကြောင့် တယ်ရီအနေနဲ့ လာမယ့်ပွဲတွေနဲ့ ဒါမှမဟုတ် လာမယ့်ရာသီတွေမှာသာ အသင်းနဲ့အတူ ဂိုးတွေသွင်းယူခဲ့မယ်ဆိုရင်တော့ ပရီမီယာလိဂ်ရဲ့ စံချိန်သစ်ထပ်တင်ရမယ့် ခံစစ်မှူးတစ်ဦး ဖြစ်လာမှာလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းရဲ့ ငယ်မွေးခြံပေါက်လို့ ပြောလို့ရတဲ့ တယ်ရီဟာ ချယ်လ်ဆီးအသင်းမှာ ၁၉၉၈ နှစ်မှာကနေ စတင်ပါဝင်ကစားခဲ့ပြီး လက်ရှိကစားနေတဲ့ရာသီအထိ အသင်းနဲ့အတူ ပရီမီယာလိဂ်ဆုဖလား လေးကြိမ်၊ အက်ဖ်အေဖလား ငါးကြိမ်၊ ကက်ပီတယ်ဝမ်းဆုဖလား သုံးကြိမ်၊ ယူရိုပါလိဂ်ဆုဖလား တစ်ကြိမ်နဲ့ ချန်ပီယံလိဂ်ဆုဖလား တစ်ကြိမ် ရယူထားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဒါကြောင့် တယ်ရီဟာ ချယ်လ်ဆီးအသင်းရဲ့ ကလပ်သမိုင်းမှာတော့ အပြောင်မြောက်ဆုံးနဲ့ အဓိကအရေးပါဆုံး ကစားသမားတစ်ဦးအဖြစ် သမိုင်းမှတ်တမ်းဝင်နေမယ့် ကစားသမားတစ်ဦးအဖြစ် ရှိနေမှာ အမှန်ပဲဖြစ်ပါတော့တယ်။

**ပရီမီယာလိဂ်၏ စံချိန်တင် နောက်တန်းဂိုးသွင်းရှင်များ**

| ကစားသမား | ဂိုး |
| --- | --- |
| တယ်ရီ | ၃၈ |
| အမ်စ်ဝက် | ၃၈ |
| အီလန်ဟတ် | ၂၈ |
| လေတန်ဘိန်းစ် | ၂၆ |
| ဝီလီယန်ဂါးလက်စ် | ၂၅ |

**တယ်ရီ၏ ကစားသမားမှတ်တမ်း**

| ရာသီ | ပွဲ | ဂိုး |
| --- | --- | --- |
| ၁၉၉၈-၉၉ | ၂ | ၀ |
| ၁၉၉၉-၀၀ | ၄ | ၀ |
| ၂၀၀၀-၀၁ | ၂၂ | ၁ |
| ၂၀၀၁-၀၂ | ၃၃ | ၁ |
| ၂၀၀၂-၀၃ | ၂၀ | ၃ |
| ၂၀၀၃-၀၄ | ၃၃ | ၂ |
| ၂၀၀၄-၀၅ | ၃၆ | ၃ |
| ၂၀၀၅-၀၆ | ၃၆ | ၄ |
| ၂၀၀၆-၀၇ | ၂၈ | ၁ |
| ၂၀၀၇-၀၈ | ၂၃ | ၁ |
| ၂၀၀၉-၁၀ | ၃၅ | ၁ |
| ၂၀၁၀-၁၁ | ၃၃ | ၃ |
| ၂၀၁၁-၁၂ | ၃၁ | ၆ |
| ၂၀၁၂-၁၃ | ၁၄ | ၄ |
| ၂၀၁၃-၁၄ | ၃၄ | ၂ |
| ၂၀၁၄-၁၅ | ၃၅ | ၄ |

မြန်မာ့အလင်း
၈-၅-၂၀၁၅ (သောကြာနေ့)

# CHELSEA VS LIVERPOOL

| | | | |
|---|---|---|---|
| Competition | - Premier League | Date | - 10 May 2015 |
| Game week | - 36 | Kick-off | - 21:30 |
| Venue | - Stamford Bridge (London) | | |

လာမယ့် မေ ၉၊ ၁၀၊ ၁၁ ရက်တွေမှာ ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ် (၃၆)က ချယ်လ်ဆီးနဲ့ လီဗာပူးဆုံတဲ့ပွဲဖြစ်ပါတယ်။ လက်ရှိမှာ လီဗာပူးဟာ ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်ရှိနေလို့ ချယ်လ်ဆီးကို အန်တုနိုင်မလားဆိုတာ စောင့်ကြည့်ရမယ်။

## PREDICTED TEAM

အခုနောက်ပိုင်းပွဲတွေမှာ ချယ်လ်ဆီးဟာ တိုက်စစ်ကိုအလွန်အကျွံဖွင့်မကစားဘူး။ အထူးသဖြင့် ဂိုးမပေးရရေးကို ဦးစားပေးကစားနေရာမှာ တယ်ရီ၊ အိုင်ဗန်နိုဗစ်၊ ကာဟေးလ်နဲ့ အက်စ်ပီလီကျူတာတို့ခံစစ်ကတော့ ကျစ်လျစ်တည်ငြိမ်မှုရှိသလို မာတစ်၊ ဖာဘရီဂတ်စ်တို့ရဲ့ ကွင်းလယ်ကလည်း ခံစစ်ကို အပြည့်အဝထောက်ပံ့မှုပေးနိုင်တယ်။

## PREDICTED TEAM

လီဗာပူးရဲ့ လက်ရှိအားအနည်းဆုံးနေရာကတော့ တိုက်စစ်ပိုင်းပဲ။ စတာရစ်၊ ဘာလော့တယ်လီ၊ လမ်းဘတ်စတဲ့တိုက်စစ်မှူးတိုင်းဟာ ပုံမှန်ဂိုးသွင်းခြေမရှိကြဘူး။ စတားလင်းက ထိုးဖောက်ကစားပုံကောင်းပေမယ့် အဆုံးသတ်ပိုင်းက အားနည်းတာကြောင့် လီဗာပူးဟာ ဂိုးရဖို့ကွင်းလယ်ကစားသမားတွေအပေါ် ပိုအမှီပြုနေရတယ်။

## KEY PLAYER

ချယ်လ်ဆီးရဲ့လက်ရှိ စုဖွဲ့မှုဟာ ဟာဇတ် အရေးပါအရာရောက်သူ တစ်ဦးဖြစ်ပေမယ့် ဖာဘရီဂတ်စ်ရဲ့အခန်းကဏ္ဍကို မေ့ထားလို့မရဘူး။ အထူးသဖြင့် မာတစ်ဟာ ကွင်းလယ်ကနေ ပြိုင်ဘက်ထိုးစစ်ကို ကြိုတင်ဟန့်တားရာမှာ အကောင်းဆုံးဖြစ်ပြီး မော်ရင်ညိုရဲ့ ဗျူဟာနဲ့လည်း အံဝင်သူဖြစ်တယ်။



## KEY PLAYER

လက်ရှိအချိန်မှာတော့ ကော်တင်ဟိုဟာ လီဗာပူးအသင်းရဲ့ အဓိက အကျဆုံးကစားသမားပဲ။ တိုက်စစ်မှူးတွေ အဆုံးသတ်ပိုင်းမသေချာတဲ့ လက်ရှိအခြေအနေမှာကော်တင်ဟိုဟာ ကွင်းလယ်ကို အကောင်းဆုံးဦးဆောင်ပြီး ဂိုးတွေပါသွင်းယူပေးနေတာတွေ့ရတယ်။



## OTHER MATCHES

### အဲဗာတန် - ဆန်းဒါးလန်း

ဆန်းဒါးလန်းက တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာ ဖြစ်တာကြောင့် အဲဗာတန်ကို တုံ့ပြန်နိုင်မှာပါ။ အိမ်ကွင်း ဖြစ်ပေမယ့် အဲဗာတန်နိုင်ရင်တောင် မပြတ်သားဘူး။

### ဗီလာ - ဝက်စ်ဟမ်း

လက်ရှိခြေစွမ်းပိုင်းကောင်းမွန်နေတဲ့အပြင် တန်းမဆင်းရဖို့ အားစိုက်လာမယ့် ဗီလာရဲ့အိမ်ကွင်းရှုန်းကန်အားကို ဝက်စ်ဟမ်းတို့ ထိန်းချုပ်ဖို့ခက်မယ်။ ဗီလာပဲ ကပ်နိုင်ခြေရှိတယ်။

### ဟားလ် - ဘန်လေ

တန်းမဆင်းရဖို့ ရုန်းနေပေမယ့် ဘန်လေဟာ တိုက်စစ်က အားနည်းမှုတွေရှိတယ်။ လက်ရှိခြေအရ ဟားလ်က ပိုကောင်းသလို အိမ်ကွင်းလည်းဖြစ်လို့ ဟားလ်ပဲနိုင်မယ်။

### လက်စတာ - ဆောက်သမ်တန်

လက်စတာခြေကောင်းနေပြီး ဒီပွဲမှာလည်း တန်းမဆင်းရဖို့ အားစိုက်မှာဖြစ်ပေမယ့်လည်း ဆောက်သမ်တန်က အမှားထပ်အဖြစ်ခံမှာ မဟုတ်တော့ဘူး။ သရေကျဖို့များတယ်။

### ကာဆယ် - ဝက်စ်ဘရွန်း

လက်ရှိကာဆယ်ရဲ့ ထိုးစစ်ကစားပုံက အားပျော့လို့ ခံစစ်မာတဲ့ ဝက်စ်ဘရွန်းကို အသာရဖို့ခက်မယ်။ ကာဆယ် သရေလောက်ပဲရမယ်။

### စတုတ် - စပါး

စတုတ်အိမ်ကွင်းမာတယ်ဆိုပေမယ့် စပါးကလည်း ဥရောပ ဝင်ခွင့်အတွက် အမှားခံမှာမဟုတ်တော့ဘူး။ စပါးကသာ ကပ်နိုင်သွားမယ်။

### ပဲလေ့စ် - မန်ယူ

သုံးပွဲဆက်ရှုံးမှုကို ရပ်တန့်ဖို့ ကြိုးစားမှာပါ။ ပဲလေ့စ်ခြေကလည်း သာမန်သာရှိတာကြောင့် မန်ယူနိုင်ပွဲပြန်ရဖို့ရှိတယ်။

### မန်စီးတီး - ကျူပီအာ

ကျူပီအာက တန်းမဆင်းရဖို့ ရုန်းနေရပေမယ့် ကစားပုံက အားနည်းမှုတွေများနေတယ်။ အိမ်ကွင်းမှာ မန်စီးတီးကသာ နိုင်ပွဲရသွားမယ်။

### အာဆင်နယ် - ဆွမ်ဆီး

ဆွမ်ဆီးခြေမဆိုးပေမယ့် ကစားပုံကောင်းနေတဲ့ အာဆင်နယ်ကိုတော့ ထိန်းချုပ်ဖို့ခက်မယ်။ အာဆင်နယ်ပဲ အိမ်ကွင်းနိုင်ပွဲရမှာပါ။

POSSIBLE LINEUP (4-2-3-1) CHELSEA




POSSIBLE LINEUP (4-3-3) LIVERPOOL




# ရာသီလက်ကျန်ပွဲများကို ချယ်လ်ဆီးကစားသမား အော်စကာ လွဲချော်မည်

ချယ်လ်ဆီးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား အော်စကာက သူသည် ချယ်လ်ဆီးအသင်း၏ ၂၀၁၄-၁၅ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ ရာသီလက်ကျန်သုံးပွဲတွင် ပါဝင်ကစားနိုင်တော့မည်မဟုတ်ကြောင်း အတည်ပြုပြောဆို လိုက်သည်။ ထို့အပြင် အသက် ၂၃ နှစ်အရွယ်ရှိ ဘရာဇီးကစားသမား အော်စကာသည် ဒဏ်ရာကြောင့် လာမည့်လအတွင်း ကျင်းပ



မည့် ၂၀၁၅ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲကိုလည်း လွဲချော်မည်ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမားအော်စကာသည် ဘရာဇီးအသင်း နည်းပြဒွန်ဂါ၏ လက်အောက်တွင် ပုံမှန်ပါဝင်ခွင့်ရရှိခဲ့သော်လည်း ချယ်လ်ဆီးအသင်းနှင့်အတူ လေ့ကျင့်မှုပြုလုပ်စဉ် ဒဏ်ရာပြဿနာနှင့် ကြုံတွေ့ခဲ့ရခြင်းကြောင့် ၂၀၁၅ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲဝင်မည့် ဘရာဇီးအသင်း၏ ကစားသမား ၂၃ ဦးစာရင်းတွင် ပါဝင်ခဲ့ခြင်းမရှိခဲ့ပေ။

ချယ်လ်ဆီးအသင်းမန်နေဂျာ မော်ရင်ညိုက အော်စကာ၏ ဒဏ်ရာသည် ကိုပါအမေရိကဖလားပြိုင်ပွဲအမီ ပျောက်ကင်းမည်မဟုတ်ကြောင်း ဘရာဇီးအသင်းနည်းပြဒွန်ဂါကို ပြောဆိုခဲ့သည်။

ဘရာဇီးအသင်းနည်းပြ ဒွန်ဂါကလည်း “အော်စကာဟာ ချယ်လ်ဆီးအသင်းနဲ့ လေ့ကျင့်မှုပြုလုပ်စဉ်မှာ ဒဏ်ရာရရှိခဲ့တယ်။ ကျွန်တော်နဲ့ ချယ်လ်ဆီး မန်နေဂျာ မော်ရင်ညို၊ ချယ်လ်ဆီးအသင်း ဆေးအဖွဲ့တို့စကားပြောပြီးပါပြီ။ အော်စကာအတွက် အချိန်ယူဖို့လိုပါတယ်။ ကျွန်တော်တို့အနေနဲ့ အော်စကာကို အန္တရာယ်မဖြစ်စေချင်ပါဘူး။ ကိုပါအမေရိကဖလားပြိုင်ပွဲပြီးရင် ဘရာဇီးအသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေကစားဖို့ ရှိနေပါသေးတယ်။ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာသာ အော်စကာပါဝင်ကစားဖို့ သင့်တော်ပါတယ်”ဟု ပြောသွားသည်။

အော်စကာက “ဒဏ်ရာပြဿနာကြောင့် ကိုပါအမေရိကဖလားပြိုင်ပွဲမှာ ဘရာဇီးအသင်းနဲ့အတူ ပါဝင်နိုင်မှာမဟုတ်လို့ ကျွန်တော်အလွန်ဝမ်းနည်းမိပါတယ်။ ကျွန်တော့်အပေါ် ဂရုစိုက်မှုအားလုံးအတွက် ကျေးဇူးတင်ပါတယ်”ဟု သူ၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ဘရာဇီးလက်ရွေးစင်အသင်းအတွက် ၄၅ ပွဲ ပါဝင်ကစားကာ ၁၂ ဂိုး သွင်းယူပေးထားသူ အော်စကာသည် ၂၀၁၄-၁၅ ခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီးအတွက် စုစုပေါင်း ပွဲ ၄၀ ပါဝင်ကစားခဲ့ကာ ခုနစ်ဂိုး သွင်းယူပေးခဲ့သူဖြစ်သည်။

ယခုနှစ် ပရီမီယာလိဂ်ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ပြီဖြစ်သည့် ချယ်လ်ဆီးအသင်းသည် ရာသီလက်ကျန်ပွဲများအဖြစ် လီဗာပူး၊ ဝက်စ်ဘရွန်း၊ ဆန်းဒါးလန်းတို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ■

## ပရီမီယာလိဂ်ပွဲစဉ်(၃၆)

| | | | |
|---|---|---|---|
| **စနေနေ့ (၉-၅-၁၅)** | | | |
| ည ၆း၁၅ | အဲဗာတန် | - | ဆန်းဒါးလန်း |
| ည ၈း၃၀ | ဗီလာ | - | ဝက်စ်ဟမ်း |
| ည ၈း၃၀ | ဟားလ် | - | ဘန်လေ |
| ည ၈း၃၀ | လက်စတာ | - | ဆောက်သမ်တန် |
| ည ၈း၃၀ | ကာဆယ် | - | ဝက်စ်ဘရွန်း |
| ည ၈း၃၀ | စတုတ် | - | စပါး |
| ည ၁၁း၀၀ | ပဲလေ့စ် | - | မန်ယူ |
| **တနင်္ဂနွေနေ့ (၁၀-၅-၁၅)** | | | |
| ည ၇း၀၀ | မန်စီးတီး | - | ကျူပီအာ |
| ည ၉း၃၀ | ချယ်လ်ဆီး | - | လီဗာပူး |
| **တနင်္လာနေ့ (၁၁-၅-၁၅)** | | | |
| နံနက် ၁း၃၀ | အာဆင်နယ် | - | ဆွမ်ဆီး |